# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၈ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၃၄၁)


# ရန်ကုန်မြို့တွင် ကိုဗစ်ရောဂါ ထိန်းချုပ်ရန် အထူးလိုအပ်နေ

## ပြည်သူသာလျှင် အဓိကဆိုသည်မှာ စကားအရမဟုတ်ဘဲ အလုပ်အရ တွေးထားသည့် ကိစ္စဖြစ်

## တကယ့်ကို ပြည်သူသည် အဓိကကျပြီး ပြည်သူပါဝင်မှု မည်သည့်လုပ်ငန်းမဆို အောင်မြင်နိုင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသစောင့်ရှောက်ရေးအတွက် Quarantine Center များနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသည့် We Love Yangon၊ EC Member ဦးမောင်မောင်အေး၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချစ်ကိုဟန်၊ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် စက်တင်ဘာ ၇

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသစောင့်ရှောက်ရေးအတွက် Quarantine Center များနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသည့် We Love Yangon၊ EC Member ဦးမောင်မောင်အေး၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချစ်ကိုဟန်၊ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**"အစိုးရအနေဖြင့် မည်သူ့ကိုမှ ကိုဗစ်ရောဂါရ၍ဆိုပြီး အပြစ်မမြင်၊ အရေးကြီးသည်မှာ ရောဂါရှိနေသူများကို မြန်မြန်ရှာဖွေပြီး မြန်မြန်ကုသမှုပေးရန်ဖြစ်၊ သို့မှသာ ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်"**

**သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ကိုဗစ်-၁၉ ဆိုင်ရာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု တင်းကျပ်ထားသည့်အချိန်ထပ်တိုး** စာ-၁၂


# ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ

## ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# ပြည်သူ့အင်အားဖြင့် အရာရာကို ရင်ဆိုင်ကြမည်

မြန်မာနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်-၁၉ ကူးစက်ပျံ့နှံ့နေမှုသည် ယခုရက်ပိုင်း၌ သိသိသာသာ မြန်ဆန်လာပါသည်။

ရခိုင်ပြည်နယ်၌ ပိုးကူးစက်မှုများပြားမြန်ဆန်ရာမှ ဂရုတစိုက်ထိန်းချုပ်ကန့်သတ်မှုများကြောင့် အတော်ပင်တည်ငြိမ်လာသည်ဟု ဆိုရပါမည်။ သို့သော်လည်း တစ်နိုင်ငံလုံးအနေဖြင့် တိုးမြင့်လာသည့် ကူးစက်ပြန့်ပွားနှုန်းမှာ တိုးတိုးလာနေသည့်အတွက် ရက်ပိုင်းအတွင်းမှာပင် ထောင်ကျော်လာသည့်အဖြစ်သို့ ရောက်ခဲ့ပေသည်။

ထိုသို့ ကူးစက်ပြန့်ပွားရာတွင် ရန်ကုန်နယ်နိမိတ်အတွင်း ပျံ့နှံ့မှုက လွန်စွာပင် သိသိသာသာ တိုးမြင့်လာ၏။ ရန်ကုန်သည် အနယ်နယ်မှ လူအမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် မြို့ဖြစ်၏။ မြို့ပြတိုးတက်ဖွံ့ဖြိုးမှုတို့တွင် တွေ့ရလေ့ရှိသည့် သဘာဝအတိုင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ အနုပညာ အစရှိသည့် နယ်ပယ်တိုင်းအတွက် ထွန်းကားမြင့်မားရန် လမ်းစကို ရှာလိုသူတို့အဖို့ မြို့ပြများသည် မျှော်လင့်ချက်ဖြစ်၏။ ပြည်တွင်းတွင်သာမက နိုင်ငံတကာသို့ တစ်ဆင့်လှမ်းလိုသူတို့အတွက်သည်လည်း ရန်ကုန်သည် အိပ်မက်တစ်ခုသဖွယ်ဖြစ်နေ၏။ ထို့ကြောင့်ပင် အနယ်နယ်မှ လာရောက်အခြေချကြ၊ လမ်းစရှာကြ၊ ပညာသင်ကြရင်း မိမိ၏ အတတ်ပညာ အနုပညာ အရည်အသွေး၊ လုပ်ရည်ကိုင်ရည်တို့ကို အစွမ်းပြနိုင်မည့် လွင်ပြင်ကြီးတစ်ခုအလား ဖြစ်ပါ၏။

ဤသို့ဖြင့် ရန်ကုန်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်မှ သူတို့ဖြင့် စည်ကားနေသည့် မြို့ဖြစ်နေ၏။ ယခုကဲ့သို့သော ကူးစက်ရောဂါမျိုး ဝင်ရောက်လာသည့်အခါ ကူးစက်ရန် အခွင့်အလမ်းပိုများနေသလို ရန်ကုန်မှတစ်ဆင့် အခြားဒေသများသို့ ကူးစက်ပြန့်ပွားနိုင်သည့် ရင်းမြစ်ဒေသလိုလည်းဖြစ်နေ၏။ ထို့ကြောင့်ပင် ရန်ကုန်လူထုသည် သတိကြီးကြီးဖြင့် နေထိုင်ရင်ဆိုင်ကြရန် လိုပါသည်။

ယခုဆိုလျှင် ရန်ကုန်မြို့ ရောဂါပိုးထိန်းချုပ်ရန် အတားအဆီး ပြုထားသည့် ကွာရင်တင်းစင်တာများနှင့် ဆေးရုံများတွင် ရောဂါပိုး ကူးစက်ခံထားရသည်ဟု သံသယရှိသည့် လူနာများ၊ နိုင်ငံရပ်ခြားမှ ဝင်ရောက်လာသည့်သူများ၊ ပိုးကူးစက်ခံရနိုင်ခြေရှိသူများ၊ ပိုးရှိသူတို့နှင့် အထိအတွေ့ရှိသူများ၊ ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအတည်ပြုထားသူများ စသည်ဖြင့် အတော်ပင်များပြားနေပြီ ဖြစ်သည်။

ထိုသို့သောသူများအတွက် နေထိုင်ရေး၊ ကုသရေး၊ စမ်းသပ် စစ်ဆေးရေး အစစသော လုပ်ငန်းရပ်များအတွက် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတကူညီလုပ်ဆောင်ပေးနေသူများက ဝိုင်းဝန်းတာဝန်ယူ ဆောင်ရွက်ပေးနေရပါသည်။ အချိန်အားဖြင့် ရှစ်လခန့်ကြာ တာဝန်ယူဆောင်ရွက်နေရသည်ဖြစ်သည့်ပြင် ဝန်နှင့်အား မမျှတမှုလည်း ရှိနေသည်ဖြစ်ရာ ဝိုင်းဝန်းဆောင်ရွက်နေသူတို့မှာ များစွာပင်ပန်းနေပြီဆိုသည်ကို ကရုဏာစိတ်ဖြင့် စာနာကြရန်လည်း လိုပါမည်။ ထိုစာနာစိတ်ကို အရင်းခံ၍ မိမိတို့ကိုယ်ကိုယ် ပိုးကူးစက်ခြင်းမခံရအောင် သတိပြုနေထိုင်ခြင်းဖြင့်လည်းကောင်း၊ ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် စည်းကမ်းဥပဒေများကို လိုက်နာကြခြင်းတို့ဖြင့်လည်းကောင်း ကူညီကြရန် ဖြစ်ပါသည်။

ယခုလို ကပ်ရောဂါဘေးဖြင့် ရင်ဆိုင်နေရချိန်တွင် ကိုယ်ရေးကိုယ်တာ အဆင်မပြေဖြစ်ရသည့် အချို့သောကိစ္စများကို အတတ်နိုင်ဆုံး သည်းခံကြ၍ စည်းမျဉ်းများကို အလေးအနက်ထား စောင့်ထိန်းလိုက်နာကြခြင်းက မိမိတို့ တစ်ကိုယ်ချင်းအတွက်ရော၊ မိသားစုအတွက်သာမက နိုင်ငံနှင့် လူမျိုးအတွက်ကိုပါ များစွာအထောက်အကူဖြစ်ပါမည်။

ကိုဗစ်ရောဂါပိုးသည် မည်သူ့ကိုမဆို ဝင်ရောက်နိုင်သည့် ရောဂါပိုးဖြစ်၏။ တစ်ဦးဦးထံ၌ ရောဂါပိုးရှိနေသည်ကို ဓာတ်ခွဲစစ်ဆေးပြီးမှ ပြောနိုင်၏။ အချို့က ရောဂါပိုးရှိနေသော်လည်း မည်သည့်လက္ခဏာမှ မပြဘဲ ရှိနေကာ အခြားသူဆီသို့ ကူးစက်နိုင်၏။ ထို့ကြောင့် နေထိုင်မှုပုံစံပေါ်တည်ကာ မိမိတို့ထံသို့ ရောဂါပိုး အချိန်မရွေးဝင်ရောက်လာနိုင်၏ ဆိုသည်ကို သတိထားကြရန်ဖြစ်ပါသည်။

အစိုးရိမ်တကြီးဖြစ်နေရန် မလိုအပ်သော်လည်း သတိရှိရှိဖြင့် နေထိုင်ကြခြင်း၊ ပြည်ပ သို့မဟုတ် ရောဂါပိုးကူးစက်မှုများပြားနေသည့် ဒေသတစ်ခုခုမှ ဝင်ရောက်လာသည်ကိုသိလျှင် အနီးဆုံး ကျန်းမာရေးဌာနများကို အသိပေးအကြောင်းကြားခြင်းဖြင့် စာနာကူညီရာရောက်မည် ဖြစ်ပါသည်။ ပရဟိတဝိုင်းဝန်းသူများအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊ အခြားသော ကျန်းမာရေးဆိုင်ရာ နေမှုထိုင်မှုဆိုင်ရာ လိုအပ်ပစ္စည်းများကို ဝိုင်းဝန်းထောက်ပံ့ကြခြင်းဖြင့်လည်း ကူညီနိုင်ကြမည်လည်း ဖြစ်ပါသည်။

အခြေခံကာကွယ်ရေးနည်းလမ်းများဖြစ်သော အိမ်တွင်းမှာသာ အတတ်နိုင်ဆုံး နေထိုင်ခြင်း၊ အပြင်ထွက်ရမည်ဆိုလျှင် မျက်နှာဖုံး နှာခေါင်းစည်း စသည်တို့ကို ဝတ်ဆင်ကြခြင်း၊ လက်ကို စနစ်တကျဖြင့် မကြာခဏ ဆေးကြောခြင်း၊ ပြင်ပသို့သွားရောက်ပါက အဝတ်အစားများကို ပြန်ရောက်သည်နှင့် လျှော်ဖွပ်ခြင်း၊ တစ်ခါသုံး နှာခေါင်းစည်းများကို အမှိုက်ပုံးအတွင်းသို့ စနစ်တကျစွန့်ပစ်ခြင်း၊ လူစုလူဝေးရှောင်ခြင်း၊ လူအချင်းချင်းကြား အနည်းဆုံး ခြောက်ပေခွာ နေထိုင်ကြခြင်း စသည်တို့ဖြင့် ဤကပ်ရောဂါ ဘေးကို ပြည်သူတို့ ညီညီညွတ်ညွတ် ရင်ဆိုင်ကြရပါမည်။ ပြည်သူ့အင်အားဖြင့် အခက်အခဲ အကျပ်အတည်းအားလုံးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID–19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ(၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း–Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ(၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေ သတ်မှတ်ရာ၌–

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀) ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀) ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာ ပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရ လည်းကောင်း၊ လူသားချင်းစာနာသော ရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ(Referral Letter) ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သော လူနာများအား နေပြည်တော်အဝင်ဂိတ်များတွင် ခွင်းချက်ဖြင့် လူနာနှင့် လူနာစောင့် (၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation room) တွင် ထားရှိ၍ COVID–19 ဓာတ်ခွဲနမူနာ အခမဲ့စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မှော်ဘီမြို့နယ် သစ်တောဦးစီးဌာနသို့ ကိုရီးယား အမျိုးသားသစ်တောဥယျာဉ်နှင့် AFoCO Secretariat တို့မှ နှာခေါင်းစည်း ၄၀၀၀ နှင့် ကွန်ပျူတာအလုံး ၅၀ လှူဒါန်း




ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ကိုရီးယားအမျိုးသားသစ်တောဥယျာဉ် (Korea National Arbore–tum) နှင့် အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း၊ အထွေထွေ အတွင်းရေးမှူးရုံးတို့က ပါးစပ်၊ နှာခေါင်းစည်း ၄၀၀၀ နှင့် ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အာရှဒေသ သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (AFoCO RETC) တွင် ကျင်းပသည်။

အခမ်းအနားတွင် AFoCO Secretariat ကိုယ်စားလှယ် Mr . Choi Sung Ho နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr.Lee Sang–hwa တို့က လှူဒါန်းသည့်ပစ္စည်းများနှင့် လှူဒါန်းရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လှူဒါန်းမှုအပေါ် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘာက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးက ပါးစပ်နှင့် နှာခေါင်းစည်း အခုရေ ၄၀၀၀ နှင့် ကွန်ပျူတာအလုံး ၅၀ တို့ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို (ပြန်/ဆက်)

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ



# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသစောင့်ရှောက်ရေးအတွက် Quarantine Center များနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသည့် We Love Yangon၊ EC Member ဦးမောင်မောင်အေး၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချစ်ကိုဟန်၊ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပထမဦးစွာ ပုဂ္ဂိုလ်ရေးအရ ပြောလိုသည်မှာ မိမိ၏ ရန်ကုန်ခြံဝင်းထဲ မှ Positive တစ်ဦးတွေ့ရှိခဲ့သည့်အတွက် တောင်းပန်ပါကြောင်း၊ အစိုးရအနေဖြင့် မည်သူ့ကိုမှ ကိုဗစ်ရောဂါရ၍ ဆိုပြီး အပြစ်မမြင်ပါကြောင်း၊အရေးကြီးသည်မှာ ရောဂါရှိနေသူများကို မြန်မြန်ရှာဖွေပြီး မြန်မြန်ကုသမှုပေးရန်ဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပြန်လာသည့် ပြည်သူများ၏ အမည်စာရင်းကို သတင်းစာထဲတွင် ထည့်သွင်းကြေညာပေးပြီး ဖြစ်ပါကြောင်း။

### ထပ်မံထည့်သွင်းကြေညာသွားမည်

၎င်းတို့ကို သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးရန် ပြောဆိုထားသော်လည်း တစ်ဝက်ခန့်မှာ ယခုထိ မဆက်သွယ်ကြပါကြောင်း၊ မဆက်သွယ်သည့်အတွက် လိပ်စာများနှင့်ပါ ထပ်မံထည့်သွင်းကြေညာသွားမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပတ်ဝန်းကျင် အိမ်နီးနားချင်းနှင့် မိတ်ဆွေများက မည်သူမည်ဝါဖြစ်သည်ကို သိရှိမည်ဖြစ်ပါကြောင်း၊ ယခုကိစ္စကို လွှတ်ထား၍မရပါကြောင်း၊ ရက်အပိုင်းအခြား၊ အချိန်အတိုင်းအတာတစ်ခု ပေးမည်ဖြစ်ကြောင်း၊ ထိုအချိန်အတွင်း မိမိသဘောဆန္ဒအရ မဆက်သွယ်ဘဲ နောက်ပိုင်းမှ မိမိပါမှန်းသိပါက အရေးယူရမည်ဖြစ်ပါကြောင်း၊ အရေးယူရာတွင်လည်း ဒဏ်ပေးချင်သည့် စိတ်ဖြင့်မဟုတ်ဘဲ သတိပေးချင်သည့် စိတ်ဖြင့်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မဆောင်ရွက်ပါက ရန်ကုန်ကဲ့သို့ နေရာမျိုးတွင် အမြန်ဆုံးပြန့်ပွားသွားနိုင်ပါကြောင်း။

### ဆက်လက်လည်ပတ်နိုင်ရမည်

ယခုအချိန်အတွင်း အားလုံးက အထူးသတိထားရန် လိုအပ်ပါကြောင်း၊ မိမိအနေဖြင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်သို့သွား၍ မဲဆန္ဒနယ်ဖြစ်သည့် ကော့မှူးမြို့သို့ သွားရောက်ရန်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် နိုင်ငံတော်အလုပ်တစ်ခု လုပ်ဆောင်ရန်ရှိပါကြောင်း၊ သို့သော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ခရီးသွားလာမှုကို သဘောမတူသည့်အတွက် ယင်းခရီးစဉ်ကို ဖျက်သိမ်းလိုက်ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာရန်နှင့် ယင်းဝန်ကြီးဌာနက သဘောမတူသည့် ကိစ္စများကို မလုပ်ရန်လိုကြောင်း၊ နိုင်ငံတော်ယန္တရားကြီးကို ကိုဗစ်ကြောင့် ရပ်သွားခြင်း မဖြစ်စေဘဲ ဆက်လက်လည်ပတ်နိုင်ရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ရမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင် ကိုဗစ်ရောဂါကို စတင်ထိန်းချုပ်နိုင်ပြီဟု မှန်းဆ၍ရပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်နေသည့် Case များသည် တက်လာခြင်းမရှိဘဲ တည်ငြိမ်သွားသည့် သဘောရှိပါကြောင်း၊ သို့သော် ရန်ကုန်တိုင်းဒေသကြီးတွင် များစွာပြန့်ပွားနေပါကြောင်း၊ ရန်ကုန်ကို စီးပွားရေးမြို့တော်ဟုပြောလျှင် မမှားပါကြောင်း၊ သံတမန်အများစုနှင့် နိုင်ငံခြား အဖွဲ့အစည်းများသည် ရန်ကုန်တွင် ရုံးစိုက်ကြပါကြောင်း၊ ရန်ကုန်သည် များစွာအရေးကြီးပြီး လူဦးရေအလွန်များပြားပါကြောင်း၊ ရန်ကုန်ကို ယခု ကိုဗစ်စိန်ခေါ်မှုကြီးကနေ မည်သည့်ပုံစံဖြင့် ကျော်လွှားထိန်းချုပ်နိုင်မည်ကို ဝိုင်းဝန်းစဉ်းစားပေးစေလိုပါကြောင်း ပြောကြားသည်။

### မြို့နယ်များသို့ မျှဝေပေး

ထို့နောက် We Love Yangon ၊ EC Member ဦးမောင်မောင်အေးက မိမိတို့ We Love Yangon တွင် Volunteer များစွာရှိပါကြောင်း၊ We Love Yangon ကို မတ် ၅ ရက်တွင် စတင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများနှင့် ပြည်ပရောက်ပြည်သူများက အလှူငွေများလှူဒါန်းကြပါကြောင်း၊ ယင်းအလှူငွေများကို မိမိတို့ စနစ်တကျ စီမံခန့်ခွဲပါကြောင်း၊ အခြေခံစားသောက်ကုန်များကို ဆင်းရဲနွမ်းပါးသည့် မြို့နယ်များသို့ မျှဝေပေးပါကြောင်း။

ထို့ပြင် အလှူရှင်များလှူဒါန်းသည့် ဆေးဝါးများ၊ ဆေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို တောင်ဥက္ကလာ ဆေးရုံနှင့် ဝေဘာဂီဆေးရုံသို့ သွားရောက်ပို့ဆောင်ပေးခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွက်လည်း ကူညီမျှဝေမည့် အစီအစဉ်ပြုလုပ်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွက် ရရှိသည့် အလှူငွေများကို လိုအပ်သည့်ပစ္စည်းများဝယ်ယူပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းကာ မျှဝေပေးခဲ့ပါကြောင်း၊ ယနေ့ Mask များ ဝေပေးခြင်း၊ ဈေးများတွင် အသိပညာပေးခြင်း၊ Lockdown နေရာများနှင့် ပတ်ဝန်းကျင်များကို ဆေးဖျန်းပေးခြင်း စသည့်လုပ်ငန်းများကို We Love Yangon အဖွဲ့က လုပ်ဆောင်ပေးနေပါကြောင်း ဆွေးနွေးတင်ပြသည်။

### လိုအပ်ချက်များကို ဖြည့်ဆည်းပေး

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချစ်ကိုဟန်က ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြင်ပမှလာသူများကို Quarantine Center ၌ အသွားအလာကန့်သတ်ပြီး ရောဂါ ရှိ၊ မရှိ ရှာဖွေ၍ ကုသခြင်း၊ ခွဲခြားခြင်းတို့ကို ဆောင်ရွက်ပါကြောင်း၊ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူ(၁၀၀၀)ကို Quarantine ထားရှိနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ဩဂုတ် (၁၀) ရက်မှ (၂၀) ရက်အတွင်း ပြန်လာသူများကို ကျန်းမာရေးဌာနသို့ သတင်းပို့ရန် ပြောကြားခဲ့ပါကြောင်း၊ (၁၀) ရက်မှ (၂၀) ရက်အတွင်း ပြန်လာသူများကို Quarantine Center များသို့ မခေါ်ဆောင်ဘဲ ၎င်းတို့၏ နေအိမ်များတွင် သီးသန့်နေထိုင်စေပြီး ရောဂါစစ်ဆေးရန် အစီအစဉ်များ ဆောင်ရွက်ပါကြောင်း၊ ရောဂါတွေ့ရှိမှု၊ မရှိမှုအပေါ်မူတည်၍ စီမံခန့်ခွဲပေးပါကြောင်း၊ သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ပေးသည့် အဖွဲ့များကို ကျေးဇူးတင်ရှိပါကြောင်း၊ ပို့ဆောင်ရေးများ ဆက်လက်ကူညီပေးရန် မေတ္တာရပ်ခံပါကြောင်း၊ ၎င်းအဖွဲ့များ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

ရခိုင်ပြည်နယ်မှ ပြန်လာသည့်ခရီးသည်များထဲမှ တစ်ဝက်ခန့် မဆက်သွယ်သေးသည်မှာ Quarantine ဝင်ရမည်ကို ကြောက်၍ဖြစ်နိုင်ပါကြောင်း၊ လူဦးရေ ၄၅၀၀ ကျော်သတင်းပို့ရန် လိုအပ်နေသေးပါကြောင်း၊ ၎င်းတို့ကို Quarantine သို့ ချက်ချင်းပို့မည်မဟုတ်ဘဲ ၎င်းတို့၏ အိမ်တွင် နေထိုင်စေမည်ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၄ သို့*

## ရခိုင်ပြည်နယ်မှ ပြန်လာသော ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့နောက်ပိုင်း ရခိုင်ပြည်နယ်မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် ပြည်သူများ၏ အမည်စာရင်းကို သတင်းစာများတွင် ထည့်သွင်းကြေညာထားပြီးဖြစ်သည်။ ၎င်းတို့ကို သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးရန် ပြောဆိုထားသော်လည်း တစ်ဝက်ခန့်မှာ ယခုထိ မဆက်သွယ်ကြပါ။ မဆက်သွယ်သည့်အတွက် လိပ်စာများနှင့်ပါ ထပ်မံထည့်သွင်းကြေညာသွားမည်ဖြစ်ပါသည်။ သို့မှသာ ပတ်ဝန်းကျင်အိမ်နီးနားချင်းနှင့် မိတ်ဆွေများက မည်သူမည်ဝါဖြစ်သည်ကို သိရှိမည်ဖြစ်ပါသည်။ ရက်အပိုင်းအခြား၊ အချိန်အတိုင်းအတာတစ်ခုပေးမည်ဖြစ်ပြီး ထိုအချိန်အတွင်း မိမိသဘောဆန္ဒအရ မဆက်သွယ်ဘဲ နောက်ပိုင်းမှ မိမိပါမှန်း သိပါက အရေးယူခံရမည်။

၂။ ရခိုင်ပြည်နယ်မှ ပြန်လာသည့်ခရီးသည်များထဲမှ တစ်ဝက်ခန့်သည် ယနေ့အထိ မဆက်သွယ်သေးဘဲ လူဦးရေ ၄၅၀၀ ကျော် ဆက်သွယ်သတင်းပို့ရန် လိုအပ်နေပါသည်။

၃။ ၎င်းတို့အနေဖြင့် မိမိကိုယ်တိုင်အတွက်လည်းကောင်း၊ မိမိ၏မိသားစုအတွက်လည်းကောင်း၊ မိမိတို့နေထိုင်ရာ ရပ်ကွက်/ ကျေးရွာအတွက် လည်းကောင်း၊ မိမိမြို့နယ်နှင့် ဒေသ၊ နိုင်ငံသူ နိုင်ငံသားများအတွက် လည်းကောင်း နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါသည်။

# နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် - မန္တလေး အမြန်လမ်းနှင့် လမ်းဟောင်း တချို့နေရာများတွင် ကားပေါ်မှ ဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ်ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက်ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့် ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်ဩခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၃ မှ*

၎င်းတို့ရောက်လာသည့်ရက်မှ ကူးစက်နိုင်သည့် ကာလ ၂၁ ရက်အတွင်း ရှိနေသည့်သူများ (သို့မဟုတ်) ၂၁ ရက်ကျော်သွားသည့်သူများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စိုးရိမ်ပူပန်စရာ မလိုပါကြောင်း။

### မသေနိုင်သော်လည်း မပေါ့ဆရန်လို

ရောဂါဖြစ်ပွားလာပါက သေဆုံးမှုနှုန်း မမြင့်မားပါကြောင်း၊ ဝေဒနာခံစားရမှု နည်းပါးပါကြောင်း၊ ရောဂါသည် မသေနိုင်သော်လည်း မပေါ့ဆရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ရောဂါဖြစ်သူများအတွက် ကုသမှုအပိုင်းနှင့် သီးခြားခွဲထားမှုအပိုင်းကို ပြန်လည်စဉ်းစားရန် လိုအပ်ပါကြောင်း။

ကိုဗစ်ရောဂါ၏ ပြင်းထန်မှုအပေါ်မူတည်ပြီး နောက်ဆက်တွဲအဖြစ် ခန္ဓာကိုယ်အတွင်းမှ အင်္ဂါများ ပျက်စီးခြင်း၊ သွေးကြောများရောင်ရမ်းခြင်းတို့ ရှိနိုင်ပါကြောင်း၊ ကိုဗစ်ရောဂါကို ပေါ့ဆ၍ မရပါကြောင်း၊ အလွန်အမင်းကြောက်နေ၍လည်း မရပါကြောင်း၊ ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက စက်တင်ဘာ ၂ ရက်မှစ၍ နေပြည်တော်ဂိတ်(၁၂)ဂိတ်ကို စိစစ်ကြပ်မတ်ခဲ့ပါကြောင်း၊ အမြန်လမ်းနှင့် လမ်းဟောင်း တချို့နေရာများတွင် ကားပေါ်မှဆင်းပြီး ဆိုင်ကယ်လမ်းများနှင့် ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများ ရှိသည်ကို ကြားသိနေရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး နောက်ထပ် (၁၈)နေရာကို ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းချုပ်ခဲ့ရပါကြောင်း၊ ဂိတ်များတွင် တရားဝင်စစ်ဆေးသော်လည်း နည်းမျိုးစုံဖြင့် မလွယ်ပေါက်များမှ ဝင်ရောက်ခြင်းများ ရှိပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက်ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများကို ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ဆောင်ရွက်ထားပါကြောင်း။

### ယခုအချိန်တွင် ပုံမှန်ဖြစ်လာ

နေပြည်တော်အဝင်အထွက်နှင့် ပတ်သက်၍ လူဝင်ထွက်မှုနှင့် ကုန်စည်စီးဆင်းမှုကို မျှတအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူဝင်ထွက်မှုနှင့် ပတ်သက်၍ စက်တင်ဘာ ၂ ရက်မှ စတင်က ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်တင်ဘာ ၂ ရက်တွင် အမိန့်ကြေညာချက်ထုတ်ပြန်ခြင်းကို ပြည်သူများ မြန်မြန်ဆန်ဆန်သိရှိစေရန် Website များ၊ Facebook နှင့် မီဒီယာများမှတစ်ဆင့် ပြောကြားခဲ့ပါကြောင်း၊ ကြေညာချက်ထုတ်ပြန်ပြီး နှစ်ရက်၊ သုံးရက်တွင် လူဝင်ထွက်မှု အနည်းငယ်ရပ်တန့်ခဲ့သော်လည်း ယခုအချိန်တွင် ပုံမှန်ဖြစ်လာပြီဖြစ်ပါကြောင်း၊ လူဝင်ထွက်မှုနှင့်ပတ်သက်၍ မသွားမလာ၍ မဖြစ်သူများ၊ ဝန်ထမ်းများနှင့် နေရပ်ပြန်လာသူများသာရှိပြီး ခရီးသွားလာမှုအပိုင်းတွင် များစွာနည်းပါးသွားသည်ကို တွေ့ရှိရပါကြောင်း၊ လူဝင်ထွက်မှုတွင် နေပြည်တော်သို့လာပါက Quarantine စင်တာသို့ ချက်ချင်းပို့ဆောင်ပါကြောင်း၊ Quarantine ၌ နေထိုင်ရာတွင်လည်း ပထမတစ်ရက် နေထိုင်ပြီးနောက် Swab ယူပြီး ရောဂါမတွေ့ရှိလျှင် ပြန်လွှတ်ပေးပါကြောင်း၊ Quarantine စင်တာတွင် သုံးရက်သာ နေထိုင်ရသည့်အတွက် ဝင်ရောက်သူများလည်း အဆင်ပြေသကဲ့သို့ မိမိတို့ စီမံအုပ်ချုပ်သူများအတွက်လည်း ယခင် Quarantine (၂၁)ရက်၊ (၂၈)ရက် ထားရှိခြင်းနှင့် နှိုင်းယှဉ်လျှင် များစွာအဆင်ပြေပါကြောင်း။

### ကုန်စည်စီးဆင်းမှုသည် ပုံမှန်နီးပါးဖြစ်နေ

ကုန်စည်စီးဆင်းမှု အဆင်ပြေစေရန်နှင့် ကျန်းမာရေးအတွက် ထိန်းချုပ်မှုအပိုင်းတို့ကို မျှတအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်- မန္တလေး လမ်းဟောင်းတွင် ကုန်သယ်ယာဉ် အစီး (၅၀၀)၊ (၆၀၀) ခန့်ရှိပြီး ကုန်စည်ဖြတ်သန်းမှုများပြားပါကြောင်း၊ နေပြည်တော်သို့လာရောက်သည့် ကုန်သယ်ယာဉ် အစီး(၂၀)၊ (၃၀) ရှိပါကြောင်း၊ ကျန်ကုန်သယ်ယာဉ်များမှာ မန္တလေးနှင့် တောင်ကြီးမြို့များသို့ သွားရောက်ကြခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဖြတ်သန်းမှုများနှင့် ပတ်သက်၍ အဝင်ဂိတ်ဘက်မှ စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက် မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါကြောင်း၊ မြို့ရှောင်လမ်းမှ ဖြတ်သန်းသွားရောက်မှုများကို ထိုသို့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကုန်စည်စီးဆင်းမှုအနေဖြင့် ယခုအချိန်တွင် ပုံမှန်ဖြစ်ပါကြောင်း၊ နေပြည်တော်သို့ ဝင်ရောက်သည့် ကုန်စည်များနှင့် ပတ်သက်၍ ကုန်တင်ကားဂိတ်အချင်းချင်း ဆက်သွယ်ပြီး မြို့ဝင်ဂိတ်မရောက်မီ ယာဉ်မောင်းလဲပါကြောင်း၊ ယာဉ်မောင်းလဲလှယ်ပြီးမှ မြို့တွင်းသို့ ဝင်ရောက်ပြီး ကုန်တင်၊ ကုန်ချပြုလုပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ထားသည့်အတွက် ကုန်စည်စီးဆင်းမှုသည် ပုံမှန်နီးပါး ဖြစ်နေပြီဖြစ်ပါကြောင်း။

### အနီးကပ်စောင့်ရှောက်

Quarantine စင်တာထားရှိမှုနှင့်ပတ်သက်၍ နေပြည်တော်တွင် Quarantine စင်တာ (၈)နေရာ ဆောင်ရွက်ထားရှိပါကြောင်း၊ အဓိက စင်တာသည် စည်ပင်ဧည့်ရိပ်သာဖြစ်ပြီး ဝန်ထမ်းများနှင့် အခြားနေရာများမှ လာရောက်သူများကို ထားရှိပါကြောင်း၊ ယခုလက်ရှိ ဝန်ထမ်း(၁၅၉)ဦးနှင့် ပြည်သူ (၂၇၃)ဦး စည်ပင်ဧည့်ရိပ်သာ၌ Quarantine ဝင်ရောက်လျက်ရှိပါကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအတွက် ရွာတော်ရှိ တပ်မတော်စစ်ကြောရေးဧည့်ရိပ်သာတွင်ထားရှိပြီး ဝင်ရောက်နေသူ (၄၁၂) ဦးရှိပါကြောင်း၊ Contact Person များကို ကျန်းမာရေးဝန်ထမ်းများဖြင့် အနီးကပ်စောင့်ရှောက်နိုင်ရန် ဆေးရုံများတွင် Quarantine ထားရှိပါကြောင်း၊ ဆေးရုံ(၄)ရုံတွင် Contact Person (၆၆)ဦး Quarantine ဝင်ရောက်လျက်ရှိပါကြောင်း၊ ကျန်နေရာများတွင်လည်း Quarantine Center များ ဖွင့်လှစ်ပြီး အဆင်ပြေအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ထိန်းချုပ်နိုင်သည့်အနေအထားရှိ

စည်ပင်ဧည့်ရိပ်သာ Quarantine တွင် ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ အပါအဝင် လူအင်အား(၅၀) ခန့်ဖြင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိ၌ Quarantine စင်တာတွင် အလှူရှင်များနည်းပါးသည့်အတွက် မိမိအစီအစဉ်ဖြင့် စားသောက်ကြရပါကြောင်း၊ စည်ပင်ဧည့်ရိပ်သာ Quarantine တွင် ကျန်းမာရေးဆေးစစ်မှုအနေဖြင့် မနက်တစ်ကြိမ်နှင့် ညနေတစ်ကြိမ် စစ်ဆေးပေးလျက်ရှိပါကြောင်း၊ စားသောက်ရေးပို့ဆောင်မှုအနေဖြင့် တစ်နေ့သုံးကြိမ်ပို့ဆောင်ပေးပါကြောင်း၊ တစ်ခါသုံးပစ္စည်းများကိုသာ အသုံးပြုသည့်အတွက် စင်တာပြင်ပတွင် ကျန်းမာရေးနှင့် ပတ်သက်၍ ထိန်းချုပ်နိုင်သည့် အနေအထားရှိပါကြောင်း။

### တရားဝင်ဂိတ်ပေါက်များမှ ဝင်ရောက်ပေး

မြို့တွင်း၌ Mask တပ်ဆင်ရန် အသံချဲ့စက်ဖြင့် လိုက်လံဆော်ဩခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန်တို့ကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသောက်ဆိုင်များအနေဖြင့် ညပိုင်းအချိန်တွင် စည်းကမ်းလိုက်နာမှု အားနည်းသည်ဟု ကြားသိရသည့်အတွက် ဆက်လက်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ပေးသည့် ဘတ်ဂျက်မှလွဲ၍ အခြားငွေကြေး ခေါင်းစဉ်မရှိပါကြောင်း၊ ထို့ကြောင့် ငွေကြေးအသုံးပြုရာတွင် အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြပြီး အသုံးပြုရပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအနေဖြင့် ပြီးခဲ့သည့် ကာလက အလှူရှင်များ လှူဒါန်းသည့် အလှူငွေကျပ် (၁၆၉၃)သိန်းကျော် ရရှိပါကြောင်း၊ အမျိုးသားကော်မတီသို့ တင်ပြ၍ ငွေကျပ် (၄၄၈) သိန်း သုံးစွဲခွင့်ရရှိခဲ့ပါကြောင်း၊ ယခုအချိန်တွင်လည်း ထိုသို့ သုံးစွဲခွင့်ပြုရန် တင်ပြလိုပါကြောင်း၊ နေပြည်တော်ရှိ ပြည်သူများကို တရားဝင်ဂိတ်ပေါက်များမှ ဝင်ရောက်ပေးကြရန်နှင့် တရားဝင်ဆေးစစ်ခံကြရန် မေတ္တာရပ်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

### သတိသည်လွန်ကဲသည်မရှိ၍ သတိထားစေလို

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အကြောက်တရားသည် မကောင်းပါကြောင်း၊ မိမိမကြာခဏပြောကြားသည်မှာ သတိသည် လွန်ကဲသည်မရှိ၍ သတိထားစေလိုပါကြောင်း၊ ကိုဗစ်သည် တစ်ဦးချင်းစည်းကမ်းထိန်းသိမ်းသွားမည်ဆိုပါက ပြဿနာမရှိတော့ပါကြောင်း၊ ယခုပြန့်ပွားနေသည်မှာ မည်သူမှ မည်သူ့ဆီသို့ ပြန့်ပွားနေမှန်းမသိရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မည်သူ့ကိုမှ အပြစ်ရှာနေခြင်း မဟုတ်ပါကြောင်း။

Quarantine စင်တာများတွင် တစ်ယောက်တည်း နေထိုင်ရသည်ကို မကြောက်အောင် မည်သို့အားပေးရမည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ We Love Yangon အဖွဲ့အနေဖြင့် သတင်းပေးရေးကိစ္စများကို ကူညီပေးစေလိုပါကြောင်း၊ တချို့က သတင်းပေးမှုကို တခြားသူများကို ချောက်တွန်းသည်၊ ဒုက္ခရောက်အောင် လုပ်သည်ဟု တွေးနေသည့်ပုံစံရှိပါကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်း မဟုတ်ပါကြောင်း၊ အများကို ကူညီခြင်းဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင်က ကျန်းမာရေးကောင်းမွန်သည့်အတွက် မိမိမှာ ရောဂါဖြစ်ပြီးနောက် ကောင်းမွန်သွားသည်ဆိုသော်လည်း အချက်နှစ်ချက်ကို စဉ်းစားစေလိုပါကြောင်း၊ တစ်ချက်မှာ မိမိမှတစ်ဆင့် ကူးစက်သွားသူတစ်ယောက်သည် မိမိကဲ့သို့ကံကောင်းချင်မှ ကံကောင်းမည်ဖြစ်ပါကြောင်း၊ မိမိကြောင့် ထိုသူဒုက္ခရောက်မသွားရန် စဉ်းစားရမည်ဖြစ်ပါကြောင်း။

နောက်တစ်ချက်မှာ ကိုဗစ်၏ ရေရှည်အကျိုးဆက်များကို သေချာစွာမသိရသေးပါကြောင်း၊ တချို့က ကိုဗစ်ရောဂါ ဖြစ်ပွားဖူးသူများသည် နောက်ပိုင်းတွင် အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သည့် ရောဂါများဖြစ်နိုင်သည်၊ အားနည်းချက်များ ဖြစ်နိုင်သည်ဆိုသည့် သုံးသပ်ချက်များကို ဖတ်ရပါကြောင်း၊ ယခုအချိန်ထိ မှန်သည်မမှန်သည်ကို ပြော၍မရသေးပါကြောင်း။

### လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်

ယခုအချိန်တွင် တစ်နိုင်ငံလုံး စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ မိမိတို့အား လှူဒါန်းခဲ့သည့် လုပ်ငန်းရှင်ကြီးများသည်လည်း ၎င်းတို့၏လုပ်ငန်းများ ယခု ၄၊ ၅ လအတွင်း ပုံမှန်မလည်ပတ်နိုင်ပါကြောင်း၊ လိုအပ်ချက်များအတွက် အစိုးရအနေဖြင့် နိုင်ငံ့ဘဏ္ဍာငွေများထဲမှ ရှာဖွေပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း၊ ပြည်သူများက ဝိုင်းဝန်းပံ့ပိုးပေးမည်ဆိုပါက များစွာ ဝမ်းသာရမည် ဖြစ်ပါကြောင်း၊ တရားမဝင်သည့် နည်းလမ်းဖြင့် နေပြည်တော်အတွင်းသို့ ဝင်ရောက်သူများကို သတိပေးလိုပါကြောင်း၊ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါကြောင်း၊ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါကြောင်း၊ စမ်းသပ်ခကိုများစွာ လျှော့ထားပါကြောင်း၊ ပြည်သူများအနေဖြင့် ပိုက်ဆံမရှိ၍ ကျန်းမာရေး ကုသစောင့်ရှောက်မှု မရဘူးဆိုသည်မျိုး မဖြစ်စေရပါကြောင်း၊ မသိမသာဝင်ရန် မကြိုးစားကြစေလိုပါကြောင်း၊ မိသားစုနှင့် ပတ်ဝန်းကျင်ကလည်း ခွင့်မပြုရန်လိုကြောင်း၊ သက်ဆိုင်ရာသို့ အသိပေးခြင်းမှာ အများဒုက္ခမရောက်ရန် ကူညီခြင်းဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် လာရောက်သူအားလုံးသည် ရန်ကုန်အခြေစိုက်နေထိုင်သူများ မဟုတ်ကြောင်းကို သတိပြုရန်လိုပါကြောင်း၊ ရန်ကုန်မှ ပြန်လာသူများမှာ ရခိုင်ပြည်နယ်မှတစ်ဆင့် ရန်ကုန်၊ ရန်ကုန်မှတစ်ဆင့် တခြားနေရာများသို့ ပြန်လာသူများလည်း ဖြစ်နိုင်ပါကြောင်း၊ ရန်ကုန်တွင် ထိန်းချုပ်နိုင်ပါက မိမိတို့နိုင်ငံအတွက် အောင်မြင်မှုကြီး တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုစိန်ခေါ်မှုကြီးနှစ်ခုကို တစ်ပြိုင်တည်း ရင်ဆိုင်နေရပါကြောင်း၊ ပထမတစ်ခုမှာ ကိုဗစ်ရောဂါ အောင်အောင်မြင်မြင် ထိန်းချုပ်ရေးနှင့် ဒုတိယတစ်ခုမှာ အထွေထွေရွေးကောက်ပွဲ ဖြစ်မြောက်ရေးဖြစ်ပါကြောင်း၊ ယင်းနှစ်ခုမှာ အချိန်ကာလကြောင့် ဆက်စပ်နေပါကြောင်း၊ မိမိအနေဖြင့် အားလုံးကို အောင်မြင်အောင် လုပ်ဆောင်စေလိုပါကြောင်း၊ မိမိတို့ လုပ်ရမည့်အလုပ်ကို အောင်မြင်အောင် လုပ်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ အင်အားဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ရုပ်ပိုင်းဆိုင်ရာ မချမ်းသာသော်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် စွမ်းဆောင်မှုပိုင်းဆိုင်ရာ ချမ်းသာပါက မည်သည့် ပြဿနာမဆို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ယခုပြဿနာကြီးနှစ်ခုကို တစ်ချိန်တည်းတွင် ကျော်လွှားနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အင်အားများစွာဖြစ်ပါကြောင်း၊ နောင်တွင်လည်း မည်သည့်စိန်ခေါ်မှုမဆို ကျော်လွှားနိုင်သည်ဆိုသည့် စိတ်ဓာတ်မျိုးပြည်သူများတွင် ရှိစေလိုပါကြောင်း၊ မိမိမှာ လွတ်လပ်ရေးရပြီးကာစကာလတွင် ကြီးပြင်းလာခဲ့သူတစ်ဦးဖြစ်ပါကြောင်း၊ မိမိငယ်စဉ်အချိန်က လွတ်လပ်ရေးလှုပ်ရှားမှုအကြောင်း၊ မိမိတို့နိုင်ငံ မည်သို့လွတ်လပ်ရေးရအောင် လုပ်ဆောင်ခဲ့သည့်အကြောင်းများကို ငယ်စဉ်ကပင် ကြားနေခဲ့ရပါကြောင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံသည် ဂျပန်တော်လှန်ရေးတွင်လည်း အောင်မြင်ခဲ့ပါကြောင်း၊ ဗြိတိသျှအင်ပါယာအောက်မှလည်း လွတ်လပ်ရေးရရှိအောင် လုပ်နိုင်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် မည်သည့်အရာမဆို သန္နိဋ္ဌာန်ချ၍ လုပ်မည်ဆိုပါက အောင်အောင်မြင်မြင်လုပ်ခဲ့နိုင်သည်ဆိုသည့် စိတ်ဓာတ်များနှင့် ပြည့်ဝခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ငယ်စဉ်အခါက ကမ္ဘာပေါ်တွင် အတော်ဆုံး၊ အချမ်းသာဆုံးနိုင်ငံဟု မြင်ပါကြောင်း၊ တစ်ကမ္ဘာလုံး ဗမာစကားတတ်သည်ဟု ထင်ခဲ့ပါကြောင်း၊ ကမ္ဘာကို မြန်မာကလွှမ်းထားသည်ဟု မိမိတို့ မျိုးဆက်များကထင်ခဲ့ပါကြောင်း၊ မိမိတို့ မိဘများ၏ အောင်မြင်မှုကြောင့် ဖြစ်ပါကြောင်း။

### အခွင့်အလမ်းတစ်ရပ်ဖြစ်

မိမိတို့၏ မိဘများမှာ လွတ်လပ်ရေးရရှိအောင် လုပ်ဆောင်ခဲ့သည့် မျိုးဆက်ဖြစ်သည့်အတွက် ၎င်းတို့မှ မွေးဖွားလာသည့် မိမိတို့တွင် မည်သည့်အရာမဆို အောင်မြင်အောင် လုပ်ဆောင်နိုင်သည်ဆိုသည့် စိတ်ဓာတ်၊ ယုံကြည်ချက်မှာ တော်တော်များများတွင် ရှိနေပါကြောင်း၊ ယခုအရာသည်လည်း ပြည်သူများတွင် ယုံကြည်ချက်ရှိရန် လုပ်နိုင်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း။

တစ်ဦးချင်း တစ်ဦးချင်းက ကိုဗစ် မပြန့်ပွားရေးအတွက် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတွင် ကိုဗစ်ရောဂါ ကူးစက်မှုရှိနိုင်လျှင် သက်ဆိုင်ရာဌာနသို့ အသိပေးလိုက်ခြင်းသည် ရောဂါမပြန့်ပွားရေးအတွက် ခြေလှမ်းတစ်လှမ်း လှမ်းခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ လုပ်နိုင်ရန်နှင့် လုပ်ဆောင်ရဲသည့် သတ္တိရှိရန် We Love Yangon ကဲ့သို့ အဖွဲ့များ၊ အခြားလူမှုအဖွဲ့အစည်းများနှင့် ပြည်သူများက ဝိုင်းဝန်းကူညီပေးစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အတတ်နိုင်ဆုံး လုပ်ဆောင်နေပါကြောင်း၊ နိုင်ငံတော်ကလည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း လုပ်အားအလှူဒါန၊ ငွေအင်အားဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးမည်ဆိုပါက အစိုးရအတွက် တစ်တပ်တစ်အားပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ချစ်ကိုဟန်က ရန်ကုန်သူ၊ ရန်ကုန်သားများသည် မည်သည့်အခါမျှ မညံ့ခဲ့ပါကြောင်း၊ မိမိတို့ရန်ကုန်မြို့တွင် ယနေ့ Quarantine ဝင်နေရသူလူဦးရေ ၆၀၀၀ ခန့်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာဖန်တီးပေးခဲ့ရပါကြောင်း၊ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်ကို (၅) ရက်အတွင်း Quarantine Center (၇)ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ ဦးနိုင်ငံလင်း၊ ဒေါ်နီလာကျော်တို့ဖြင့် နေ့၊ ည အချိန်မရွေးဆက်သွယ်ပြီး ဆောင်ရွက်ရပါကြောင်း၊ လူဦးရေ၁၀၀၀ ကျော်၊ ၂၀၀၀ ကျော်အတွက် ရက်ပိုင်းအတွင်း နေရာအခက်အခဲ မဖြစ်စေရန် ဖန်တီးပေးခဲ့ရပါကြောင်း၊ ယင်းသို့ဖန်တီးပေးရာတွင် ယခင် Yangon Standard ကို မမီခြင်းများလည်းရှိပါကြောင်း၊ ယခင် Quarantine Center လောက်မပြည့်စုံခြင်းများ တွေ့ခဲ့ရသည့်အတွက် ပြည်သူလူထုအနေဖြင့် နားလည်မှုပေးစေလိုပါကြောင်း၊ Volunteer များအနေဖြင့်လည်း ၅ လ၊ ၆ လခန့် ဆက်တိုက်ဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းခွင်ပြန်ဝင်ကြသူများလည်း ရှိပါကြောင်း၊ ထို့ကြောင့် ထပ်မံ၍ တိုင်းဒေသကြီး Volunteer များအပြင် တိုင်းဒေသကြီး ကြက်ခြေနီအသင်းကို အကူအညီတောင်းပြီး မင်းဓမ္မ၌ လူဦးရေ ၇၀၀ ရှိ Quarantine Center စီမံခန့်ခွဲနေရပါကြောင်း။

### လုပ်အားပေးလာရောက်၍ ဆောင်ရွက်ပေးနေ

လှိုင် Quarantine Center တွင်လည်း လူဦးရေ ၅၀၀ ခန့်ကို ဆေးတက္ကသိုလ်(၂) ကျောင်းသားသမဂ္ဂမှ လုပ်အားပေးလာရောက်၍ ဆောင်ရွက်ပေးနေပါကြောင်း၊ ရန်ကုန်မြို့မှ တခြားအဖွဲ့အစည်းများကလည်း မိမိတို့ကို ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါကြောင်း၊ မိမိအနေဖြင့် မြို့သူ၊ မြို့သားများကို ပြောကြားလိုသည်မှာ Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူ ရပ်ကွက်၌ရှိနေပြီဆိုပါက ကြောက်ကြပါကြောင်း၊ ၎င်းတို့အနေဖြင့် Quarantine Center သို့ မြန်မြန်ဆန်ဆန် ပို့ဆောင်စေလိုပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မြန်ဆန်စွာ လက်ခံလိုသော်လည်း လူ(၄)(၅)ယောက် တစ်ခေါက်လာပြီးနောက် နောက်ရပ်ကွက်တစ်ခုမှ လူ(၄) (၅)ယောက်က တစ်ခေါက်လာခြင်းမျိုးဖြစ်နေပါကြောင်း၊ မိမိတို့ Volunteer များတွင် လူနည်းပါးသည့်အတွက် PPE ဝတ်စုံအပြည့်ဖြင့် ကြိုဆိုနေရာချထားရာတွင် များစွာပင်ပန်းပြီး ဝတ်စုံများလည်း ကုန်ကျပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင်နှင့် မိမိတို့အနေဖြင့် အချိန်ကာလကို စုစည်းပါကြောင်း၊ ယနေ့တွေ့ရှိသည့်လူနာများကို မွန်းလွဲပိုင်း (၃)နာရီ (၄)နာရီတွင် အားလုံးကို တစ်ပြိုင်တည်း အချိန်ကိုက်စုစည်း၍ ထားရှိမည့်နေရာကို ရောက်ရှိစေရန် ပို့ဆောင်ပေးပါကြောင်း။

### အခြေခံလိုအပ်ချက်များရရှိနိုင်ရန် ရုန်းကန်နေရ

ထိုမှသာ လက်ခံရသည့် Volunteer များက အဆင်ပြေပြီး ပင်ပန်းမှုသက်သာမည်ဖြစ်ကာ PPE ဝတ်စုံများလည်း သက်သာမည်ဖြစ်ပါကြောင်း၊ ထိုသို့ အချိန်ကိုက်ရောက်ရှိရန် Ambulance အဖွဲ့များကလည်း အခေါက်ပေါင်းများစွာ တစ်စီးလျှင် လူတစ်ဦးနှုန်းနှင့် မိသားစုဆိုလျှင် နှစ်ဦးနှုန်းဖြင့် ပို့ဆောင်နေရပါကြောင်း၊ ကိုဗစ်-၁၉ တွေ့ရှိနေသည့်သူများမှာလည်း ယနေ့တွင် လူဦးရေ ၁၅၀၊ ၁၆၀ ဖြစ်သည့်အတွက် အခေါက်ပေါင်းများစွာ မောင်းနှင်ပေးနေရပါကြောင်း၊ အားလုံးက ဝိုင်းဝန်းကူညီကြသည့်အတွက် အောင်မြင်ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ အလှူပစ္စည်းများလည်း နည်းပါးလာပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း Quarantine ဝင်နေသူများ၏ အခြေခံလိုအပ်ချက်များ ရရှိနိုင်ရန် ရုန်းကန်နေရပါကြောင်း၊ ယင်းနေရာတွင် လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ပစ္စည်းတင်သည့် trolly များမှာ သတ်မှတ်သည့်အထဲတွင် မပါဝင်ပါကြောင်း၊ မပါသည့်အတွက် အလှူခံရပါကြောင်း၊ ကိုယ်တိုင်လည်း စီမံခန့်ခွဲသကဲ့သို့ လိုအပ်သည့်ပစ္စည်းများကိုလည်း ဆက်သွယ်အလှူခံရခြင်းများလည်း လုပ်ရပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်စကားပြောသည့် icon စကားပြောစက်များ၊ လူနာများနှင့် ဧည့်သည်များ ဆက်သွယ်ရန် အထိုင်ဖုန်းများမှာ မိမိတို့ သတ်မှတ်ချက်များတွင် မပါပါကြောင်း၊ Quarantine ဝင်ရောက်လာသူများထဲမှ တချို့နိုင်ငံခြားမှ ပြန်လာသူများတွင် မြန်မာနိုင်ငံတွင်သုံးသည့် Sim Card မပါသည့်အတွက် Sim Card များ ပေးရပါကြောင်း၊ တစ်ဦးချင်း မပေးနိုင်သည့်တိုင် အခန်းတစ်ခန်းလျှင် နှစ်ယောက်နေပါက နှစ်ယောက်တစ်ကတ်နှုန်း၊ သုံးယောက်တစ်ကတ်နှုန်းဖြင့်ပေးပြီး ၎င်းတို့နှင့်ဆက်သွယ်နိုင်ရန်၊ မိသားစုဝင်များအား ဆက်သွယ်နိုင်ရန် ပံ့ပိုးပေးရပါကြောင်း၊ ခြုံပြောရပါက လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် ပစ္စည်းများအား မိမိတို့ဘာသာ ရှာဖွေဆောင်ရွက်ပေးရပါကြောင်း၊ ပြည်သူလူထုအား မေတ္တာရပ်ခံလိုသည်မှာ Quarantine Center များသို့ ရောက်သွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေလိုကြောင်း၊ စည်းကမ်းလိုက်နာလျှင် မည်သူမျှအလုပ်ရှုပ်မည် မဟုတ်ကြောင်း၊ စည်းကမ်းမလိုက်နာပါက Quarantine Center တွင် နေထိုင်သူများ အလုပ်ရှုပ်မည့်အပြင် Volunteer များအနေဖြင့်လည်း အလုပ်အပိုများ လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ရုံဖန်ရံခါ လုံခြုံရေးရဲတပ်ဖွဲ့များပင် ဝင်ရောက်ကာ ဖြေရှင်းရသည့်ကိစ္စများလည်း ဖြစ်တတ်ပါကြောင်း၊ တချို့မှာ အိမ်ကပစ္စည်းများပေးပို့လျှင် ခြင်းတောင်းတစ်လုံးစာခန့် အကြီးကြီးပေးပို့ကြပါကြောင်း၊ Volunteer များမှာ ယင်းပစ္စည်းများအား Quarantine ဝင်ရောက်သူများထံ အရောက်ပေးပို့ပေးရပါကြောင်း၊ အရက်သောက်တတ်သူများ၊ ဆေးလိပ်သောက်တတ်သူများပါလျှင် ခိုး၍ ထည့်ပေးကြပါကြောင်း၊ မိမိတို့အနေဖြင့် ဖွင့်ဖောက်ပြီးစစ်သည့်အတွက် ယင်းသို့ မလုပ်ကြရန် မေတ္တာရပ်ခံပါကြောင်း၊ ရန်ကုန်တွင်လူဦးရေများသည့်အတွက် အခက်အခဲ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများပြားပါကြောင်း၊ ထို့ကြောင့် ယခု ၂ ပတ်၊ ၃ ပတ်ခန့် Stay Home ကာလအား တင်းတင်းကျပ်ကျပ် ဆောင်ရွက်မည်၊ မလိုလားအပ်သည့် လုပ်ငန်းများမလုပ်ဘဲ မိမိတို့အိမ်တွင် တိတိကျကျနေထိုင်လိုက်ကြမည်ဆိုပါက ရှေ့ကပြေးနေသည့် ရောဂါအား ဟန့်တားနိုင်မည်ဖြစ်ပါကြောင်း၊ နောက်ကလိုက်နေသည့် ကျန်းမာရေးဝန်ထမ်းများမှာ တကစ်ဖို၊ ရွက်ကုန်ဖွင့်ကာ လိုက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှေ့ကပြေးနေသည့် ရောဂါအား အနည်းငယ်ဟန့်တားနိုင်လျှင် ဝန်ထုပ်ဝန်ပိုးများ လျော့ကျသွားရန်အတွက် Quarantine ကာလအား ၁၄ ရက်အဖြစ် လျှော့ချပေးရန် ဝန်ကြီးဌာနမှ စီစဉ်နေသည်ဟု သိရှိရပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံအရလည်း ၁၄ ရက်ဆိုပါက လုံလောက်သည့်အနေအထားရှိသည်ဟု သိရပါကြောင်း၊ ယင်းနှစ်ခုကို ဟန်ချက်ညီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရန်ကုန်တွင် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဟု တင်ပြလိုပါကြောင်း ပြောကြားသည်။

### တရားဝင်အသိပေးသွားမည်ဖြစ်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ် အမှာစကားပြောကြားရာ (၁၄) ရက်ဆိုသည့် ကိစ္စကို အများနားလည်ရန် ရှင်းပြလိုပါကြောင်း၊ အစောပိုင်း ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့်အချိန်က (၁၄)ရက်ဆိုပြီး သတ်မှတ်ပါကြောင်း၊ နောက်ပိုင်းတွင် (၁၄)ရက် Quarantine ထားရှိပြီးမှ ရောဂါပိုးတွေ့ရှိသူရှိသည့်အတွက် မလုံလောက်၍ (၂၁)ရက်ဟု သတ်မှတ်ပါကြောင်း၊ ယခုအချိန်တွင် (၁၄)ရက် လျှော့ရန် လက်ခံရခြင်းမှာ စမ်းသပ်မှုများတွင် ရောဂါပိုးသည် (၁၄)ရက်ကြာပြီးနောက် အခြားသူကို မကူးစက်ကြောင်းကို တွေ့ရှိရသည်ဟု နားလည်ပါကြောင်း၊ ရောဂါပိုးမရှိခြင်း မဟုတ်ပါကြောင်း၊ သို့သော် ယင်းရောဂါသည် အခြားသူသို့ ကူးစက်နိုင်သည့် အဆင့်မဟုတ်ပါကြောင်း၊ နိုင်ငံတကာ ကျန်းမာရေးအဖွဲ့များက ထိုသို့ တွေ့ရှိထားသည့်အတွက် အပြင်မှာသွားလာနေသည်မှာ ပြဿနာမဖြစ်နိုင်ပါကြောင်း၊ နှစ်ပတ်သာ ထားရှိမည်ဆိုလျှင် Quarantine နေရာများလည်း ပိုမိုအဆင်သင့်ဖြစ်ပြီး လိုအပ်သည့်နေရာများအတွက် ပိုမိုလစ်လပ်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ယင်းအခြေအနေကို ပိုမိုကိုင်တွယ်နိုင်မည်ဟု ခန့်မှန်းပြီး ထိုသို့စဉ်းစားခြင်းဖြစ်ပါကြောင်း၊ စိတ်ချရသည်ဆိုမှသာ လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ စိတ်ချရသည်မှာ ၉၀ ရာခိုင်နှုန်းကျော် ရှိပါကြောင်း၊ မကြာမီအချိန်တွင် တရားဝင်အသိပေးသွားမည် ဖြစ်ပါကြောင်း။

### မိမိစည်းကို စောင့်ခြင်းအားဖြင့် ပံ့ပိုးပေး

Video Conferencing ဖြင့် ဆွေးနွေးမှုများကို နိုင်ငံတော်သတင်းစာများနှင့် ရုပ်မြင်သံကြားများတွင် ထည့်သွင်းဖော်ပြပါကြောင်း၊ မိမိအနေဖြင့် စဉ်းစားသည်မှာ ဒေါက်တာ ချစ်ကိုဟန် ဆွေးနွေးသွားသည့်အချက်များကိုသာ ကောက်နုတ်၍ ရန်ကုန်အတွက် မည်သည့်အရာများ လိုအပ်သည်၊ မည်သည့်အရာများ ဖြစ်စေချင်သည်ဆိုသည့် အချက်များကိုထုတ်၍ သတင်းစာများတွင် သီးခြား ဖော်ပြပေးမည်ဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားတွင်လည်း ယင်းအချက်များကိုတင်ပြီး ပြည်သူများ လွယ်လွယ်ကူကူဖြင့် မြင်နိုင်ရန် ဖော်ပြသွားမည်ဖြစ်ပါကြောင်း၊ စေတနာအရ ပံ့ပိုးပေးချင်လျှင် ပံ့ပိုးပေးနိုင်ရန်ဖြစ်ပါကြောင်း၊ နောက်ဆုံးတွင် အခြားနည်းဖြင့် ပံ့ပိုးမပေးနိုင်သော်လည်း မိမိစည်းကို စောင့်ခြင်းအားဖြင့် ပံ့ပိုးပေးနိုင်သည်ကို မြင်နိုင်ရန်ဖြစ်ပါကြောင်း၊ Quarantine သို့ရောက်မှ စည်းမျဉ်းစည်းကမ်းကို မလိုက်နာဘဲ ပြဿနာရှာခြင်းမျိုး မလုပ်သင့်ပါကြောင်း၊ ယင်းကို ရှောင်ခြင်းအားဖြင့် ကူညီရာရောက်ပါကြောင်း၊ တခြားနည်းဖြင့် မကူညီနိုင်လျှင်လည်း ထိုနည်းဖြင့် အနည်းဆုံးကူညီပါဟု ပြည်သူများကို မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိစည်းကို မိမိစောင့်ခြင်းဖြစ်ပါကြောင်း၊ အရက်သောက်ချင်သူကို အရက်ခိုးပြီး မတိုက်စေလိုကြောင်း၊ မဟုတ်သည့်နေရာတွင် မေတ္တာမပိုစေလိုပါကြောင်း၊ မည်သူကိုမျှ အကျိုးမပြုပါကြောင်း၊ ယင်းကိစ္စများကို ရှောင်ကြရမည်ဖြစ်ပါကြောင်း။

### ပြည်သူ့အင်အားကို အမြဲတမ်းယုံကြည်

မိမိတို့အားလုံး ဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက ကိုဗစ်ရောဂါကို ထိန်းချုပ်နိုင်ပါကြောင်း၊ ယခုအချိန်တွင် ထိန်းချုပ်ရန် အားလုံးကြိုးစားမည်ဆိုပါက (၃)ပတ်ခန့်အတွင်း ပိုမို၍ အသက်ရှူချောင်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၊ ရန်ကုန်သူ၊ ရန်ကုန်သားများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုပါကြောင်း၊ ရန်ကုန်မြို့တွင် ကိုဗစ်ရောဂါ ထိန်းချုပ်ရန် အထူးလိုအပ်နေပါကြောင်း၊ ပြည်သူ့အင်အားကို အမြဲတမ်းယုံကြည်ပါကြောင်း၊ ပြည်သူသာလျှင် အဓိကဆိုသည်မှာ စကားအရမဟုတ်ဘဲ အလုပ်အရတွေးထားသည့်ကိစ္စဖြစ်ပါကြောင်း၊ တကယ့်ကို ပြည်သူသည် အဓိကကျပါကြောင်း၊ ပြည်သူပါဝင်မှ မည်သည့်လုပ်ငန်းမဆို အောင်မြင်နိုင်ကြောင်းကို မိမိတို့ အတွေ့အကြုံအရ သိရှိပါကြောင်း၊ ထို့ကြောင့် ပြည်သူများ ပါဝင်ကြပါ၊ ပြည်သူများအနေဖြင့် မိမိတို့ဘဝအတွက်၊ မိမိနိုင်ငံအတွက် ဝိုင်းဝန်းကူညီကြစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူ လူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့်လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ၇ ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။


၂။ ရန်ကုန်မြို့သူ၊ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန်ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ ၂ ပတ်၊ ၃ ပတ်ခန့်အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ မဖြစ်မနေပြင်ပသို့ သွားရောက်ရပါက Mask များ၊ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှု မြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ထာဝရငြိမ်းချမ်းရေးစေတီတော်နှင့် မြန်မာမှုပုံတော်များ

*ဦးသူရ၊ ကျော်လေးကျော်(သာသနာရေး)*



ထာဝရငြိမ်းချမ်းရေးစေတီတော်ကို နေပြည်တော်တွင် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ ဦးဆောင်မှုဖြင့် အများပြည်သူတို့ စုပေါင်းပါဝင် လှူဒါန်းပူဇော်ထားသည့် ကုသိုလ်တော်ဖြစ်ပါသည်။ ၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် (၁၀-၅-၂၀၁၈) ကြာသပတေးနေ့တွင် ရတနာပန္နက်တော်တင်မဟာမင်္ဂလာအခမ်းအနား ကျင်းပပြီး စတင်တည်ဆောက်ခဲ့ရာ တစ်နှစ်ခွဲခန့်ကာလအတွင်း စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့သဖြင့် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့) (၁၁-၁၁-၂၀၁၉) တနင်္လာနေ့တွင် ရွှေထီးတော်အထွတ်တင် မဟာမင်္ဂလာအခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ဆင်ယင် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော် ၃၃ ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများ တက်ရောက် ပူဇော်ခဲ့ကြပါသည်။

**ရွှေစင်ရွှေသားကျောက်မျက်ရတနာမျိုးစုံဖြင့် စီခြယ်ပူဇော်**

ထာဝရငြိမ်းချမ်းရေးစေတီတော်ကို လိုဏ်တော်အပါ ဉာဏ်တော် ၁၀၈ ပေ အမြင့်ဆောင်လျက် ပုဂံအာနန္ဒာပုံစံ ဗိသုကာဟန်ကို အခြေခံ၍ ခေတ်ဗိသုကာဟန်များနှင့် ပေါင်းစပ်ကာ ကြည်ညိုဖွယ်ရာ တည်ဆောက်ထားပါသည်။ မြန်မာမှုဗိသုကာ အနုလက်ရာများမှာ ဟန်မာန်ဌာန်အချိုးအစားကျန သေသပ်လှပပြီး အလွန်လက်ရာမြောက်လှပါသည်။

ပင်မရွှေထီးတော်ကြီးနှင့် အရံစေတီရွှေထီးတော် ၈၀ လုံးကို ရွှေစင်ရွှေသား ရွှေအစစ်များဖြင့် ကပ်လှူပူဇော်ထားပါသည်။ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုလည်း အလားတူ ရွှေစင် ရွှေသားရွှေအစစ်



ထာဝရငြိမ်းချမ်းရေးစေတီတော်၌ ရွှေဥဒေါင်းမင်းရုပ်တုများဖြင့် အလှဆင်ထားစဉ်။ ဓာတ်ပုံ- ကိုကိုစိုးညွန့်

များ ကပ်လှူထားသည့်အပြင် ရတနာစိန်ဖူးတော်တွင် စိန်သားစစ်စစ်ဖြင့် စီခြယ်လှူဒါန်းထားပြီး အရည်အသွေးစစ်မှန်ကောင်းမွန်သည့် ကျောက်မျက်ရတနာမျိုးစုံတို့ဖြင့် စီခြယ်ပူဇော်ထားပါသည်။

စေတီတော်တွင် သွင်းလှူပူဇော်ထားသည့် ဌာပနာတော်များမှာ ဓာတုဓမ္မဥဒ္ဒိဿနှင့် ပရိဘောဂစုံညီ လေးလီသော စေတီများနှင့် ပြည့်စုံ၍ ကျမ်းဂန်တော်များနှင့် ညီညွတ်အောင် စုံလင်စွာ ထည့်သွင်းပူဇော်ထားပါသည်။ ဌာပနာတော်များအားလုံးကို ရွှေစင်ရွှေသားအစစ်၊ ငွေသားအစစ်တို့ဖြင့် သွင်းလောင်းထုဆစ်ပုံဖော်ထားပြီး ဗုဒ္ဓဖြစ်တော်စဉ် ဗုဒ္ဓဝင်ဆိုင်ရာ “ ဖွား-ပွင့်-ဟော-စံ” ဗုဒ္ဓရုပ်ပွားတော်များ၊ ရဟန္တာရုပ်တုတော်များ၊ ခက်မငါးဖြာနှင့်ပြည့်စုံသည့် ငွေဗောဓိပင်တော်၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်၊ ရွှေစင်ရွှေသားအတိပြီးသော ရွှေထီးတော် ပုံစံငယ်၊ ရတနာရွှေစံအိမ်တော်၊ ပိဋကတ်သုံးပုံကျမ်းဦးငွေပေလွှာ၊ မင်္ဂလာမော်ကွန်း ငွေပေလွှာ၊ ရတနာရွှေကြုတ်တော်၊ ငွေကြုတ်တော်၊ ရွှေဆွမ်းအုပ်တော်၊ ငွေဆွမ်းအုပ်တော်၊ ရတနာငွေသေတ္တာ ဗုဒ္ဓဓာတ်တော် တစ်သိန်းကျော်၊ ရဟန္တာဓာတ်တော် တစ်သန်းကျော်၊ ကျောက်မျက်ရတနာမျိုးစုံ အပြည့်ထည့်ထားသည့် ရွှေပြည်တောင်း၊ ငွေပြည်တောင်းများ၊ ရွှေသားအစစ်ဖြင့် သွန်းလောင်း ထုဆစ်ပူဇော်ထားသည့် ရွှေဥဒေါင်းမင်းပုံတော်စသည်ဖြင့် ဌာပနာတော်များ စုံလင်လှပါသည်။

**မြန်မာ့ဗိသုကာပညာကို ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်**

ပင်မစေတီတော်ကို အရံစေတီ(၈၀) ဝန်းရံ ပူဇော်ထားပါသည်။ အသီတိသာဝက ရှစ်ကျိပ်သော ရဟန္တာအရှင်သူမြတ်ကြီးတို့အား ရည်မှန်းပူဇော်ထားခြင်းဖြစ်ပါသည်။ ရွှေပါရမီတော်ရ ဆရာတော်ကိုယ်တိုင် ဦးဆောင် ၍ အရံစေတီအားလုံးတွင် ရှစ်ကျိပ်သော ရဟန္တာအရှင်သူမြတ်တို့၏ ဓာတ်တော်များကို ဌာပနာသွင်းလှူပူဇော်ထား ပါသည်။ စေတီတော်အထက်ပစ္စယာတွင် ရွှေတာအိုး၊ ငွေတာအိုးနှင့် ကလသာအိုးများတွင် ရတနာရွှေပန်းခိုင် ငွေပန်းခိုင်များစိုက်ထူပူဇော်ထားရာ ရှေးဟောင်းမြန်မာ့ဗိသုကာဟန်နှင့် မြန်မာ့ဓလေ့ရှေးဟောင်းအစဉ်အလာကို ပြန်လည်ဖော်ညွှန်းလျက်ရှိပါသည်။

စေတီတော်ပစ္စယာကြေးဝန်းအောက်ခြေရှိ လိုဏ်တော် ပတ်လည်နံရံကိုထုထည်ကြီးမားသည့် စကျင်ကျောက်သားများဖြင့် ထုဆစ်တည်ဆောက်ထားပြီး မြန်မာမှုပန်းတမော့ပညာရပ်ကို ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်ပုံဖော်ထားသဖြင့် ရင်သပ်ရှုမောအံ့သြဖွယ်ရာ မြန်မာမှုအနုလက်ရာအဖြစ် တည်ရှိနေမည် ဖြစ်ပါသည်။ စေတီတော်လိုဏ်မုခ်လေးမုခ်ကိုလည်း စကျင်ကျောက်သားများဖြင့် အံ့မခန်းထုဆစ်ပူဇော်ထားရာ စေတီတော်၏ ခံ့ညားထည်ဝါမှုကို ပိုမိုထင်ဟပ်စေပါသည်။

> “ မြန်မာမှု ပန်းတော့ပညာရပ်၏ ထူးချွန်ပြောင်မြောက်သည့် မြန်မာ့လက်ရာမွန်ကို ရှုမြင်နိုင်ရုံမျှမက ဘုရားအလောင်းတော်၏ အတိတ်ဘဝဖြစ်တော်စဉ် အချို့ကို ရည်ညွှန်းပုံဖော်ပူဇော်ထားသဖြင့် ဘုရားဖူးပြည်သူများအနေဖြင့် ကုသိုလ်တရားများ တိုးပွားနိုင်ကြမည်ဖြစ်”

စေတီတော်အဝင် မုခ်ဦးလေးမုခ်၏ အတွင်းနံရံဝဲယာများတွင် အောင်ခြင်းရှစ်ပါးဖောင်းကြွ သရုပ်ဖော်ပုံတော်များမှာလှူပ်ရှားသက်ဝင် အလွန်ပင်လက်ရာမြောက်လှသဖြင့် ဘုရားဖူးပြည်သူများအတွက် ဗုဒ္ဓဝင်ဆိုင်ရာ အထူးလေ့လာမှတ်သားဖွယ်ရာများအဖြစ် ဖော်ဆောင်ပေးလျက်ရှိပါသည်။

စေတီတော်လိုဏ်အတွင်း ဗဟိုမဏ္ဍိုင်တွင် စကျင်ဗုဒ္ဓရုပ်ပွားတော်လေးဆူတို့ကို ကြည်ညိုဖွယ်ရာ သပ္ပာယ်စွာဖြင့် ထုဆစ်ပူဇော်ထားပါသည်-

(၁) အရှေ့အရပ်တွင် ထိုင်တော်မူ ဘူမိဖဿမုဒြာ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်၊

(၂) တောင်အရပ်တွင် ရပ်တော်မူ ဓမ္မစက္ကမုဒြာ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်၊

(၃) အနောက်အရပ်တွင် ထိုင်တော်မူ ဝရဒမုဒြာ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်၊

(၄) မြောက်အရပ်တွင် ရပ်တော်မူ အဘယမုဒြာ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ၊ ကိန်းဝပ်စမ္ပာယ်အပူဇော်ခံတော်မူလျက်ရှိပါသည်။

ရုပ်ပွားတော်မြတ်လေးဆူလုံးသည် စိန်ရောင်အဆင်း၊ ဘော်အဆင်းကဲ့သို့ ရှင်းသန့်ကြည်လင်ဖြူစင်ဝင်းပ ဩဒါတဂုဏ်တော်၊ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့နှင့် ပြည့်စုံကျနကျက်သရေ မင်္ဂလာရှိလှသည့် သီရိဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသဖြင့် ဖူးမြော်တင့်ဟပ် မြင့်မြတ်ကုံလုံ ဒဿနာနုတ္တရိယဂုဏ်နှင့် ပြည့်စုံတော်မူသည့် ထူးခြားထင်ပေါ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအဖြစ် အပူဇော်ခံတော်မူလျက်ရှိပါသည်။

စေတီတော်ရင်ပြင်တွင် စေတိယပရိဝါရ မဟာဒါနပါရမီကုသိုလ်တော်အဖြစ် သာသနိကအဆောက်အအုံများကို လှူဒါန်းပူဇော်ထားပါသည်။ ယင်းတို့မှာ-

(၁) ငြိမ်းချမ်းရေးတံခွန်တိုင်တော်။ ရင်ပြင်တော်အရှေ့တောင်ထောင့်တွင် စကျင်ကျောက်သားအတိဖြင့် တည်ဆောက်ထားပြီး တံခွန်တိုင်ထိပ်တွင် စတီးရွှေထီးတော်ပါ စေတီတော်ပုံအထွတ်တင်ကာ ပလ္လင်တော်ထက်တွင် ကဒေါင်းပုံလေးပုံဖြင့် ဝန်းရံပူဇော်ထားပါသည်။ တံခွန်တိုင် အမြင့် ၇၄ ပေ ရှိပါသည်။

(၂) အာရုံခံတန်ဆောင်းသုံးဆောင်။ ရင်ပြင်တော်အနောက်တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့မြောက်ထောင့်တို့တွင် တည်ရှိပါသည်။

(၃) ခေါင်းလောင်းတော်နှစ်လုံး။ အနောက်ဘက်မုခ်ဦး လှေကားထိပ်ရင်ပြင်တော် ဝဲယာတွင် တည်ရှိပါသည်။

(၄) မင်္ဂလာမောင်းတော်။ မြောက်ဘက်မုခ်ဦး လှေကားထိပ် ရင်ပြင်တော်ယာဘက်တွင် တည်ရှိပါသည်။

(၅) နတ်မင်းကြီးလေးပါးနှင့် ကျောက်ထီးတော်။ မြောက်ဘက်မုခ်ဦးလှေကားထိပ် ရင်ပြင်တော် ဝဲဘက်တွင် တည်ရှိပါသည်။

(၆) ရင်ပြင်တော်။ နှစ်ပေ ပတ်လည်စကျင်ကျောက်ပြားများ ခင်းကျင်းထားပါသည်။

(၇) ရင်ပြင်တော်မဟာရံတံတိုင်း။ တံတိုင်းထက်ရှိ စိန်တောင်များတွင် တိုင်းရင်းသား ပေါင်းစုံတို့၏ ရိုးရာအသုံးအဆောင်ပုံများ၊ မြန်မာ့ဓလေ့ကျေးလက်ပုံများ၊ မြို့ပြပုံစံများ သစ်သီးပေါင်းစုံပုံများ၊ ပန်းမျိုးစုံပုံ၊ ကုန်းကြောင်း-ရေကြောင်း- လေကြောင်းသုံး ယာဉ်များ၊ တောင်သူလယ်သမားများ၏ လုပ်ငန်းသုံးပစ္စည်း မျိုးစုံပုံများစသည့်ဖြင့် သိမှတ်ဖွယ်ရာ သရုပ်ပြပုံများကို မြန်မာမှုပန်းတော့ ပညာရပ်ဖြင့် ဆန်းသစ်စွာ တည်ဆောက်ထားပါသည်။

(၈) ဝတ္တကမြေမဟာရံတံတိုင်း။ စိန်တောင်များတွင် ပုံမျိုးစုံထည့်သွင်း တည်ဆောက်ထားပါသည်။

(၉) ထာဝရငြိမ်းချမ်းရေး သာသနာ့ဗိမာန်တော်။ စေတီတော်ပရိဝုဏ် အရှေ့မြောက်ထောင့်တွင် အလျား ၁၅၂ ပေ၊ အနံ ၆၄ ပေ ဧရိယာဖြင့် ခမ်းနား ထည်ဝါစွာ မြန်မာမှုကနုတ်ပန်းများ တပ်ဆင်တည်ဆောက်ထားပါသည်။

(၁၀) မြေယာရှုခင်း။ စေတီတော်ပတ်လည်တွင် သစ်ပင်ပန်းမန်များ၊ မြက်ခင်းအလှများဖြင့် သန့်ရှင်းသပ်ရပ် အေးချမ်းကြည်မွေ့ဖွယ် စိုက်ပျိုးစီမံထားပါသည်။

(၁၁) မုခ်ဦးလှေကားလေးစင်း။ စေတီတော်အထက် မုခ်ဦးလှေကားလေးစင်းကို ထူးခြားဆန်းသစ်စွာ ဖြင့် စိတ်ဝင်စားဖွယ် တည်ဆောက်ထားပါသည်။

(က) အရှေ့ဘက်မုခ်ဦးတွင် ရွှေဥဒေါင်းမင်းပုံတော်၊

(ခ) တောင်ဘက်မုခ်ဦးတွင် ရွှေဟင်္သာမင်းပုံတော်၊

(ဂ) အနောက်ဘက်မုခ်ဦးတွင် နဂါးမင်းပုံတော်နှင့်

(ဃ) မြောက်ဘက်မုခ်ဦးတွင် ရွှေငုံးမင်းပုံတော်တို့ကို သွန်းလောင်းစီခြယ် ပူဇော်ထားပါသည်။

**ဘုရားလောင်းအတိတ်ဘဝ ဖြစ်စဉ်အချို့ကိုလည်း ဖော်ပြထား**

မြန်မာမှု ပန်းတော့ပညာရပ်၏ ထူးချွန်ပြောင်မြောက်သည့် မြန်မာ့လက်ရာမွန်ကို ရှုမြင်နိုင်ရုံမျှမက ဘုရားအလောင်းတော်၏ အတိတ်ဘဝဖြစ်တော်စဉ် အချို့ကို ရည်ညွှန်းပုံဖော်ပူဇော်ထားသဖြင့် ဘုရားဖူးပြည်သူများအနေဖြင့် ကုသိုလ်တရားများ တိုးပွားနိုင်ကြမည် ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မုံရွေး- ဇေတဝန်ဆရာတော်ကြီး ရေးသားတော်မူသည့် "ဖြစ်တော်မူပေါင်းချုပ်လင်္ကာ"တွင် ဘုရားအလောင်းတော် ကျင်လည်ခဲ့ရဖူးသည့် ဘဝမျိုးစုံကို ဖြစ်ခဲ့သည့် အကြိမ်အရေအတွက်နှင့်တကွ ပြဆိုထားပါသည်။ အလောင်းတော်သည် ရွှေဥဒေါင်းမင်းဘဝသုံးကြိမ်၊ ရွှေဟင်္သာမင်းဘဝ (၁၀)ကြိမ်၊ နဂါးမင်းဘဝခြောက်ကြိမ်နှင့်ရွှေငုံးမင်းဘဝလေးကြိမ် ဖြစ်ခဲ့ဖူးကြောင်းကို ကျမ်းစုံညှိလျက် ပြဆိုထားသည်ကို တွေ့ရှိရပါသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ဖန်တည်ထားသည့် ပုံတော်များနှင့် စပ်လျဉ်း၍ ရွှေပါရမီတောရဆရာတော်၏ မိန့်ညွှန်ချက်ကို အခြေတည်လျက် ပိဋကတ်တော်လာအတိုင်း အကျဉ်းချုံးကာ ညွှန်ပြလိုပါသည်။

"ဥဒေါင်း-ကာရံ၊ ဟင်္သာ-မာန်ကင်း၊ နဂါးမင်း-သီလ၊ ငုံးလှ-သစ္စာ၊ ဂုဏ်လွှာ-ရည်မှန်း စဉ်ငြိမ်းချမ်း" ဟု လင်္ကာသီအပ်ပါသည်။

(က) ရွှေဥဒေါင်းမင်းပုံတော်။ မဟာမောရဇာတ်တော်တွင် ဘုရားအလောင်းတော်သည် ဥဒေါင်းငှက်မျိုး၌ဖြစ်၍ ရွှေရောင်အဆင်းနှင့်ပြည့်စုံကာ အခြားသော ဥဒေါင်းငှက်များထက် သာလွန်ချောမော လှပခံ့ညားလှပါသည်။ အရွယ်ရောက်သည့်အခါ ခွန်အားဗလစွမ်းရည်သတ္တိနှင့် ပြည့်စုံသဖြင့် "ဥဒေါင်းမင်း" အဖြစ် ရွေးချယ်တင်မြှောက်ခံရပါသည်။ တစ်နေ့တွင် ရွှေဥဒေါင်းမင်းသည် ဘေးရန်ကင်းရှင်းရေးအတွက် အပေါင်းအဖော်များနှင့် ခွဲခွာပြီး ဟိမဝန္တာတောနက်အတွင်းရှိ လိုဏ်ဂူတစ်ခုတွင် တစ်ဦးတည်းနေထိုင်ပြီး နေထွက်ချိန်တွင် "ဥဒေတယံ"ဂါထာ၊ နေဝင်ချိန်တွင် "အပေတယံ" ဂါထာပရိတ်ကို အမြဲမပြတ် ရွတ်ဖတ်ကာ အရံအတားပြုလျက် အန္တရာယ်ကင်းရှင်းစွာဖြင့် နေထိုင်ခဲ့ပါသည်။

မင်းခုနစ်ဆက်၊ မုဆိုးခုနစ်ဆက်တို့ ဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြသော်လည်း ပရိတ်တော်၏ အစွမ်းကြောင့် မဖမ်းဆီးနိုင်ကြချေ။ တစ်နေ့တွင် ဥဒေါင်းငှက်ငယ်မလေး၏ အသံကြောင့် ပရိတ်မရွတ်မိသဖြင့် ညွှတ်ကွင်းမိခဲ့သော်လည်း မုဆိုးအား တရားဟောပြပေးလိုက်ရာ မုဆိုးလည်း ပစ္စေကဗုဒ္ဓါဖြစ်၍ အလောင်းတော် ဥဒေါင်းမင်းသည်လည်း ပရိတ်တော်နှင့် တရားတော်၏ အစွမ်းကြောင့် ညွှတ်ကွင်းမှ လွတ်ကင်းတော်မူခဲ့ပါသည်။ (ဇာ၊ ဋ္ဌ၊ ၄။ ၃၃၃)

ဤဇာတ်တော်အရ အလောင်းတော် ဥဒေါင်းမင်း၏ နေထွက်၊ နေဝင်ချိန်တိုင်း ပရိတ်ရွတ်ဖတ်၍ အရံအတားပြုသည်ကို စံနမူနာထား၍ ဘုရားဖူးပြည်သူများအနေဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော် နာယူကြည်ညိုနိုင်စေရန်နှင့် နှောင့်ယှက်ရန်စွယ် အန္တရာယ်ဟူသမျှမှ ကင်းပအေးချမ်းစေရန် ရည်သန်လျက် စေတီတော် အရှေ့ဘက်လှေကား မုခ်ဦးနှင့် ငြိမ်းချမ်းရေး တံခွန်တိုင်တော်တို့တွင် ရွှေဥဒေါင်းမင်း ပုံတော်များကို ဖန်တည် ပူဇော်ထားခြင်း ဖြစ်ပါသည်။

(ခ) **ရွှေဟင်္သာမင်းပုံတော်။** ဇဝနဟံသဇာတ်တော်တွင် ဘုရားအလောင်းတော်သည် ဇဝနဟင်္သာမင်းဖြစ်၍ စိတ္တကူဋတောင်၌ ဟင်္သာကိုးသောင်းခြံရံ၍ နေထိုင်လျက်ရှိပါသည်။ တစ်နေ့တွင် ဟင်္သာအပေါင်း ခြံရံလိုက်ပါလျက်အစာရှာပြီး ဗာရာဏသီမြို့ပေါ်မှဖြတ်၍ ပျံသန်းလာစဉ် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းနှင့် မိတ်ဆွေများ ဖြစ်ခဲ့ကြပါသည်။

အလောင်းတော်၏ ညီငယ်ဟင်္သာနှစ်ဦးတို့နေနှင့်အပြိုင် ပျံသန်းကြစဉ် ခြေကုန်လက်ပန်းကျနေသည့် ညီငယ်နှစ်ဦးကို အလောင်းတော် ရွှေဟင်္သာမင်းကိုယ်တိုင် အချိန်မီသွားရောက်ကယ်တင်ပေးခဲ့ရပါသည်။ ထို့နောက် အလောင်းတော်သည် မိတ်ဆွေဖြစ်သူ ဗြဟ္မဒတ်မင်းထံ သွားရောက်လည်ပတ်စဉ် ဗြဟ္မဒတ်မင်း၏ တောင်းဆိုချက်အရ မိမိ၏လျင်မြန်စွာ ပျံသန်းနိုင်သည့် စွမ်းရည်ကို မင်းပရိသတ်ရှေ့မှောက်တွင် အံ့သြဖွယ် ပျံသန်းပြခဲ့ပါသည်။

အလောင်းတော် ရွှေဟင်္သာမင်း၏ အလွန်လျင်မြန်လှသည့် ပျံသန်းမှုစွမ်းရည်ကို တအံ့တသြငေးမောကြည့်ရှုနေသည့် ဗြဟ္မဒတ်မင်းကြီးအား အလောင်းတော်က **"လောကတွင် လျင်မြန်သမျှအရာအားလုံးထက် အဆပေါင်းရာထောင်သိန်းသန်းမက ပိုမိုလျင်မြန်သည့်အရာမှာ သေခြင်းတရားဖြစ်ကြောင်း၊ သေခြင်းတရား ရောက် မလာမီ ဒါနစသော ကုသိုလ်ကောင်းမှုများကို ကြိုတင်၍ အမြဲမပြတ် ပြုကျင့်ဆည်းပူးသင့်ကြောင်းနှင့် ယင်းသို့ ပြုကျင့်ဆည်းပူးနိုင်မှသာ ကောင်းကျိုးချမ်းသာများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း"** လမ်းညွှန်ဟောပြဆုံးမပေးခဲ့ပါသည်။(သံ၊ ဋ္ဌ၊ ၂။ ၂၀၇)(ဇာ၊ ဋ္ဌ၊ ၄။ ၂၁၂)



ထာဝရငြိမ်းချမ်းရေးစေတီတော် စိန်ဖူးတော်တင်လှူပူဇော်သည့် ၁၁-၁၁-၂၀၁၉ ရက်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ အထက်ဌာပနာတော်တွင် သွင်းလှူပူဇော်မည့် ဌာပနာတော်များအား ကြည်ညိုကြစဉ်။ ဓာတ်ပုံ- ကိုကိုစိုးညွန့်

ဤဇာတ်တော်အရ နေမင်းနှင့်အတူ ပျံသန်းနိုင်စွမ်းရှိသည့် အလောင်းတော် ဇဝနဟင်္သာမင်း၏ အလွန်လျင်မြန်လှသည့် အဟုန်ထက်အဆပေါင်း သိန်းသန်းမက ပိုမိုလျင်မြန်လွန်းလှသည့် သေခြင်းတရားကို အာရုံပြုဆင်ခြင်၍ ဘုရားဖူးပြည်သူများအနေဖြင့် မရဏာနုဿတိဘာဝနာကို အမြဲမပြတ်ဆင်ခြင်ပွားများကာ မာန်မာနများ ပယ်ခွာကြလျက် မအိုမီမနာမီ မသေမီကာလ ယခုအချိန်မှစ၍ ဒါနစသော ကုသိုလ်ကောင်းမှုများကို ကြိုကြိုတင်တင်ဖြင့် မမေ့မလျော့ပြု ကျင့်ဆည်းပူးနိုင်ကြစေရန် ရည်သန်၍ တောင်ဘက် လှေကားမုခ်ဦးတွင် ရွှေဟင်္သာမင်းပုံတော်များကို ဖန်တည်ပူဇော်ထားခြင်း ဖြစ်ပါသည်။

(ဂ) **နဂါးမင်းပုံတော်။** ဘူရိဒတ်ဇာတ်တော်တွင် ဗာရာဏသီမင်း၏ သားတော်ဗြဟ္မဒတ်မင်းသားသည် နဂါးမနှင့်ညား၍ သားတော်သာဂရဒတ္တနှင့် သမီးတော် သမုဒ္ဒဇာတို့ကို ဖွားမြင်ခဲ့ပါသည်။ ဖခင် ဗာရာဏသီမင်း နတ်ရွာစံသွားသောအခါ သားတော် ဗြဟ္မဒတ်မင်းသည် ဗာရာဏသီမင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး သမီးတော် သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်းနှင့် လက်ထပ်ပေးခဲ့ရာ သုဒဿန၊ ဒတ္တ၊ သုဘောဂ၊ အရိဋ္ဌ ဟူသောနဂါးသားတော်လေးဦး ဖွားမြင်ခဲ့ပါသည်။

ခမည်းတော် ဓတရဋ္ဌနဂါးမင်းကြီးက နဂါးသားတော်လေးဦးတို့အား ယူဇနာတစ်ရာစီ နယ်မြေပိုင်းခြား၍ အခြွေအရံများနှင့်တကွ မင်းအဖြစ်ကို ပေးအပ်ချီးမြှင့် ခဲ့ပါသည်။ သားတော်လေးဦးတို့တွင် ဘုရားအလောင်းတော် ဒတ္တနဂါးမင်းသည် နဂါးပြည်၌ ဖြစ်ပေါ်သမျှသော ပြဿနာများကို ဖြေရှင်းပေးနိုင်ရုံမျှမက ဝိရူပက္ခနဂါးမင်းထံတွင်လည်းကောင်း၊ သိကြားမင်းထံတွင်လည်းကောင်း ဖခင်နဂါးမင်းနှင့် အတူလိုက်ပါသွားစဉ်အများမဖြေရှင်းနိုင်သည့် ပြဿနာမျိုးစုံကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ပါသည်။ ထိုအချိန်မှစ၍ အလောင်းတော်သည် မဟာပထဝီမြေကြီးပမာ ကြီးကျယ်ပြန့်ပြောသည့် ဉာဏ်ပညာနှင့် ပြည့်စုံသည့်အတွက် "ဘူရိဒတ္တ" ဟူသောအမည်ကို ရရှိခဲ့ပါသည်။

အလောင်းတော် ဘူရိဒတ်နဂါးမင်းသည် လူ့ပြည်သို့ လာရောက်၍ အရေ၊ အကြော၊ အရိုး၊ အသွေးတို့ကို စွန့်လွှတ်နိုင်သည့် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို စောင့်ထိန်းခဲ့ပါသည်။ အလောင်းတော် ဥပုသ်သီလစောင့်ထိန်းနေစဉ် မြွေအလမ္ပာယ်ဆရာတစ်ဦး၏ ဖမ်းဆီးခြင်းကိုခံရပြီး မြို့ရွာဇနပုဒ်များသို့ လှည့်လည် ကပြဖြေဖျော်ပေးခဲ့ရပါသည်။ အလောင်းတော်သည် ဥပုသ်သီလကို မြဲမြံစွာစောင့်ထိန်းထားသဖြင့် မျက်စောင်းထိုးလိုက်လျှင် အရာအားလုံးပြာကျသွားနိုင်သည့် နဂါးတို့၏ ဒေါသမျက်စောင်းဖြင့် မကြည့်မိအောင် မျက်စေ့မှိတ်၍ ဥပုသ်သီလမပျက်စေရေးအတွက် စောင့်ထိန်းသည်းခံနိုင်ခဲ့ပါသည်။ အလောင်းတော်၏ သီလပါရမီနှင့် ခန္တီပါရမီဖြည့်ကျင့်နိုင်မှုကား အံ့မခန်းကြည်ညိုဖွယ် ကောင်းလှပါသည်။

အလောင်းတော်ဘူရိဒတ်နဂါးမင်းသည် မြွေအလမ္ပာယ်ဆရာစေခိုင်းသည့်အတိုင်း အနယ်နယ်အရပ်ရပ်တွင် ကပြဖြေဖျော်ပေးခဲ့ရာ မင်းရင်ပြင်အထိ ရောက်ရှိလာခဲ့ပါသည်။ အစ်ကိုဖြစ်သူ သုဒဿန နဂါးမင်းသည် နှမဖြစ်သူ အဇမုခီနဂါးမနှင့်အတူ ရသေ့အသွင်ဖြင့် လူ့ပြည်သို့ လိုက်လာပြီး အဆင့်ဆင့်စုံစမ်းကာ မင်းရင်ပြင်အထိ လာရောက်ကယ်ဆယ်၍ မင်းကြီးအား အကြောင်းစုံ ရှင်းပြပြီးနောက် ညီဖြစ်သူ အလောင်းတော်ကို ပြန်လည်ခေါ်ဆောင်သွားသဖြင့် ဘူရိဒတ်နဂါးမင်းသည် နဂါးပြည်သို့ ပြန်လည်ရောက်ရှိသွားပါသည်။ (စရိယာ၊ ဋ္ဌ။ ၁၁၆) (ဇာ၊ ဋ္ဌ၊ ၇။ ၁)

ဤဇာတ်တော်အရ အလောင်းတော် ဘူရိဒတ်နဂါးမင်းသည် မြဲမြံစွာ ဆောက်တည်ကျင့်သုံးလျက်ရှိသည့် ဥပုသ်သီလကို မကျိုးမပေါက်မပျက်မစီးအောင် စောင့်ထိန်းကာအမျက်ဒေါသဖြစ်ပေါ်မလာအောင် ချုပ်တည်းသည်းခံပြီး ပါရမီမြောက်အောင် ဖြည့်ကျင့်ဆည်းပူးနိုင်ခဲ့ပါသည်။

ဘုရားဖူးပြည်သူများအနေဖြင့် အလောင်းတော်ဘူရိဒတ်နဂါးမင်း၏ သီလဂုဏ်နှင့် ခန္တီဂုဏ်တို့ကို အာရုံမှန်း၍ သီလကိုလုံခြုံစွာ စောင့်ထိန်းနိုင်ကြစေရန်နှင့် အရာရာကို သည်းခံနိုင်မှု ခန္တီတရားလက်ကိုင်ထားကျင့်သုံးနိုင်ကြစေရန် ရည်သန်လျက် အနောက်ဘက်လှေကားမုခ်ဦးတွင် နဂါးမင်းပုံတော်ကို ဖန်တည်ပူဇော်ထားခြင်း ဖြစ်ပါသည်။

(ဃ) **ရွှေငုံးမင်းပုံတော်။** ဝဋ္ဋဇာတ်တော်တွင် ဘုရားအလောင်းတော်သည် မဂဓတိုင်းရှိ တောအုပ်တစ်ခုတွင် ဥခွံမှ ပေါက်ဖွားပြီးစကာလ ငုံးပေါက်ငယ်လေး ဖြစ်ခဲ့ပါသည်။ ထိုအချိန်တွင် တောမီးများ လောင်ကျွမ်းလာသဖြင့် မိဘနှစ်ဦးတို့က စွန့်ခွာထွက်ပြေးသွားကြပါသည်။

စွန့်ပစ်ခံ ဖွားသစ်စ ငုံးပေါက်ငယ်အလောင်းတော်လေးသည် တောမီးကြီး လောင်ကျွမ်းနေခိုက်မှာပင် သီလနှင့်သစ္စာတရားတို့ကို ဆင်ခြင်ပါသည်။ ပွင့်တော်မူပြီးသည့် ရှေးဘုရားရှင်တို့၏ ဂုဏ်တော်များကို အာရုံပြု၍ သစ္စာဆိုလိုက်ပါသည်။

**"ငါ့မှာ တောင်ပံများရှိသော်လည်း မပျံသန်းနိုင်သေးပါ၊ ခြေထောက်များ ရှိသော်လည်း မလျှောက်လှမ်းနိုင်သေးပါ၊ ငါ၏ မိဘများက ငါ့ကိုစွန့်ခွာသွားကြပြီ။ ဤမှန်သော သစ္စာစကားကြောင့် ယခုလောင်မြိုက်လျက်ရှိသော တောမီးကြီးသည် ဤနေရာမှ ဝေးရာသို့ ရှောင်ကွင်းသွားပါစေသတည်း"**

အလောင်းတော်က ဤသို့ သစ္စာဆိုလိုက်သည်နှင့် တစ်ပြိုင်နက် တဟုန်းဟုန်း တောက်လောင်လျက်ရှိသည့် တောမီးကြီးသည် အလောင်းတော်လေး၏ အသိုက်ရှိရာနေရာကို ရှောင်ကွင်းသွားပါတော့သည်။

(စရိယာ၊ ဋ္ဌ။ ၂၅၅) (ဇာ၊ ဋ္ဌ၊ ၁။ ၂၂၈)

ဤဇာတ်တော်အရ အလောင်းတော်ရွှေငုံးမင်း၏ သစ္စာအစွမ်းကြောင့် မီးဘေးမှ ကင်းဝေးရသည်ကို စံနမူနာယူ၍ ဘုရားဖူးပြည်သူများအနေဖြင့် သစ္စာတရားကို မြတ်နိုးတန်ဖိုးထားပြီး ဖြောင့်မတ်တည်ကြည်ကြစေရန်နှင့် အပူဘေးမှကင်းဝေးနိုင်ကြစေရန် ရည်သန်လျက် မြောက်ဘက်လှေကား မုခ်ဦးတွင် ရွှေငုံးမင်းပုံတော်များကို ဖန်တည်ပူဇော်ထားခြင်းဖြစ်ပါသည်။

ဖော်ပြပါဇာတ်တော်များကို သာဓကဆောင်၍ အတိတ်ဘဝများစွာက ဘုရားအလောင်းတော် ဖြည့်ကျင့်ဆည်းပူးခဲ့သော ကုသိုလ်တော်ပါရမီများကို အာရုံပြုကာ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရာတွင် ဘုရားအလောင်းတော် ကျင်လည်ခဲ့ဖူးပြီး ဖြစ်တော်စဉ်ဘဝများတွင် ပါဝင်သည့် ရွှေဥဒေါင်းမင်း၊ ရွှေဟင်္သာမင်း၊ နဂါးမင်းနှင့် ရွှေငုံးမင်းပုံတော်တို့ကို မြန်မာမှုအနုလက်ရာ ပန်းတော့ပညာ၊ ပန်းတမော့ပညာ၊ ပန်းချီပညာရပ်များဖြင့် အနုစိတ် စီသွင်းထုဆစ်ခြယ်မှုန်းလျက် ဖန်တည်ပူဇော်ထားခြင်းဖြစ်ရာ ကြည်ညိုသဒ္ဓါဖြစ်ပွားနိုင်ကြစေရန် အလို့ငှာ ပိဋကတ်တော်လာ ကျမ်းဂန်တော်များမှ ထုတ်နုတ်တင်ပြလိုက်ရပါသည်။

နေပြည်တော် ထာဝရငြိမ်းချမ်းရေးစေတီတော်သို့ လာရောက်ဖူးမြော်သူများအားလုံး ယောနိသောမနသိကာရ အရင်းခံသည့် ကုသိုလ်တော်ပါရမီများကို စွမ်းအားရှိသလောက် ဖြည့်ကျင့်ဆည်းပူးနိုင်ကြပြီး ဆည်းပူးခဲ့သည့် ကုသိုလ်တော်ပါရမီစွမ်းအားများကြောင့်-

- ❖ ပရိတ်ရွတ်ကာ ဘေးရန်ကွာ ချမ်းသာကြပါစေ၊
- ❖ သေမှုဆင်ခြင် မသေခင် ကြိုတင်ကုသိုလ်ပြုနိုင်စေ၊
- ❖ သီလဆောက်တည် ကောင်းကျိုးရည် ခန္တီကျင့်သုံးသည်းခံလေ၊
- ❖ သစ္စာဆိုသူ ဖြောင့်မှန်မှု ရန်သူမီးဘေး ကင်းနိုင်စေ၊
- ❖ သဒ္ဓါစိတ်တူ မြန်ပြည်သူနိဗ္ဗူကိန်းလို့ ငြိမ်းချမ်းစေ-ဟု

ဆုမွန်ပတ္ထနာခြွေလျက် ထူးကဲဂုဏ်မို ကြည်ညိုစဖွယ် တင့်တယ်သပ္ပာယ်တော်မူလှသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်အား ရိုသေမြတ်နိုး ရှိခိုးနှစ်ခြိုက် ဦးခိုက်ကော်ရော် ပူဇော်အပ်ပါသတည်း။ ။

◆*ကျော့ဖုံးမှ*

(က) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့် ဒုတိယသုံးလပတ်အတွက် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုန်ဆုံးမည့် တတိယသုံးလပတ်အတွက်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးမည့် စတုတ္ထသုံးလပတ်အတွက်လည်းကောင်း၊ သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်များကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ပေးဆောင်နိုင်ပါသည်။

(ခ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်မှစတင်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နိုဝင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးမည့်လအတွက်အထိ လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ပေးဆောင်နိုင်ပါသည်။

●*ကျော့ဖုံးမှ*

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး မစ္စတာ ခရမ် ဒီဗန် လယ်အိုလူ က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းပွဲတွင် တူရကီနိုင်ငံက အမေရိကန်ဒေါ်လာ ၅၅၀၀၀ တန်ဖိုးရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်း(၁၆)မျိုးကို လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်(MNA)**

**သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၃ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဆင်ဘိုကုန်းကျေးရွာနေ ကျော်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၈-၂၀၂၀ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ဆင်ဘိုကုန်းကျေးရွာနေ ကျော်လွင်(၄၁)နှစ်၊ (ဘ)ဦးဘညဏ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မိုးညှင်း)မယ(ပ)၁၄၇/၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်း ဒေသကြီး၊ ရေဦးမြို့နယ်၊ ကင်းစမ်းကျေးရွာနေ သန်းမိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၃၀-၈-၂၀၂၀ ရက်နေ့တွင် ရေဦးမြို့နယ်၊ အောက်ကဲ့ဇင်ကျေးရွာ-လက်မထောင်းကျေးရွာသွား လမ်းမပေါ်၌ ၎င်းမြို့နယ်၊ ကင်းစမ်းကျေးရွာနေ သန်းမိုး(၃၉)နှစ်၊ (ဘ) ဦးစိန်မောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တင်းတိမ်ရဲ) မယ(ပ) ၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်း ဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ခင်မောင်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၉-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ ခင်မောင်လွင်(၄၁)နှစ်၊ (ဘ)ဦးမောင်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ခင်မောင်လွင်အား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ မအေးအေးသင်း(၄၁)နှစ်၊ (ဘ)ဦးဆန်းအောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်)မယ(ပ)၁၆၀/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်း ဒေသကြီး၊ အင်းတော်မြို့နယ်၊ ဂျုံးဂျုံးကျကျေးရွာနေ ဒေါ်ငွေးမြင့်သည် မဲဇာချောင်း ကူးတို့ဆိပ်တွင် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၄-၉-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ဂျုံးဂျုံးကျကျေးရွာနေ ဒေါ်ငွေးမြင့်(၄၂)နှစ်၊ (ဘ)ဦးအောင်၏နေအိမ် ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ)၁၅၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်း ဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခ ရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်း ပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၂၄)ဦး၊ မ(၄)ဦး၊ ပေါင်း(၂၈)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ICEများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၃၀-၈-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာလမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ရဲမင်းဦး(၃၀)နှစ်၊ (ဘ)ဦးသန်းဇော်ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၁၇၈/၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | တနင်္သာရီတိုင်း ဒေသကြီး၊ ကော့သောင်းမြို့နယ်၊ မပုတေးကျေးရွာနေ ကိုမျိုးသည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၉-၂၀၂၀ ရက်နေ့တွင် ကော့သောင်းမြို့နယ်၊ မပုတေးကျေးရွာနေ ကိုမျိုး(ခ)သန့်ဇော်မိုး(၃၃)နှစ်၊ (ဘ)ဦးခင်လှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ချစ်စန်းမောင်(၂၁)နှစ်၊ (ဘ)ဦးဇော်မျိုး၊ ခင်မောင်လတ်(၂၄)နှစ်၊ (ဘ)ဦးသန်းစိုးနှင့် နေလင်းထွန်း (ခ)အာမင်(၂၄)နှစ်၊ (ဘ)ဦးမင်းထွန်းတို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ(ပ)၁၈၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်း ဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ သပြေပင် ရွှေလုပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၉-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ရွှေမိုင်းမြို့ကျေးရွာ (သပြေပင်ရွှေလုပ်ကွက်)နေ မဝင့်နန္ဒာအောင်(၂၂) နှစ်၊ (ဘ)ဦးလူချော၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရမည်းသင်း)မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်း ဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ အောင်ဇေယျ တံတားအောက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၄-၉-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ အောင်ဇေယျတံတားအောက်နေ မျိုးလှိုင်(၅၂)နှစ်၊ (ဘ)ဦးစိန်လှိုင်၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ) ၁၅၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မော်စက် ရပ်ကွက်နေ ကြည်ကြည်မော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၉-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ မော်စက်ရပ်ကွက်နေ မကြည်ကြည်မော်(ခ)စန်းစန်းကြည်(၂၈)နှစ်၊ (ဘ)ဦးကြည်လေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ သက်နောင်(ခ)နောင်နောင်(၂၉)နှစ်၊ (ဘ)ဦးစောနောင်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ) ၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၈) ရပ်ကွက်နေ ကောင်းခန့်ကျော်(ခ) ကောင်းကောင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၉-၂၀၂၀ရက်နေ့တွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ (၁၈) ရပ်ကွက်နေ ကောင်းခန့်ကျော်(ခ)ကောင်းကောင်း (၂၂)နှစ်၊(ဘ)ဦးကျော်စိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ လင်းလင်းထွန်း (၂၁)နှစ်၊(ဘ)ဦးစိုးလေးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး တစ်ရပ်ကွက်တည်းနေ မယမင်းစိုး(၂၂)နှစ်၊ (ဘ) ဦးစိုးမင်းခိုင်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းတို့(၃)ဦးအား နမစ(သောင်ကြီး) မယ(ပ) ၇၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၂ (ခ)/၂၁ ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ စံလောင်းကျေးရွာနေ မအေးဖြစ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၂-၉-၂၀၂၀ ရက်နေ့တွင် သီပေါမြို့နယ်၊ စံလောင်းကျေးရွာနေ မအေးဖြစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် မအေးဖြစ်အား မတွေ့ရှိဘဲ ၎င်းကျေးရွာနေ အိုက်မွမ်း (၂၂)နှစ်၊ (ဘ)ဦးအိုက်ထနှင့် ခိုင်းလုံကျေးရွာနေ စိုင်းဖေ (၂၇) နှစ်၊ (ဘ)ဦးအိုက်ထွန်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ) မယ(ပ)၅၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၅-၉-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၃၂၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၆၈၈)ဦး၊ မ(၃၃၄)ဦး၊ ပေါင်း(၂၀၂၂)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၄၀၈.၄၁၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၇၁၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၅၁၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၆၈၄၀၁)ပြား၊ ဆေးခြောက် (၁၄၇၁၃.၄၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၇)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# ရခိုင်ပြည်နယ်တွင်သာမက အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၌လည်း ကူးစက်ဖြစ်ပွားမှုများပြားလာသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

ရခိုင်ပြည်နယ်တွင်သာမက အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၌လည်း ကူးစက်ဖြစ်ပွားမှုများပြားလာသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက Video Conferencing စနစ်ဖြင့် ပြုလုပ်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံများမှ ဆေးပညာအထူးကုဆရာဝန်ကြီးများ၊ ရခိုင်ပြည်နယ်သို့ရောက်ရှိနေသော ဗဟိုကွင်းဆင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**အသိပေးမျှဝေ**

အစည်းအဝေးတွင် လက်ရှိ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု များပြားနေသော ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၏ အခြေအနေများအား ခြုံငုံဆန်းစစ်သုံးသပ်မှုများနှင့် လက်ရှိဆေးရုံအသီးသီးတွင် ကုသမှုခံယူနေသော ကိုဗစ်-၁၉ လူနာများ၏ အခြေအနေများအား တင်ပြခြင်း၊ လူနာများတွင် တွေ့ရှိရသော ရောဂါလက္ခဏာများ၊ ရောဂါပိုးတွေ့ရှိပြီး စတင်ဆေးရုံတက်စဉ်က မည်သည့်ရောဂါလက္ခဏာမျှ မရှိသော်လည်း ရောဂါဖြစ်ပွားပြီး ကာလတစ်ခုတွင် ကိုဗစ်-၁၉ ကြောင့် ပြင်းထန်အဆုတ်ရောင်ရောဂါအပါအဝင် အခြားရောဂါ လက္ခဏာများ ဖြစ်ပွားလာနိုင်မှုတို့ကို အသိပေးမျှဝေခြင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အသွားအလာကန့်သတ်ထားရှိမှု အခြေအနေများနှင့် အသွားအလာကန့်သတ်ရန် နေရာများ ရှာဖွေစီစဉ်ထားရှိမှုအခြေအနေများအား တင်ပြခြင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောဂါကူးစက်နိုင်ခြေများသူများအား ကျပန်းစနစ်ဖြင့် ရွေးချယ်ကာ rapid test kit ဖြင့် ပဋိပစ္စည်းများ (antibodies) ရှိ၊ မရှိစစ်ဆေးမှုမှ တွေ့ရှိချက်နှင့် ဆန်းစစ်သုံးသပ်ချက်များအား တင်ပြခြင်း၊ စစ်တွေမြို့တွင် မိမိအိမ်တွင်သာ နေထိုင်ရေး (stay at home) အစီအစဉ်လိုက်နာဆောင်ရွက်မှုနှင့် နှာခေါင်းနှင့်ပါးစပ်စည်း (mask) တပ်ဆင်ခြင်းအပါအဝင် ရောဂါကာကွယ်ရေးနည်းလမ်းများအား လိုက်နာကျင့်သုံးမှုအခြေအနေများကို ကွင်းဆင်းလေ့လာဆန်းစစ်မှုအတွေ့အကြုံကို ရှင်းလင်းတင်ပြခြင်း၊ COVID–19 Clinical Management Committee မှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမေရိကန် CDC နှင့် နောက်ဆုံးပေါ် သုတေသနတွေ့ရှိချက်များအပေါ် အခြေခံပြီး ကိုဗစ်-၁၉ လူနာများ ဆေးရုံဆင်းခွင့် သတ်မှတ်ချက်များအား မွမ်းမံပြင်ဆင်ထားရှိမှုနှင့် အလားတူ အသွားအလာကန့်သတ်မှုဆိုင်ရာ သတ်မှတ်ချက်များ မွမ်းမံပြင်ဆင်ကာ အတည်ပြုနိုင်ရေး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြထားရှိမှုတို့ကို အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ နေ့စဉ်ဆက်သွယ်ကာ ဆေးနှင့်ဆေးပစ္စည်း လက်ကျန်စာရင်းများ ပြုစုခြင်းနှင့် ဖြည့်ဆည်းခြင်းများ ဆောင်ရွက်နေမှုအခြေအနေများအား တင်ပြခြင်း၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)တွင် လူနာဆောင်များ ထပ်မံတိုးချဲ့နေမှုနှင့် ဆရာဝန်၊ သူနာပြုနှင့် အထောက်အကူပြုပညာရှင်များ၊ ပံ့ပိုးကူညီဆောင်ရွက်သူများ ပါဝင်သော အဖွဲ့တစ်ခု ထပ်မံဖွဲ့စည်းရန်ကိစ္စတင်ပြခြင်း၊ ဆေးပညာ၊ အရေးပေါ်ကုသမှုဆေးပညာနှင့် မေ့ဆေးပညာ မဟာဘွဲ့သင်တန်း (နောက်ဆုံးနှစ်) တက်ရောက်နေသူ ဆရာဝန်များ၊ သူနာပြုမဟာဘွဲ့နှင့် အထူးပြုသူနာပြုဒီပလိုမာသင်တန်းများ တက်ရောက်နေသည့် သူနာပြုများအား "မိမိဆန္ဒအလျောက်" ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး ကိစ္စကို အဆိုပြု တင်ပြခြင်း၊ ကိုဗစ်-၁၉ ခတ်ခွဲစစ်ဆေးနေမှုအခြေအနေများနှင့် ခတ်ခွဲနမူနာများကို အချိန်မီသယ်ယူပို့ဆောင်ရေးကိစ္စရပ်များ ဆွေးနွေးခြင်း၊ ရောဂါကူးစက်ပြန့်ပွားမှုများပြားနေသော ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ရောက်ရှိလာသူများအား မည်သို့စီမံခန့်ခွဲရမည်ဆိုသည့်ကိစ္စ၊ ကိုဗစ်-၁၉ လူနာများအား ပုဂ္ဂလိကဆေးရုံများတွင် လက်ခံကုသမှုပေးနိုင်ရေးအတွက် ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသွားမည့် ကိစ္စများကို တင်ပြခြင်း၊ ဆေးရုံများတွင် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်း (hospital infection prevention and control) ကို လိုက်နာကျင့်သုံးမှုကောင်းမွန်စေရေး ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Video Conferencing စနစ်ဖြင့် ပြုလုပ်သည့် ရခိုင်ပြည်နယ်တွင်သာမက အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၌လည်း ကူးစက်ဖြစ်ပွားမှုများပြားလာသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

**ကြိုတင်ပြင်ဆင်ထားရှိရမည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုနည်းပါးနေသေးသော တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများအနေဖြင့် စောင့်ကြည့်လူနာများနှင့် ခတ်ခွဲအတည်ပြုလူနာများအား စနစ်တကျ သီးခြားထားရှိ ကုသမှုပေးနိုင်ရန်အတွက် ကြိုတင်စီစဉ်မှုများပြုလုပ်ထားရှိရမည်ဖြစ်ပြီး နေရာလိုအပ်ချက်ရှိပါက သက်ဆိုင်ရာမြို့နယ်အားကစားနှင့်ကာယပညာသိပ္ပံဦးစီးဌာန၊ ပညာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ လူနာကုသသည့် ဆေးရုံများတွင် ရောဂါပြင်းထန်သည့် ကိုဗစ်-၁၉ လူနာများအတွက် အထူးကြပ်မတ်ကုသဆောင်များကို ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးမှ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရေး အသေးစိတ်စီစဉ်ညှိနှိုင်းမှုများ ပြုလုပ်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်ကာ မိမိဒေသနှင့် ကိုက်ညီသော လက်တွေ့ကျသည့် လုပ်ငန်းအစီအစဉ်များ ချက်ချင်းချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခု ကိုဗစ်-၁၉ ဖြစ်ပွားမှုမှာ လျင်မြန်စွာ ပျံ့နှံ့နေသဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များ၌ ဖြစ်ပေါ်လာမည့်အခြေအနေကို ကြိုတင်မှန်းဆကာ အချိန်နှင့်တစ်ပြေးညီ ကာကွယ်ကုသနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် စောင့်ကြည့်အကဲဖြတ်အဖွဲ့များနှင့် ကုသမှု အထူးကုများပါဝင်သည့် အဖွဲ့များ ကြိုတင်ဖွဲ့စည်းပြင်ဆင်ထားရှိရမည်ဖြစ်ပါကြောင်း၊ ယခု လျင်မြန်စွာပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ကို အချိန်နှင့်တစ်ပြေးညီ ကိုင်တွယ်တုံ့ပြန်ရမည်ဖြစ်ပြီး ဗဟိုမှလမ်းညွှန်ချက်များအား အချိန်နှင့်တစ်ပြေးညီပေးပို့နေသဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများအနေဖြင့် အီးမေးလ်ကို အချိန်မှန်ကြည့်ရှုတုံ့ပြန်ရန်မှာ အရေးကြီးပါကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ကိုဗစ်-၁၉ ဆိုင်ရာ ကူးစက်ရောဂါဗေဒနှင့် ပြည်သူ့ကျန်းမာရေးရှုထောင့် ဆန်းစစ်သုံးသပ်ချက်များအား တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေ့စဉ်ပေးပို့ရမည်ဖြစ်ပါကြောင်း။

ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲအနေဖြင့် တစ်ကိုယ်ရေရောဂါကာကွယ်ရေး အသုံးအဆောင်များအပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် လက်ကျန်စာရင်းများကို နေ့စဉ်သုံးသပ်ကာ လိုအပ်သည်များ ကြိုတင်တွက်ချက်ဝယ်ယူ ဖြည့်တင်းထားရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား စေတနာပြည့်ဝစွာဖြင့် ကုသမှုပေးနေသော ကျန်းမာရေးဝန်ထမ်းများတွင် အမှတ်တမဲ့ဖြစ်ကာ ရောဂါကူးစက်မှုမရှိစေရေးအတွက် ရောဂါကူးစက်မှုကာကွယ်ရေးလုပ်ငန်းလမ်းညွှန်များ လိုက်နာကျင့်သုံးမှု ရှိစေရေးအတွက် အချင်းချင်း သတိပေးမှုများလည်း အမြဲလုပ်ဆောင်ကြစေလိုပါကြောင်း၊ ယနေ့ထုတ်ပြန်မည့် ကိုဗစ်-၁၉ လူနာများ ဆေးရုံဆင်းခွင့်သတ်မှတ်ချက်များကို နိုင်ငံတကာ တွေ့ရှိချက်များနှင့်အညီ မွမ်းမံပြင်ဆင်ရေးဆွဲပေးခဲ့သည့် ဆေးပညာ၊ မေ့ဆေးပညာ၊ အရေးပေါ်ကုသမှုဆေးပညာ၊ အပူပိုင်းနှင့် ကူးစက်ရောဂါပညာ၊ ရောဂါဗေဒပညာ၊ ခတ်မှန်ပညာနှင့် ရင်ခေါင်းရောဂါဆေးပညာတို့မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေး ပညာရှင်ကြီးများ ပါဝင်သည့် COVID– 19 Clinical Management Committee အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**အီးမေးလ်ဖြင့် ဖြန့်ဝေ၍ အသိပေးရန်**

ယနေ့အစည်းအဝေးမှ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ လုပ်ဆောင်နေသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အခြားတိုင်းဒေသကြီး/ ပြည်နယ်မှ သိရှိနိုင်ကာ ကောင်းမွန်သည့်အချက်များအား အတုယူလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ပုံအကျဉ်းများ ပြုစုကာ တစ်ပြည်လုံးရှိ ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနများသို့ အီးမေးလ်ဖြင့် ဖြန့်ဝေ၍ အသိပေးရန်၊ ရောဂါကူးစက်မှုများပြားနေသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ရောဂါဗေဒအချက်အလက်များကို ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ လည်းကောင်း၊ ဆေးရုံပိုင်းဆိုင်ရာ အချက်အလက်များကို ကုသရေး/ ဆေးအကာအကွယ်/ ဆေးခုံဌာနခွဲမှ လည်းကောင်း ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်၍ အသိပေးမျှဝေသွားရန်၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ နောက်ဆုံးတွေ့ရှိချက်များအား အခြေခံကာ မွမ်းမံပြင်ဆင်ရေးဆွဲထားသော ကိုဗစ်-၁၉ လူနာများ ဆေးရုံဆင်းခွင့်သတ်မှတ်ချက်ကို ချက်ချင်းဖြန့်ဝေသွားရန်၊ ကိုဗစ်-၁၉ လူနာများတွင် တွေ့ရှိရသော ရောဂါလက္ခဏာများ၊ အခံရောဂါရှိသူများတွင် ကိုဗစ်-၁၉ ဖြစ်ပွားပါက သေဆုံးမှုအန္တရာယ်အထိပြင်းထန်နိုင်သော အခံရောဂါအမျိုးအစားများ၊ လူနာများအား ကုသရာတွင် တွေ့ရှိရသည့် ထူးခြားမှုများနှင့် အတွေ့အကြုံများအား ဆေးရုံအသီးသီးသို့ အီးမေးလ်ဖြင့် အမြန်ဆုံးဝေမျှပေးပို့ရန်၊ ဆေးရုံများတွင် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းကို လိုက်နာကျင့်သုံးမှု ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာလူနာဆောင်အလိုက် ကြီးကြပ်သူများ တာဝန်ပေးအပ်ရန်၊ COVID–19 Clinical Management Committee ၏ Video Conferencing စနစ်ဖြင့် ပြုလုပ်သော အစည်းအဝေးများတွင် တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံများမှ အထူးကုဆရာဝန်များ တက်ရောက်ရန်၊ ရောဂါကူးစက်ပြန့်ပွားမှု များပြားနေသော ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ရောက်ရှိလာသူများအား စီမံခန့်ခွဲရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဆေးရုံများတွင် စေတနာ့ဝန်ထမ်းများအဖြစ် ကူညီဆောင်ရွက်သူများအား ဝန်ကြီးဌာနမှ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်ရန်၊ မဟာဘွဲ့သင်တန်း (နောက်ဆုံးနှစ်) တက်ရောက်နေသူ ဆရာဝန်များ၊ သူနာပြုမဟာဘွဲ့နှင့် အထူးပြုသူနာပြုဒီပလိုမာသင်တန်းများ တက်ရောက်နေသည့် သူနာပြုများမှ "မိမိဆန္ဒအလျောက်" ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုသူများအား တာဝန်ပေးအပ်နိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ စီစဉ်ဆောင်ရွက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုပုံးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဟိုပုံး စက်တင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် တာဝန်ရှိသူများ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးရှေ့နှင့် လမ်းဆုံတွင် လမ်းသွားလမ်းလာ ခရီးသွားပြည်သူများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ မြို့တွင်း လှည့်လည်စိစစ်ရေး ကော်မတီမှ တာဝန်ရှိသူများက အပြင်ထွက်တိုင်းမဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ဖို့ မမေ့ကြရန် အသံချဲ့စက်ဖြင့် နေ့စဉ် အသိပညာပေးပြောကြားခြင်းနှင့် နှာခေါင်းစည်းမတပ်ဘဲ သွားလာနေကြသူများကို ယခုဝယ်၊ ယခုတပ်စေခဲ့ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းများ တပ်ဆင်ရေး အသိပညာပေးလှုပ်ရှားမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဌာနမှူး ဒေါက်တာမောင်မောင်သိန်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းတို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

**နေမင်းထွန်း(ဟိုပုံး)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၇**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၅ ဒသမ ၁၆ လက်မ၊ ကမမောင်းမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ကျိုက်မရောမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ မိုးကောင်းမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ကျောက်တော်မြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီ၊ ပြည်မြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် ကနီမြို့နှင့် မုဒုံမြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အရ ရေကြီး၊ ရေလျှံမှုကြောင့် ပျက်စီးခဲ့သော ကျေးရွာချင်းဆက် ကုန်ထုတ်တံတားငယ်များ အသစ်ပြန်လည်တည်ဆောက်နိုင်ရေး ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ ရေလျှံမှုကြောင့် ပျက်စီးခဲ့ရသော ကျေးရွာချင်းဆက် ကုန်ထုတ်တံတားငယ်များ အသစ်ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ထောက်ပံ့ခြင်းကို ယနေ့မွန်းလွဲပိုင်း၌ ကိုဗစ်-၁၉ ဆိုင်ရာ ထုတ်ပြန်ထားသည့် စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ထောက်ပံ့မှုများဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးမြို့နယ် အောင်မြင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြည်သူအချို့နှင့်တွေ့ဆုံကာ အစိုးရအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝဘေး ကျရောက်ပြီးချိန်တွင် ပြည်သူများခံစားရသော ဘေးဒုက္ခများ အလျင်အမြန်သက်သာစေရန် ဩဂုတ် ၁၆ ရက်က ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်း၍ ထိရောက်သောပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် ကျောက်တံခါးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ ညှိနှိုင်းတင်ပြမှုကြောင့် ယခုလိုထောက်ပံ့မှုများ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကာလတွင် ပြည်သူများ၏ စီးပွားရေးထိခိုက်မှုများ၊ စားဝတ်နေရေးအခက်အခဲများကို လျော့နည်းသက်သာစေရန် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကျယ်ပြန့်စွာ မရှိသေးသော်လည်း တစ်ဦးချင်းအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စည်းကမ်းများ၊ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာကြရန် လိုအပ်ပါကြောင်းနှင့် ယခုလို အရေးပေါ်ထောက်ပံ့မှုများဆောင်ရွက်နိုင်ရန် ကိုဗစ်-၁၉ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လိုက်နာဆောင်ရွက်ကြသည့် ဒေသခံများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



### ထောက်ပံ့ငွေပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီး၊ ရေလျှံမှုကြောင့် ပျက်စီးခဲ့ရသော ခင်အင်းကြီးကျေးရွာအုပ်စု အောင်မြင်ကျေးရွာမှ ခင်အင်းကြီးကျေးရွာသို့ ဆက်သွယ်ထားသော စခန်းဆိုး ကျေးရွာချင်းဆက် ကုန်ထုတ်တံတားအသစ် ပြန်လည်တည်ဆောက်နိုင်ရန် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ပုံငွေမှ ငွေကျပ် ၉ ဒသမ ၅၅ သန်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ပြည်သူများထံသို့ပေးအပ်ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ထောက်ပံ့မှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲနွယ်ကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျောက်တံခါးမြို့နယ် ကျောင်းစိုးကျေးရွာအုပ်စု ထိန်တောကျေးရွာနှင့် ငွေးကုန်းကျေးရွာတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ကုန်ထုတ်တံတားအသစ် ပြန်လည်တည်ဆောက်နိုင်ရန် ထောက်ပံ့ငွေကျပ် ၉ ဒသမ ၅၅ သန်းကို ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူများထံသို့ပေးအပ်ရာ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးမြို့ မြို့နယ်စီမံကိန်းဦးစီးရုံး၌ ကျောက်တံခါးမြို့နယ် သူဌေးကြီးရွာသစ်ကျေးရွာအုပ်စု ချောင်းကောကျေးရွာနှင့် ဖြူးစုလမ်းကြီးကို ဆက်သွယ်ထားသော ရေအေးစုချောင်းတံတားအသစ် ပြန်လည်တည်ဆောက်နိုင်ရန် ထောက်ပံ့ငွေကျပ် ၉ ဒသမ ၉ သန်း၊ ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့နှင့် သမင်အင်းကုန်းကျေးရွာအုပ်စု ဇီးကုန်းကျေးရွာတို့ ဆက်သွယ်ထားသော မောနာတံတား အသစ်ပြန်လည်တည်ဆောက်နိုင်ရန် ထောက်ပံ့ငွေကျပ် ၉ ဒသမ ၉ သန်းတို့ကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ပြည်သူများထံသို့ ပေးအပ်သည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ထောက်ပံ့မှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# UEHRD ကော်မတီ၏ (၃)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ၏ (၃) နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနား ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)




### (၃) နှစ် ပြည့်မြောက်

အစည်းအဝေးတွင် UEHRD ကော်မတီ၊ ဒုတိယဥက္ကဋ္ဌ (၂)၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က UEHRD ကော်မတီအား ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ စတင်ဖွဲ့စည်းခဲ့စဉ်မှစ၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အဓိကထား၍ UEHRD ကော်မတီကို ပြည်ထောင်စုစီမံကိန်း အနေဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ကော်မတီရည်ရွယ်ချက်များအရ လုပ်ငန်းပမာဏ များပြားကျယ်ပြန့်လာသောကြောင့် စနစ်တကျနှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် များကို အဆင့်ဆင့် တိုးချဲ့ဖွဲ့စည်းခဲ့ရာ စုစုပေါင်း အဖွဲ့ဝင် ရှစ်ဦးအထိရှိခဲ့ပြီး UEHRD ကော်မတီ စတင်ဖွဲ့စည်းစဉ်မှစ၍ ပါဝင်ခဲ့သော Task Forces ၁၀ ဖွဲ့ ကလည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ယခုလာမည့် အောက်တိုဘာလတွင် ကော်မတီဖွဲ့စည်းမှု (၃)နှစ်ပြည့် မြောက်မည်ဖြစ်၍ (၃)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို မှတ်တမ်းတင်ခြင်း၊ အားနည်းချက်၊ အားသာချက်များဖော်ထုတ်ကာ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်ပတ်လည်အထိမ်းအမှတ်တစ်ခု ပြုလုပ်ရန်ရည်ရွယ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် အထိမ်းအမှတ် အခမ်းအနားကျင်းပနိုင်ရေး၊ မှတ်တမ်းတင် အစီရင်ခံစာနှင့် ရုပ်သံမှတ်တမ်း ဆောင်ရွက်နိုင်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

### တင်ပြဆွေးနွေး

ယင်းနောက် UEHRD ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က အခမ်းအနား ကျင်းပမည့်နေ့ရက်၊ အချိန်၊ ကျင်းပမည့်အစီအစဉ်၊ မှတ်တမ်းများပြုစုဆောင်ရွက်မည့် အခြေအနေလျာထားမှုနှင့် ပြီးခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်မှ ယနေ့အထိ UEHRD ရန်ပုံငွေ သုံးစွဲဆောင်ရွက်မှု အခြေအနေတို့ကို တင်ပြဆွေးနွေးသည်။

အစည်းအဝေးသို့ UEHRD ကော်မတီ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ ကော်မတီဥက္ကဋ္ဌ၏ အကြံပေး ပုဂ္ဂိုလ် ဦးတိုးအောင်၊ သတင်းနှင့်ဆက်သွယ်ရေး ဒါရိုက်တာ ဦးကျော်မြိုင်၊ UEHRD ၏ စီမံခန့်ခွဲမှုအရာရှိချုပ် ဦးညီငြိမ်းအေး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး UEHRD ကော်မတီ (၃) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်းနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက် နှာခေါင်းစည်းဖြန့်ဝေ

**သီပေါ စက်တင်ဘာ ၇**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စု လားရှိုးခရိုင်မှတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ခိုင် ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၅) ရထားရဲတပ်ဖွဲ့(လားရှိုး)မှ ဒုတိယရဲမှူး မျိုးသန့်နှင့် ရထားရဲတပ်ဖွဲ့ဝင်များ၊ လားရှိုးမြို့မရဲစခန်းမှ ဒုတိယစခန်းမှူး ရဲအုပ် စိုင်းနေမျိုးနှင့် ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၆ ရက်မှစတင်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ သာသနာ့နယ်မြေတွင် လုပ်အားဒါနပေးလှူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

### နှာခေါင်းစည်းများ အခမဲ့ဝေငှ

ထိုသို့ဆောင်ရွက်ရာတွင် လားရှိုးမြို့ ရပ်ကွက်(၉) နယ်မြေ(၁) ဇောဓိ(၂၅၅၉) သာသနာ့နယ်မြေဝင်းအတွင်း မိုးရာသီတွင် ဖြစ်ပွားတတ်သော ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးမြောင်းများ ပြန်လည်တူးဖော်ခြင်း၊ လမ်းချိုင့်များ မြေဖို့ညှိခြင်း စသည့်လုပ်အားဒါနပေးလှူခြင်း လုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြပြီး ကံစမ်းမဲအဖြစ် အောင်ဘာလေထီလက်မှတ်များနှင့် နှာခေါင်းစည်းများကို အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြင်ဦးလွင်မြို့၌ နှာခေါင်းစည်း ၅၅၀၀၀ နှင့် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ပြင်ဦးလွင် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် စက်တင်ဘာ ၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ(အခမဲ့)ဖြန့်ဝေပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များ လှူဒါန်းသည့် နှာခေါင်းစည်း ၅၅၀၀၀ ကျော်နှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကို ပြင်ဦးလွင်မြို့ရှိ လူစည်ကားရာနေရာများတွင် ပြင်ဦးလွင် (အခမဲ့)လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အသင်းဝင်များက ဖြန့်ဝေပေးကြောင်း သိရသည်။

**သိန်းဇော်(ကျည်ပွေ့)**

# CERP လုပ်ငန်းစီမံကိန်းများ၏ ဆောင်ရွက်နိုင်မှုနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ Master Plan ရေးဆွဲရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် စက်တင်ဘာ ၇

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန CERP လုပ်ငန်းစီမံကိန်းများ၏ ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ရုံးအမှတ်(၁၅) ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) အရ လယ်ယာသားငါးကုန်ထုတ်လုပ်မှု မထိခိုက်စေရေးနှင့် ကျေးလက်နေပြည်သူများအား ထောက်ပံ့အကူအညီပေးရေး လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

### Master Plan ရေးဆွဲ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး လုပ်ငန်းများအပြင် လက်ရှိကြုံတွေ့နေရသည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် လယ်ယာကုန်ထုတ်လုပ်မှု လျော့ကျခြင်းမဖြစ်ပေါ်စေရန်နှင့် တောင်သူလယ်သမားများအပါအဝင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ခံရမှု သက်သာစေရန် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်နည်းတူ ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များတွင်လည်း ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(MSDP) နှင့် ချိတ်ဆက်၍ စားနပ်ရိက္ခာဖူလုံရေး၊ သိုလှောင်ရေးနှင့် ပြည်ပသို့တင်ပို့ရေးအစီအမံများပါဝင်သည့် Master Plan ရေးဆွဲရေးတို့ကို ဌာနအားလုံး ပူးပေါင်းပါဝင်ကြရန် ကိစ္စရပ်များကို ပြောကြားသည်။



### ကာလတို စီမံချက်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံး ရုန်းထွက်နိုင်ရေးအတွက် ကာလတို စီမံချက်ဖြစ်သည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) တွင် စိုက်ပျိုး မွေးမြူထုတ်လုပ်မှု မလျော့ကျစေရေး လုပ်ငန်းများအဖြစ် (CERP-၂.၁.၇(ခ)) အရ စပါးမျိုးစေ့ထုတ်လုပ်ငန်း ဧက(တစ်သိန်း) အတွက် ငွေကျပ် ၁၄၉၁၁ ဒသမ ၃၃ သန်းဖြင့်လည်းကောင်း၊ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကို ကျေးရွာ ၁၇၀၀ အတွက် ငွေကျပ်သန်း ၄၂၀၀၀ ဖြင့်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သောမျိုးငါးနှင့် ငါးသားပေါက်များ ဖြန့်ဖြူးခြင်းကို ငါးမွေးကန်ဧက ၁၅၀၀၀၀ အတွက် ငွေကျပ်သန်း ၆၀၀၀ ဖြင့်လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၂၅၆ ဒသမ ၈၅ သန်းဖြင့်လည်းကောင်း၊ ဝင်ငွေရရှိစေမည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ Cash For Work(CFW) စီမံကိန်းကို ကျေးရွာ ၂၄၈၈ ရွာအတွက် ငွေကျပ်သန်း ၂၅၀၀၀ ဖြင့်လည်းကောင်း၊ မြို့နယ် ၁၀၀ ၌ ငွေကျပ်သန်း ၁၄၄၀ အသုံးပြု၍ မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ငွေကျပ် ၆၀ ဒသမ ၇၇ သန်း အသုံးပြု၍ ရေလုပ်သားများ ပင်လယ်ပြင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးသင်တန်းများကို လည်းကောင်း၊ လက်တံမြောင်း၊ လက်ခွဲမြောင်း၊ ရေနုတ်မြောင်းများ၊ ရေငန်တားတာများ ပြုပြင်ခြင်းအတွက် ငွေကျပ် ၁၁၃၈ ဒသမ ၈၁ သန်းဖြင့်လည်းကောင်း၊ လယ်ယာဝန်ဆောင်မှု လုပ်ငန်းများအတွက် ငွေကျပ် ၂၀၄ သန်း ဖြင့်လည်းကောင်း၊ ငွေကျပ် ၆၀၀ ဒသမ ၂၁ သန်း အသုံးပြု၍ သင်တန်းသား ၉၀၀၀ အတွက် အလုပ်အကိုင်ဆိုင်ရာ သင်တန်းများ Cash For Job Training သင်တန်း အကြိမ်ရေ ၃၀၀ ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ရာ၌ လုပ်သားခများကို အဓိကထား၍ ဝင်ငွေရရှိရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပ ဈေးကွက်အသီးသီးသို့ ကုန်စည်စီးဆင်းမှုများ သွက်လက်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာ ဒေသအုပ်ချုပ်မှုအဖွဲ့အစည်းများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ပြည်ပတင်ပို့မှုနှင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများတွင် လယ်ယာသားငါးထွက်ကုန်များ၏ အရည်အသွေးစစ်ဆေးခြင်း၊ ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်းပေါင်း ၂၀၀၀ ကျော် တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**တောင်ကြီး စက်တင်ဘာ ၇**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်းပေါင်း ၂၀၉၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်း ခြောက်မျိုး ထပ်မံပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အဆိုပါကော်မတီအစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကမ္ဘောဇအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က ကိုဗစ်-၁၉ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ ထပ်မံလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ငွေကျပ်သိန်းပေါင်း ၂၀၉၀ တန်ဖိုးရှိကိုဗစ်-၁၉ ကာကွယ်၊ ကုသရေး အထောက်အကူပြုပစ္စည်း ခြောက်မျိုးကို ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်တို့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ကမ္ဘောဇဘဏ်မှ လှူဒါန်းသည့် ကာကွယ်ကုသရေးအထောက်အကူပစ္စည်းများမှာ ဆေးရုံသုံး နှာခေါင်းစည်း ၁၀ သိန်း၊ ခေါင်းစွပ် တစ်သိန်း၊ လက်အိတ် တစ်သိန်း၊ မျက်နှာအကာ ၅၀၀၀၀၊ လက်သန့်ဆေးဘူးကြီး ၅၀၀၀ နှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၀ တို့ဖြစ်ကြောင်းသိရသည်။ ကမ္ဘောဇဘဏ်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့အထိ ငွေကျပ် ၁၆၆ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)




# အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတို့ကို Video Conferencing စနစ်ဖြင့် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၇

**အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတို့ကို ယနေ့ နံနက် ၈ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် နေပြည်တော်မှ ပါဝင်တက်ရောက်ဆွေးနွေးသည်။**

အာဆီယံ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတို့ကို အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nguyen Quoc Dzung က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။



အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတို့ကို Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးစဉ်။

အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် ဗီယက်နမ်နိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံ အပေါင်းသုံး အထူးထိပ်သီးအစည်းအဝေး ဆုံးဖြတ်ချက်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးမည့် ကိစ္စရပ်များ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံနှင့် ကဏ္ဍအလိုက်ဆွေးနွေးဖက်/ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင် အစည်းအဝေး၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် သီးခြားစီကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများ၊ (၂၁)ကြိမ်မြောက် အာဆီယံ အပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၀) ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၇) ကြိမ်မြောက် အာဆီယံဒေသတွင်းဖိုရမ်၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံ အစိုးရချင်းဆိုင်ရာ ကော်မရှင်၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲ၊ ဒေသခွဲဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေး၊ ရေရှည်ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် ဆွေးနွေးပွဲနှင့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ကျင်းပရာ အစည်းအဝေးတွင် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်စာချုပ် (SEANWFZ Treaty) အား အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်များကို ပြန်လည်သုံးသပ်ခြင်း၊ နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ် (Treaty on the Non-Proliferation of Nuclear Weapons) အဖွဲ့ဝင်နိုင်ငံများ၏ 2020 Review Conference သို့ တင်သွင်းမည့် SEANWFZ Treaty ဆိုင်ရာ စာချွန်လွှာကိစ္စနှင့် နျူကလီးယားလက်နက် ပိုင်ဆိုင်သည့် နိုင်ငံ (၅)နိုင်ငံမှ SEANWFZ Treaty ၏ နောက်ဆက်တွဲ စာချုပ်တွင် လက်မှတ်ရေးထိုးမည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန် တောင်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်

**ကာဂိုရှီးမား စက်တင်ဘာ ၇**

**အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းဟိုင်ရှန် ဂျပန်နိုင်ငံသို့ ဝင်ရောက်ခဲ့မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့ကာ ပြည်သူသန်းနှင့်ချီ ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရပြီးနောက် စက်တင်ဘာ ၇ ရက်တွင် မုန်တိုင်းသည် တောင်ကိုရီးယားနိုင်ငံသို့ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။**



တိုင်ဖွန်းမုန်တိုင်းဟိုင်ရှန် ဝင်ရောက်မှုကြောင့် ပင်လယ်ပြင်၌ လှိုင်းလေပြင်းထန်မှုကို တွေ့ရစဉ်။

မုန်တိုင်းဝင်ရောက်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဘူဆန်မြောက်ပိုင်း အာလ်ဆန်တွင် မိုးသက်မုန်တိုင်းများ ကျရောက်ခဲ့သည်။ မုန်တိုင်းအန္တရာယ်ကြောင့် လေဆိပ် ၁၀ ခုတို့မှ လေကြောင်းခရီးစဉ်ပေါင်း ၃၀၀ ကျော်ကို ဖျက်သိမ်းခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ရပ်နားထားခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းဟိုင်ရှန် ဝင်ရောက်ခဲ့သည့် ဂျပန်နိုင်ငံ၌ ပြည်သူထောင်ပေါင်းများစွာတို့ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်လျက်ရှိသော်လည်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုမှာ ထင်ထားသည်ထက် လျော့နည်းခဲ့ကြောင်းသိရသည်။ မုန်တိုင်းလမ်းကြောင်းပေါ်တွင် ရှိနေကြသည့် ပြည်သူရှစ်သန်းခန့်ကို ကယ်ဆယ်ရွှေ့ပြောင်းမှုဆောင်ရွက်ပေးရန် တိုက်တွန်းထားသည်။ နှစ်အနည်းငယ်အတွင်း အင်အားအပြင်းဆုံး မုန်တိုင်းတစ်ခုဖြစ်သည့် တိုင်ဖွန်းမုန်တိုင်း မေဆက် ဝင်ရောက်ခဲ့ပြီး ရက်အနည်းငယ်အတွင်းမှာပင် မုန်တိုင်းဟိုင်ရှန် ထပ်မံဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဂျယ်ဂျူအပန်းဖြေကျွန်း အပါအဝင် ကိုရီးယားကျွန်းဆွယ်တောင်ဘက်စွန်းရှိ အိမ်ထောင်စုပေါင်း ၅၀၀၀ နီးပါးတို့မှာ မုန်တိုင်းကြောင့်ဖြစ်ပွားသည့် လေပြင်းများ တိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ရင်ဆိုင်နေရကြောင်း သိရသည်။ ဂျယ်ဂျူကျွန်းနှင့် တောင်ကိုရီးယားနိုင်ငံရှိ အခြားသော အစိတ်အပိုင်းများတွင် မုန်တိုင်းအန္တရာယ် သတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၏ ကိုရီးယားသစ်တောဝန်ဆောင်မှုအဖွဲ့ကလည်း မုန်တိုင်းကြောင့် မြေပြိုမှုဖြစ်ပွားနိုင်သည့် အန္တရာယ်သတိပေးနှိုးဆော်ချက်ကို အမြင့်ဆုံး သတ်မှတ်ခဲ့သည်။

**အေအက်ဖ်ပီ**

# ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ကိုဗစ်-၁၉ ဆိုင်ရာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုတင်းကျပ်ထားသည့်အချိန်ထပ်တိုး

**ဗစ်တိုးရီးယား စက်တင်ဘာ ၇**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် အာဏာပိုင်များက ကိုဗစ်-၁၉ ဆိုင်ရာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု တင်းကျပ်စွာ ချမှတ်ထားသည့် အချိန်ကာလကို နောက်ထပ် ရက်သတ္တနှစ်ပတ် ထပ်တိုးလိုက်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးနိုင်လောက်အောင် ရောဂါကူးစက်ဖြစ်ပွားမှု ထူးထူးခြားခြား လျော့ကျလာခြင်း မရှိသေးသည့်အတွက် ကန့်သတ်ပိတ်ဆို့မှုကာလကို အချိန်ထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဗစ်တိုးရီးယား ပြည်နယ်တွင် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးအတွက် ချမှတ်ထားသည့် ကန့်သတ်ချက်အဆင့်- ၄ ကို စက်တင်ဘာ ၂၈ ရက်အထိ ဆက်လက်ထားရှိမည်ဖြစ်ပြီး အောက်တိုဘာလမတိုင်မီ အနည်းအကျဉ်းသာ ဖြေလျှော့ပေးရန် ရှိကြောင်း ဗစ်တိုးရီးယားပြည်နယ် အကြီးအကဲ ဒန်နီရယ် အန်ဒရူးက စက်တင်ဘာ ၆ ရက်တွင် ကြေညာခဲ့သည်။



အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုဆောင်ရွက်ထားသည့် ဗစ်တိုးရီးယားပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။

အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုကြောင့် ဗစ်တိုးရီးယားဒေသခံပြည်သူများနှင့် စီးပွားရေးအပေါ် ထိခိုက်မှုများရှိသော်လည်း အချိန်မတန်သေးဘဲ ပြန်လည်ဖွင့်လှစ်မှုများကြောင့် ရောဂါကူးစက်မှုမြန်မြန်ဆန်ဆန် မြင့်တက်လာစေနိုင်ကြောင်း အန်ဒရူးက ပြောသည်။

ဗစ်တိုးရီးယား ပြည်နယ်သည် ဩစတြေးလျနိုင်ငံအတွင်း ကိုဗစ်-၁၉ ဒုတိယလှိုင်းထပ်မံကျရောက်ရာ ဗဟိုချက်မဖြစ်လျက်ရှိကာ တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားမှု စုစုပေါင်း ၂၆၂၇၉ ဦးအနက် ၂၀၀၀၀ နီးပါးမှာ ဗစ်တိုးရီးယားမှ ဖြစ်သည်။

ထို့ပြင် ရောဂါကြောင့် သေဆုံးသူအရေအတွက်၏ ၉၀ ရာခိုင်နှုန်းမှာလည်း ဗစ်တိုးရီးယားပြည်နယ်မှ ဖြစ်သည်။ စက်တင်ဘာ ၇ ရက်တွင် ဗစ်တိုးရီးယားပြည်နယ်၌ ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၄၁ ဦး ထပ်တိုးလာကြောင်း သိရသည်။

**ဆင်ဟွာ**

## ကိုဗစ်- ၁၉ ဆက်လက်ရှိနေသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တိုကျိုအိုလံပစ်အားကစားပွဲကို ဆက်လုပ်မည်ဖြစ်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌပြော

**တိုကျို စက်တင်ဘာ ၇**

လာမည့်နှစ်တွင် ကိုဗစ်- ၁၉ ကပ်ရောဂါ ပပျောက်သွားသည်ဖြစ်စေ၊ ဆက်ရှိနေလျှင်ဖြစ်စေ ရွှေ့ဆိုင်းထားသည့် အိုလံပစ်အားကစားပွဲ ကျင်းပရေးကို ရှေ့တိုးဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဂျွန်ကုတ်တီစ်က ပြောကြားလိုက်သည်။

လာမည့်နှစ် ဇူလိုင် ၂၃ ရက်တွင် အိုလံပစ်အားကစားပွဲများကို စတင်ကျင်းပမည်ဖြစ်ကြောင်း ဂျွန်ကုတ်တီစ်က အခိုင်အမာ ပြောကြားခဲ့ကာ အိုလံပစ်အားကစားပွဲများကို ၎င်းက ကိုဗစ်- ၁၉ ကပ်ရောဂါကို အောင်နိုင်သည့် ကစားပွဲများအဖြစ် အမည်ပေးခဲ့သည်။

မူလက တိုကျိုအိုလံပစ်အားကစားပွဲများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်ကျင်းပရန် သတ်မှတ်စီစဉ်ထားသော်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါ ကူးစက်မှုအန္တရာယ်ကြောင့် အချိန်ရွှေ့ဆိုင်းခဲ့ရသည်။ အိုလံပစ်အားကစား ပွဲကို ၂၀၂၁ ခုနှစ်ထက် ပိုမိုနောက်ကျသည်အထိ ထပ်မံရွှေ့ဆိုင်းတော့မည်မဟုတ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီက ပြောကြားခဲ့သည်။

ဆူနာမီဖြစ်ပွားမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီးနောက်တွင် အိုလံပစ်အားကစားပွဲများသည် ပြန်လည်တည်ဆောက်ရေးကို ကိုယ်စားပြုသည့် အားကစားပွဲများဖြစ်လာခဲ့ကြောင်း ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်နှင့် ဆူနာမီ သဘာဝဘေးကို ရည်ညွှန်းလျက် မစ္စတာကုတ်တီစ်က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ယခုတစ်ဖန် အိုလံပစ်အားကစားပွဲများသည် ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်ကျော်လွှားနိုင်သည့် အားကစားပွဲများ ဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုလျော့ကျလာပြီးနောက် စာသင်ကျောင်းများပြန်ဖွင့်

**ဖနောင်ပင် စက်တင်ဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ခြောက်လကြာအောင် ပိတ်ထားခဲ့သည့် စာသင်ကျောင်းများကို စက်တင်ဘာ ၇ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ကျောင်းများကို ပြန်လည်ဖွင့်လှစ်လိုက်သော်လည်း ကိုဗစ်- ၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်စေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို စာသင်ကျောင်းများအားလုံးက တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီး ဟန်ချွမ်နာရွန်က ထုတ်ပြန်ချက်ထဲတွင် ဖော်ပြခဲ့သည်။

ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်ရမည်ဖြစ်ပြီး ခန္ဓာကိုယ်အပူချိန် တိုင်းတာစစ်ဆေးမှုကို ခံယူရမည်ဖြစ်ကာ လက်များကို ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောခြင်းနှင့် အယ်လ်ကိုဟောပါဝင်သည့် လက်သန့်စင်ဆေးရည်ဖြင့် ဆေးကြောခြင်းကို မပျက်မကွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာသင်ခန်းအတွင်း၌ တစ်ဦးနှင့်တစ်ဦး တစ်မီတာခွဲအကွာတွင် နေထိုင်ကြရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထို့ပြင် ခန္ဓာကိုယ်အပူချိန် ၃၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက်မြင့်သည့် မည်သူကိုမဆို ကျောင်းထဲ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ စာသင်ခန်းတစ်ခန်းတွင် ကျောင်းသားကျောင်းသူအရေအတွက် ၂၀ မှ ၂၅ ဦးအထိသာ လက်ခံထားရှိရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီး ချွမ်နာရွန်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ကိုဗစ်- ၁၉ ထိန်းချုပ်ရေး အောင်မြင်မှုရရှိသည့် နိုင်ငံအဖြစ် ဆက်လက်ရှိနေကြောင်း သိရသည်။

**ဆင်ဟွာ**



ကမ္ဘောဒီးယားနိုင်ငံရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ကျောင်းသား ကျောင်းသူများ ခပ်ခွာခွာအနေအထားဖြင့် တက်ရောက်သင်ကြားနေစဉ်။

## အိန္ဒိယနိုင်ငံသည် ဘရာဇီးကိုကျော်တက်ပြီး ကမ္ဘာ့ဒုတိယကူးစက်မှုအမြင့်ဆုံးနိုင်ငံ ဖြစ်လာ



နယူးဒေလီမြေအောက်ရထားတွင် လိုက်ပါလာသည့် ခရီးသည်များကို တွေ့ရစဉ်။

**နယူးဒေလီ စက်တင်ဘာ ၇**

အိန္ဒိယနိုင်ငံ၏ ကိုဗစ် –၁၉ကူးစက်မှုနှုန်းသည် စက်တင်ဘာ ၆ ရက်တွင် ဘရာဇီးကိုကျော်တက်ကာ ကမ္ဘာပေါ်တွင် ဒုတိယကူးစက်မှုအမြင့်ဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

သို့သော်လည်း နိုင်ငံ၏စီးပွားရေးကို မြှင့်တင်ရန် အလို့ငှာ အဓိကမီးရထားလိုင်းများကို ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့သည်။ အိန္ဒိယနိုင်ငံသည် မကြာသေးမီ သီတင်းပတ်များအတွင်း ကမ္ဘာပေါ်တွင် ကူးစက်မှုနှုန်းမြင့်မားသည့် ဗဟိုချက်မနေရာ ဖြစ်လာခဲ့သည်။

ကမ္ဘာအနှံ့ ကိုဗစ် – ၁၉ ကူးစက်မှုနှုန်းမှာ ဆက်လက်တိုးမြင့်နေပြီး ကူးစက်ခံရသူပေါင်း ၂၇ သန်းရှိလာကာ သေဆုံးသူနှုန်းမှာ ၈၈၀၀၀၀ ကျော်လွန်လာပြီဖြစ်သည်။ ပြင်သစ်၊ အစ္စရေးနှင့် ဩစတြေးလျနိုင်ငံတို့မှာ မကြာသေးမီရက်များအတွင်း ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုများ ပြုလုပ်ခဲ့ပြီး ကိုဗစ် –၁၉ ထိန်းချုပ်နိုင်ရေး တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခဲ့သည်။

လူဦးရေများပြားလှသည့် အိန္ဒိယနိုင်ငံတွင် ကမ္ဘာပေါ်၌ နေ့စဉ်ကူးစက်မှုနှုန်းမှာ အမြင့်ဆုံးဖြစ်နေပြီး စက်တင်ဘာ ၆ ရက်တွင် နောက်ထပ် ကူးစက်ခံရသူပေါင်း ၉၁၀၀၀ ရှိလာသည်။

ယခုအခါ တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၂ သန်း ရှိလာပြီး ဘရာဇီးနိုင်ငံကို ကျော်လွန်ကာ ကမ္ဘာပေါ်တွင် ကိုဗစ် – ၁၉ ကူးစက်ခံရမှု ဒုတိယအမြင့်ဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။ အမေရိကန်သည် ကူးစက်မှုပေါင်း ၆ ဒသမ ၂၅ သန်း ဖြင့် ကူးစက်မှုအမြင့်ဆုံးဖြစ်သည်။

သို့သော်လည်း ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် အိန္ဒိယ၏ စီးပွားရေးလုပ်ငန်းမှာ ထိခိုက်လာခဲ့ရသည်။ နယူးဒေလီမြို့တွင် မြေအောက်ရထားပြေးဆွဲမှုကို စက်တင်ဘာ ၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ငါးလကြာ ပိတ်ထားပြီးနောက် ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး အခြားမြို့ပေါင်း ၁၂ မြို့တွင်လည်း မြေအောက်ရထားစနစ်များကို ပြန်လည်စတင်နေပြီ ဖြစ်သည်။

**အေအက်ဖ်ပီ**

## အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းဟိုင်ရှန်ကြောင့် ဂျပန်နိုင်ငံတွင် လေးဦးပျောက်ဆုံးပြီး ၅၀ ကျော် ဒဏ်ရာရ

**တိုကျို စက်တင်ဘာ ၇**

အင်အားပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန်သည် ဂျပန်နိုင်ငံ ကျူရှူးကျွန်းအနောက်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ရာ လူလေးဦး ပျောက်ဆုံးလျက်ရှိပြီး ၅၀ ကျော် ဒဏ်ရာ ရရှိခဲ့သည်ဟု သိရသည်။

ထို့ပြင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အသက် ၆၀ ဝန်းကျင် အမျိုးသားတစ်ဦး၊ အသက် ၃၀ အရွယ် သားဖြစ်သူနှင့် ဗီယက်နမ်နိုင်ငံသားနှစ်ဦးတို့ ပျောက်ဆုံးလျက်ရှိသည်။ ကျူရှူးကျွန်းမှ လူပေါင်း ၅၂ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး ကာဂိုရှီးမားနှင့် နာဂါဆာကီခရိုင်တို့တွင် နေအိမ်ပေါင်း ၄၇၅၀၀၀ မှာ ယာယီအားဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည်ဟု ကျူရှူးလျှပ်စစ်ဓာတ်အားကုမ္ပဏီက ပြောသည်။



မုန်တိုင်းကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

ဟိုင်ရှန်မုန်တိုင်းသည် ကိုရီးယားကျွန်းဆွယ်သို့ ဦးတည်သွားသော်လည်း ဂျပန်နိုင်ငံတွင် မိုးအဆက်မပြတ် ရွာသွန်းခြင်းများ၊ လေပြင်းတိုက်ခတ်ခြင်းနှင့် အချို့သောနေရာများတွင် ဒီရေတက်ခြင်းများ ကြုံတွေ့လာနိုင်ဖွယ်ရှိသည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးထားသည်။ စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် မြောက်ဘက်သို့ ၅၀ ကီလိုမီတာနှုန်းဖြင့် ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်းရိုးတန်းသို့ ရွေ့လျားနေသည်။

အဆိုပါမုန်တိုင်းသည် အလွန်အင်အားပြင်းထန်သည့် မုန်တိုင်းမှ အင်အားပြင်းထန်သည့် မုန်တိုင်းအဖြစ်သို့ လျော့ကျသွားကြောင်း သိရသည်။

**ကျိုဒို**

## ကနေဒါနိုင်ငံ၌ လူငယ်များတွင် ကိုဗစ် – ၁၉ ကူးစက်ခံရမှု ပိုမိုများပြား

**အော့တဝါ စက်တင်ဘာ ၇**

ကနေဒါနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၁၃၁၄၉၅ ဦးရှိပြီး သေဆုံးသူ ၉၁၄၃ ဦး ရှိနေကာ လူငယ်များအကြားတွင် ကူးစက်မှုများပြားနေသည်ဟု ကနေဒါ ပြည်သူ့ကျန်းမာရေးအေဂျင်စီက စက်တင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။

အသက်အရွယ်အပိုင်းအခြားအရ လူငယ်များအကြား ကူးစက်မှုတိုးနေသည်မှာ သီတင်းပတ်များစွာ ကြာနေပြီဖြစ်သည်။ အသက် ၄၀ အောက် ကူးစက်ခံရသူနှုန်းမှာ ၆၂ ရာခိုင်နှုန်းရှိသည်ဟု ပြည်သူ့ကျန်းမာရေးအေဂျင်စီက သတင်းထုတ်ပြန်သည်။ အသက် ၂၀ နှင့် ၂၉ နှစ်အကြား အမျိုးသား အမျိုးသမီးများတွင် ကူးစက်မှုအမြင့်ဆုံးဖြစ်နေပြီး အသက် ၃၀ မှ ၃၉ နှစ်အကြား ကူးစက်ခံရမှုနှုန်းမှာ ဒုတိယအမြင့်ဆုံးဖြစ်နေသည်။

လူငယ်များကို အများစုဆွဲဆောင်နိုင်သော နေရာများဖြစ်သည့် ဈေးဝယ်စင်တာများ၊ စားသောက်ဆိုင်များတွင် ကူးစက်မှုနှုန်းတိုးနေသည်။ စက်တင်ဘာ ၅ ရက်အစောပိုင်းက အွန်တီရီယိုပြည်နယ်တွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၅၈ ဦး တွေ့ရှိခဲ့ပြီး တိုရွန်တိုမြို့အနီးတစ်ဝိုက်တွင် အဓိကကူးစက်မှုနှုန်း တိုးနေကြောင်း သိရသည်။

ကူးစက်ခံရသူ ၁၅၈ ဦးတွင် ၇၉ ဦးမှာ အသက် ၂၀ နှင့် ၃၉ နှစ်အကြားဖြစ်ပြီး အသက် ၂၀ အောက် ကူးစက်ခံရသူ ၂၉ ဦးရှိသည်။ အသက် ၄၀ မှ ၅၉ နှစ်အကြား ကူးစက်ခံရသူ ၃၀ ရှိပြီး အသက် ၆၀ နှင့် ၇၀ အကြား ကူးစက်ခံရသူ ၁၂ ဦးရှိသည်ဟု သိရသည်။ အသက် ၈၀ အထက် ကူးစက်ခံရသူမှာ ရှစ်ဦးသာ ရှိသည်။

**ဆင်ဟွာ**

## အီရန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် ၃၄ ဦး ဒဏ်ရာရ

**တီဟီရန် စက်တင်ဘာ ၇**

အီရန်နိုင်ငံ အရှေ့မြောက်ဘက် ရီဇီအန်ခရိုင်တွင်ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိသည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လူ ၃၄ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အိုင်အာအေအင်န်သတင်းဌာနတွင် ဖော်ပြထားသည်။

ငလျင်ကြောင့် သေဆုံးသူမရှိဟု အီရန်နိုင်ငံ အရေးပေါ်ဌာနမှ အကြီးအကဲဖြစ်သူ မို့ဂျ်တာခါလီဒီက က ပြောသည်။

ငလျင်လှုပ်မှုကြောင့် အဆိုပါဒေသမှ နေအိမ်ပေါင်း ၅၀ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည်ဟု ရီဇီအန် အုပ်ချုပ်ရေးမှူးက ပြောသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၃၈၃ ဦး ထပ်မံတွေ့ရှိ ဇူလိုင် ၁၄ ရက်နောက်ပိုင်း ကူးစက်မှုအနိမ့်ဆုံးဖြစ်

**မနီလာ စက်တင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၇ ရက်က ကိုဗစ်– ၁၉ နောက်ထပ် ကူးစက်ခံရမှုပေါင်း ၁၃၈၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူပေါင်း ၂၃၈၇၂၇ ဦးအထိ ရှိလာသည်။

ယင်းပမာဏမှာ ဇူလိုင် ၁၄ ရက်နောက်ပိုင်းတွင် နေ့စဉ်ကူးစက်ခံရမှု အနိမ့်ဆုံးပမာဏလည်း ဖြစ်သည်။ ကူးစက်ခံရသူ ၃၀၀၀ အောက်ကျဆင်းလာသည်မှာ သုံးရက်ဆက်တိုက် ရှိလာပြီဖြစ်သည်။ ဖိလစ်ပိုင်တွင် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၈၄၉၀၆ ဦး ရှိလာသည်ဟု ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

သို့သော်လည်း ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၁၅ ဦး တိုးလာသည့်အတွက် စုစုပေါင်း သေဆုံးသူ အရေအတွက်မှာ ၃၈၉၀ အထိ ရှိလာသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် – ၁၉ စစ်ဆေးမှုပေါင်း ၂ ဒသမ ၆၅ သန်းအထိ လုပ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှုအရေအတွက်မှာ စတင်လျော့ကျလာပြီဟု ဖိလစ်ပိုင် တက္ကသိုလ်မှ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့က ပြောသည်။ သို့သော်လည်း စိတ်သာသက်ရာရ၍ မဖြစ်သေးကြောင်း၊ မြို့တော်မနီလာ အနီးတစ်ဝိုက် ကူးစက်ခံရမှု များမှာ ၁၀၀၀ ကျော်တွင် ရှိနေဆဲဖြစ်ကြောင်း အမေရိကန်ပါမောက္ခတစ်ဦးဖြစ်သူ ဂွိုက်ဒိုဒေးဗစ်က ပြောသည်။

**ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံတွင် ဆေးစစ်မှုခံယူရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် ဒေဝါလီခံရမှုပေါင်း ၅၀၀ နီးပါး ရှိလာ

**တိုကျို စက်တင်ဘာ ၇**

ဂျပန်နိုင်ငံတွင် ကိုဗစ် – ၁၉ စတင်ဖြစ်ပွားသည့် ဖေဖော်ဝါရီလမှစတင်ကာ ဂျပန်စီးပွားရေးလုပ်ငန်းများတွင် ဒေဝါလီခံရမှုပေါင်း ၅၀၀ နီးပါးရှိသည်ဟု လေ့လာမှုစစ်တမ်းကောက်ယူမှုအရ သိရသည်။

စက်တင်ဘာ ၄ ရက်အထိ ကိုဗစ် – ၁၉ ကြောင့် ဒေဝါလီခံရသည့် လုပ်ငန်းပေါင်း ၄၈၉ ခုအထိ ရှိလာသည်ဟု သုတေသနကုမ္ပဏီဖြစ်သည့် တိုင်ကိုကူဒေတာဘဏ်က ပြောသည်။ ဒေဝါလီခံရသည့်လုပ်ငန်းများတွင် ဒေဝါလီခံရမှုကို ကာကွယ်ပေးရန် လျှောက်ထားသည့် ကုမ္ပဏီများ လုပ်ငန်းစဉ်များ ရပ်နားထားပြီး စာရင်းရှင်းဖျက်သိမ်းရန် ပြုလုပ်ထားသည့် ကုမ္ပဏီများ ပါဝင်သည်။ ဒေဝါလီခံရသည့်လုပ်ငန်းများတွင် အများစုမှာ စားသောက်ဆိုင်လုပ်ငန်းများဖြစ်သည်။

ယင်းနောက် အဝတ်အစားကုမ္ပဏီများနှင့် အိမ်အလှဆင်ရေးလုပ်ငန်းများက အသီးသီးရပ်တည်လျက်ရှိသည်။ တိုကျိုရှိကို သုတေသနမှလည်း ဇူလိုင်လမှ ဩဂုတ်လအထိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့သည်။ မကြာမီအချိန်အတွင်း ကိုဗစ် – ၁၉ အဆုံးမသတ်နိုင်ပါက လုပ်ငန်းရပ်တန့်ရတော့မည်ဟု ဖြေဆိုသူပေါင်း ၈ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ နိုင်ငံတစ်ဝန်း အသေးစားနှင့် အလတ်စားကုမ္ပဏီပေါင်း ၃ ဒသမ ၆ သန်းနီးပါးရှိပြီး ကုမ္ပဏီပေါင်း ၃၀၀၀၀၀ မှာ ပိတ်ပစ်ရတော့မည့် အန္တရာယ်နှင့် ကြုံတွေ့နေရသည်။

**အင်န်အိတ်ချ်ကေ**

# နှာခေါင်းစည်းနေရာမှာ မျက်နှာဖုံးအကာ အစားထိုးသုံးနိုင်သလား

ကလျာမိုးမြင့်

**ပလတ်စတစ်အကြည်နဲ့ပြုလုပ်ထားပြီး Face Shield လို့ ခေါ်နေကြတဲ့ မျက်နှာဖုံးအကာတွေကို နိုင်ငံအများအပြားမှာရှိကြတဲ့ ဆေးရုံတွေမှာ ဆရာဝန်တွေနဲ့သူနာပြုဝန်ထမ်းတွေ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြသလို ဈေးဝယ်ကုန်တိုက်တွေနဲ့ တခြားနေရာတွေမှာလည်း ပိုပြီးအသုံးပြုလာကြတာကို တွေ့မြင်ရပါတယ်။ မျက်နှာဖုံးအကာတွေကို အသုံးပြုနေကြတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကိုဗစ်-၁၉ ဗိုင်းရပ်စ် မျက်စိအမြှေးပါးကနေတစ်ဆင့် ခန္ဓာကိုယ်ထဲ ဝင်ရောက်မလာအောင် တားဆီးကာကွယ်ဖို့ပါပဲ။**

## အဝတ်နှာခေါင်းစည်းကဲ့သို့ အကျိုးပြု

ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းတွေမှာ လုပ်ကိုင်နေကြတဲ့ ဝန်ထမ်းတွေ အများစုမှာဆိုရင် နှာခေါင်းစည်းကိုရော မျက်နှာဖုံးအကာပါ နှစ်မျိုးလုံး တပ်ဆင်ထားကြတာကို တွေ့ရပါတယ်။ တိုကျိုကျန်းမာရေးစောင့်ရှောက်ရေး တက္ကသိုလ်က ကူးစက်ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ပါမောက္ခ စူဂါဝါရာ အဲရီဆာက လူတွေတစ်ယောက်နဲ့တစ်ယောက် နီးကပ်တဲ့အနေအထားနဲ့ စကားပြောဆိုကြတဲ့အခါမှာ မျက်နှာဖုံးအကာ ဝတ်ဆင်ထားခြင်းအားဖြင့် တံတွေး၊ အမှုန်အမွှားတွေ ကိုယ့်ဆီလွင့်စဉ်ဝင်ရောက်မလာအောင် တားဆီးပေးတဲ့အတွက်ကြောင့် မျက်နှာဖုံးအကာဟာ အဝတ်နှာခေါင်းစည်းကဲ့သို့ အကျိုးပြုတယ်လို့ ဆိုထားပါတယ်။

## အပြည့်အဝမကာကွယ်နိုင်

ဒါပေမယ့် ပါမောက္ခ စူဂါဝါရာက မျက်နှာဖုံးအကာတစ်မျိုးတည်းကို တပ်ဆင်တာက ရောဂါပိုးကူးစက်ခြင်းကနေ လုံလုံလောက်လောက်ကာကွယ်မှု မပေးနိုင်ဘူးလို့ သတိပေးခဲ့ပါတယ်။ မျက်နှာဖုံးအကာတပ်ဆင်ထားတဲ့အခါ နှာခေါင်းတွေ၊ ပါးစပ်တွေဆီ ရောဂါပိုးထိတွေ့ဝင်ရောက်ခြင်းကနေ ထိရောက်စွာတားဆီးပေးနိုင်ပေမယ့် မျက်နှာဖုံးအကာဟာ လေထဲမှာရှိနေတဲ့ ဗိုင်းရပ်စ်တွေ လူရဲ့နှာခေါင်းပေါက်နဲ့ ပါးစပ်ပေါက်တွေကနေ ဖြတ်သန်းဝင်ရောက်လာမှာကို တားဆီးကာကွယ်ပေးနိုင်ခြင်းမရှိဘူးလို့ ၎င်းက ပြောပါတယ်။

## ဘယ်လိုသုံးမလဲ

ကိုဗစ်-၁၉ ကနေကာကွယ်ဖို့ မျက်နှာဖုံးအကာကို တပ်ဆင်အသုံးပြုပြီးပြီဆိုတဲ့အခါ မျက်နှာဖုံးအကာရဲ့အပြင်ဘက်မျက်နှာပြင်ဟာ ရောဂါပိုးတွေကပ်နေနိုင်တဲ့အတွက် မျက်နှာဖုံးအကာအပြင်ဘက်မျက်နှာပြင်ကို မထိမိအောင် သတိထားပြီး ကိုင်တွယ်ရမှာဖြစ်ပါတယ်။ အသုံးပြုပြီးသွားတဲ့ မျက်နှာဖုံးအကာကိုလည်း အယ်လ်ကိုဟောပါတဲ့ သန့်စင်ဆေးရည်နဲ့ သန့်စင်ပေးဖို့ သို့မဟုတ် ဒီတားဂျင့်ပါတဲ့ အဝတ်လျှော်ဆပ်ပြာနဲ့သေချာစွာ ဆေးကြောပေးဖို့ လိုအပ်ပါတယ်။

ရောဂါကာကွယ်ဖို့ ပစ္စည်းကိရိယာတွေ ဘယ်လောက်သုံးသုံး အထိရောက်ဆုံးသော ရောဂါကာကွယ်နည်းကတော့ လူအချင်းချင်းနီးကပ်စွာ ထိတွေ့ဆက်ဆံခြင်းကို အတတ်နိုင်ဆုံးရှောင်ရှားခြင်းနဲ့ လက်ကိုမကြာခဏ သေချာစွာ ဆေးကြောခြင်းပဲဖြစ်တယ်လို့ ၎င်းက ပြောပါတယ်။

## သက်သေမပြနိုင်သေး

အခုအချိန်အထိကတော့ နှာခေါင်းစည်းနေရာမှာ မျက်နှာဖုံးအကာနဲ့အစားထိုး အသုံးပြုဖို့ ဘယ်ကျန်းမာရေးအာဏာပိုင်ကမှ ညွှန်ကြားချက်မပေးပါဘူး။ ဘာကြောင့်လဲဆိုတော့ မျက်နှာဖုံးအကာကနေ တခြားသူတွေဆီ ရောဂါကူးစက်မှုရှိ မရှိသက်သေပြနိုင်တဲ့ တွေ့ရှိချက်တွေ မရှိသေးလို့ပါပဲ။ သို့သော်လည်း မိမိကိုယ်ကို ရောဂါကူးစက်မှုကနေကာကွယ်ဖို့ အထူးသတိထားတဲ့သူတွေကတော့ နှာခေါင်းစည်းတပ်ဆင်တာအပြင် မျက်နှာဖုံးအကာကိုပါ တပ်ဆင်ခြင်းအားဖြင့် မိမိကိုယ်ကို ကာကွယ်လိုကြပါတယ်။

## ဘယ်ဟာက အကောင်းဆုံးလဲ

မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ လေ့လာမှုတစ်ခုမှာတော့ မျက်နှာရဲ့ဘေးနှစ်ဖက်နဲ့ မျက်နှာအောက်ခြေအထိ လုံခြုံအောင်လွှမ်းခြုံပေးနိုင်တဲ့ မျက်နှာဖုံးအကာတွေသာလျှင် ကူးစက်ရောဂါအန္တရာယ်ကနေ ကာကွယ်ပေးမယ့် အကောင်းဆုံးမျက်နှာဖုံးအကာတွေဖြစ်တယ်လို့ အမေရိကန်ရောဂါကာကွယ်ရေးနဲ့ထိန်းချုပ်ရေးစင်တာက ထောက်ပြထားပါတယ်။

ဘာကြောင့်လဲဆိုတော့ တစ်မျက်နှာလုံးကို လုံခြုံအောင်လုပ်ထားတဲ့ မျက်နှာဖုံးအကာတွေက နှာချေခြင်း၊ ချောင်းဆိုးခြင်းတွေနဲ့ စကားပြောဆိုခြင်းတွေကနေ လွင့်စဉ်လာတဲ့ အရည်အစက်တွေ ဝင်ရောက်နိုင်တဲ့နေရာ မရှိသလောက်နည်းသွားတဲ့အတွက် ရောဂါကူးစက်မှုကနေ ပိုမိုကာကွယ်ပေးနိုင်တဲ့အတွက်ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။




**"အခုအချိန်အထိကတော့ နှာခေါင်းစည်းနေရာမှာ မျက်နှာဖုံးအကာနဲ့အစားထိုး အသုံးပြုဖို့ ဘယ်ကျန်းမာရေးအာဏာပိုင်ကမှညွှန်ကြားချက်မပေးပါဘူး။ ဘာကြောင့်လဲဆိုတော့ မျက်နှာဖုံးအကာကနေ တခြားသူတွေဆီ ရောဂါကူးစက်မှု ရှိ မရှိ သက်သေပြနိုင်တဲ့ တွေ့ရှိချက်တွေ မရှိသေးလို့ပါပဲ။ သို့သော်လည်း မိမိကိုယ်ကို ရောဂါကူးစက်မှုကနေကာကွယ်ဖို့ အထူးသတိထားတဲ့သူတွေကတော့ နှာခေါင်းစည်းတပ်ဆင်တာအပြင် မျက်နှာဖုံးအကာကိုပါ တပ်ဆင်ခြင်းအားဖြင့် မိမိကိုယ်ကို ကာကွယ်လိုကြပါတယ်"**

## လက်တွေဆေးဖို့ အရေးကြီး

ပြီးတော့ မျက်နှာဖုံးအကာကို မတပ်ဆင်ခင်နဲ့ တပ်ဆင်အသုံးပြုပြီးလို့ ချွတ်ပစ်လိုက်ပြီးနောက်မှာ သင့်လက်တွေကို သေချာစွာဆေးကြောဖို့ကလည်း အရေးကြီးတဲ့အချက်ပါပဲ။ မျက်နှာပေါ်ကနေ ချွတ်နေတဲ့အချိန်မှာလည်း မျက်နှာကို လက်နဲ့ထိတွေ့ကိုင်တွယ်ခြင်းမပြုမိအောင် သတိထားရမှာဖြစ်ပါတယ်။ ဒီအချက်လေးတွေက လိုက်နာဖို့ မေ့လျော့တတ်တဲ့အတွက် အထူးဂရုစိုက်ဖို့လိုပါတယ်။

မျက်နှာဖုံးအကာအသုံးပြုဖို့ ဆန္ဒမရှိသူတွေအနေနဲ့ နှာခေါင်းစည်းကိုပဲ တပ်ဆင်မယ်ဆိုတဲ့အခါ နှာခေါင်းစည်းဟာ နှာခေါင်းကို လုံခြုံအောင်အုပ်မိဖို့ အရေးကြီးတယ်လို့ ကျွမ်းကျင်သူတွေက ညွှန်ကြားထားပါတယ်။ နှာခေါင်းစည်း တပ်ဆင်တဲ့အခါ နှာခေါင်းကိုလုံအောင်မတပ်ဆင်ဘူးဆိုရင် မိမိနှာချေတဲ့အခါ မိမိဆီမှာရှိနေတဲ့ ဗိုင်းရပ်စ်ပိုး လေထဲကို အလွယ်တကူပျံ့နှံ့သွားနိုင်သလို တခြားသူတွေဆီက ပိုးတွေလည်း လေထဲကနေ သင့်နှာခေါင်းထဲဝင်ရောက်ဖို့ အခွင့်အလမ်းပိုများတဲ့အတွက် အန္တရာယ်ကြီးပါတယ်။

ကျွန်ုပ်တို့တွေ လေအသက်ရှူသွင်းတဲ့အခါ ၉၀ ရာခိုင်နှုန်းအထိကို နှာခေါင်းကနေ ရှူသွင်းတာဖြစ်တဲ့အတွက် နှာခေါင်းကိုသေချာစွာဖုံးအုပ်ထားခြင်း မရှိလေလေ လေထဲက ကူးစက်ရောဂါတွေ ပိုမိုဝင်ရောက်နိုင်လေဖြစ်ကြောင်း ကျန်းမာရေးပညာရှင်တွေက အသိပေးထားပါတယ်။

## တစ်ချိန်လုံး တပ်ဆင်ဖို့မလို

ရောဂါကူးစက်မှုကနေကာကွယ်ဖို့ နှာခေါင်းစည်းကို တစ်ချိန်လုံးတပ်ဆင်ထားခြင်းဟာ အပူလျှပ်ခြင်းဖြစ်နိုင်တဲ့ အန္တရာယ်ကလည်း ရှိသေးတဲ့အတွက် နှာခေါင်းစည်းကို မဖြစ်မနေလိုအပ်တဲ့အချိန်ကလွဲပြီး တစ်ချိန်လုံးတပ်ဆင်ထားဖို့ မလိုအပ်ဘူးလို့ ဂျပန်နိုင်ငံ စိန့်လူကီ နိုင်ငံတကာဆေးရုံက ကူးစက်ရောဂါကျွမ်းကျင်ပညာရှင် ဆာကာမိုတိုဖူမီက ပြောကြားခဲ့ပါတယ်။ ။

အင်န်အိတ်ချ်ကေ

## နိုင်ငံတကာသတင်းတိုထွာ

### အာဖဂန်အရှေ့ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၂၅ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရ

ကဘူးလ် စက်တင်ဘာ ၇

အာဖဂန်အရှေ့ပိုင်း လက်ဂမန်ပြည်နယ်တွင် စက်တင်ဘာ ၆ ရက်ညပိုင်းက အာဖဂန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွအဖွဲ့ဝင် ၂၅ ဦး သေဆုံးကာ ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

စစ်သွေးကြွများသည် ညသန်းခေါင်အချိန်တွင် မကတာရီယမ်ပြည်နယ်မြို့တော်မြောက်ပိုင်း အလီရှင်းရပ်ကွက်ရှိ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များတည်ရှိရာ စစ်စခန်းကို တိုက်ခိုက်ခဲ့သဖြင့် အာဖဂန်မြေပြင်တပ်ဖွဲ့က လေကြောင်းစစ်ကူခေါ်ယူ တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွအဖွဲ့ဝင် ၂၅ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဆာဒူလာဒေါ်လတ်ဇိုင်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

စစ်သွေးကြွအဖွဲ့များသည် အနီးအနားရှိ တောင်ကုန်းများမှ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်းနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်လက်နက်များနှင့် ခဲယမ်းမီးကျောက်များ တွေ့ရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### ဘီလာရုစ်၌ သမ္မတနုတ်ထွက်ရေးတောင်းဆိုသည့် ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွား

မင့်ခ်စ် စက်တင်ဘာ ၇

ဘီလာရုစ်၌ ရွေးကောက်ပွဲနောက်ပိုင်း လူထုအုံကြွမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး စက်တင်ဘာ ၇ ရက်တွင် ထောင်နှင့်ချီသည့် ပြည်သူများသည် မြို့တော်မင့်ခ်စ်နှင့် အခြားသော မြို့ကြီးများရှိ လမ်းမများပေါ်သို့ ချီတက်စုဝေးခဲ့ကြကာ သမ္မတ အလက်ဇန်းဒါး လူကာရှန်ကို နုတ်ထွက်ရေး တောင်းဆိုဆန္ဒပြခဲ့ကြောင်း သိရသည်။

သမ္မတလူကာရှန်ကိုသည် ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင် ဘီလာရုစ်သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံခဲ့ရကြောင်း ပြောကြားခဲ့သော်လည်း အတိုက်အခံများက ရွေးကောက်ပွဲအတွင်း မသမာမှုများရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ မြို့တော် မင့်ခ်စ်၌ ခန့်မှန်းခြေ ပြည်သူတစ်သိန်းခန့်တို့သည် မြို့လယ်ကောင်ရှိ လူနေရပ်ကွက်များ တစ်လျှောက် စုဝေးချီတက်ခဲ့ကြပြီး သမ္မတနုတ်ထွက်ပေးရေးနှင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဆန္ဒပြပြည်သူများအား ပြန်လွှတ်ပေးရေး ဆန္ဒပြတောင်းဆိုခဲ့သည်။

ဆန္ဒပြပြည်သူများသည် သမ္မတလူကာရှန်ကို နေထိုင်ရာအိမ်တော်ဆီသို့ ဦးတည်ချီတက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သံချပ်ကာယာဉ်များက ကြားဖြတ်တားဆီးပိတ်ဆို့ခဲ့ကြသည်။ ဆန္ဒပြပွဲများအတွင်း ဆန္ဒပြသူ ၁၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဘီလာရုစ်ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၁ ရက်သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .**

# ပြည်ထောင်စုစိတ်ဓာတ်



ပြည်ထောင်စု၏ မည်သည့်နေရာတွင် ဖြစ်ပွားသည်ဖြစ်စေ ပြည်ထောင်စုနှင့် သက်ဆိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ မည်သည့်နေရာတွင် နာကျင်သည်ဖြစ်စေ ပြည်ထောင်စုတစ်ခုလုံး နာကျင်ခြင်းဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်ဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်မှုကို ချဉ်းကပ်ပါကြောင်း၊ မည်သည့်နေရာဟု ခွဲခြားခြင်းမရှိပါကြောင်း၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားများသည် မြဝတီဘက်မှ ပြန်လည်ဝင်ရောက်လာမှု အများဆုံးဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်ဟုဆိုသော်လည်း ကရင်ပြည်နယ်ပြည်သူလူထုက ယင်းကိစ္စကို ခွဲခြားရပ်တည်ဆက်ဆံခြင်း မရှိပါကြောင်း၊ မိမိတို့ ပြည်သူများ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်ဆိုပြီး အားလုံးက တတ်အားသမျှ ဝိုင်းဝန်းကူညီကြပါကြောင်း၊ ၎င်းတို့အတွက် အတိုင်းအတာတစ်ခုအထိ စိုးရိမ်စိတ်နှင့် အခက်အခဲများရှိသော်လည်း ယင်းကိစ္စများကို အားလုံးကျော်လွှားနိုင်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး သတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၉ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၅၁၈ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၇

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၉၉ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၅၁၈ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၅၁၈ ဦးအနက် သေဆုံးသူ ရှစ်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၈၈ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၆၉ ဦးနှင့် စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၂၉ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၆၆၄၃၃ | ၁၅၁၈ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၈၈ | ၈ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၇၆၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၆၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၇-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## ၇-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၄၆၀၃၅၃ | ၃၇၂၆၀၉၉ | ၁၉၃၂၅၃ |
| ၂။ | အိန္ဒိယ | ၄၂၂၄၀၁၄ | ၃၂၆၇၂၃၀ | ၇၁၈၄၄ |
| ၃။ | ဘရာဇီး | ၄၁၃၇၆၀၆ | ၃၃၁၇၂၂၇ | ၁၂၆၆၈၆ |
| ၄။ | ရုရှား | ၁၀၃၀၆၉၀ | ၈၄၃၂၇၇ | ၁၇၈၇၁ |
| ၅။ | ပီရူး | ၆၈၉၉၇၇ | ၅၁၅၀၃၉ | ၂၉၈၃၈ |
| ၆။ | ကိုလံဘီယာ | ၆၆၆၅၂၁ | ၅၁၈၂၂၉ | ၂၁၄၁၂ |
| ၇။ | တောင်အာဖရိက | ၆၃၈၅၁၇ | ၅၆၃၈၉၁ | ၁၄၈၈၉ |
| ၈။ | မက္ကဆီကို | ၆၃၄၀၂၃ | ၄၄၂၂၆၈ | ၆၇၅၅၈ |
| ၉။ | စပိန် | ၅၁၇၁၃၃ | စိစစ်ဆဲ | ၂၉၄၁၈ |
| ၁၀။ | အာဂျင်တီးနား | ၄၇၈၇၉၂ | ၃၅၇၃၈၈ | ၉၉၁၂ |

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇-၉-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၃၈၇၂၇ | ၁၈၄၉၀၆ | ၃၈၉၀ |
| အင်ဒိုနီးရှား | ၁၉၆၉၈၉ | ၁၄၀၆၅၂ | ၈၁၃၀ |
| စင်ကာပူ | ၅၇၀၄၄ | ၅၆၃၃၃ | ၂၇ |
| မလေးရှား | ၉၄၅၉ | ၉၁၂၄ | ၁၂၈ |
| ထိုင်း | ၃၄၄၅ | ၃၂၈၁ | ၅၈ |
| မြန်မာ | ၁၅၁၈ | ၃၈၈ | ၈ |
| ဗီယက်နမ် | ၁၀၄၉ | ၈၅၃ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၂ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

## (၆-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု (၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1320 | ၆၂ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case 1140) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1321 | ၃၁ နှစ် | ကျား | သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ သာစည်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1322 | ၂၇ နှစ် | ကျား | ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မရှိ | ရှိ (ရုရှား) | အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ကုတင်-၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1323 | ၂၁ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1219) | မရှိ | တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1324 | ၁၃ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1219) | မရှိ | တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1325 | ၄၃ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1219) | မရှိ | တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1326 | ၄၈ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1327 | ၅၂ နှစ် | ကျား | ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မရှိ | မရှိ | နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1328 | ၄၈ နှစ် | မ | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 909, 910) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1329 | ၆၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 708) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1330 | ၂၅ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 703) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1331 | ၄၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 714) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1332 | ၄၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 642) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1333 | ၂၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1334 | ၂၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1335 | ၂၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 974) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1336 | ၃၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1337 | ၂၃ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1338 | ၂၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1339 | ၄၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case 411) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1340 | ၂၃ နှစ် | မ | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1341 | ၆၇ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1342 | ၃၈ နှစ် | မ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1343 | ၃၆ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1344 | ၁၅ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1345 | ၃၃ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1346 | ၆၅ နှစ် | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1347 | ၆၄ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1348 | ၂၆ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1183, 1184) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1349 | ၃၀ နှစ် | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1350 | ၂၆ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1351 | ၅၀ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1352 | ၅၁ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1353 | ၃၉ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်းစံပြ ပြည်သူ့ဆေးရုံကြီး) |
| 1354 | ၆၁ နှစ် | မ | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1355 | ၇ နှစ် | မ | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1356 | ၃ နှစ် | မ | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1357 | ၆၄ နှစ် | မ | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1358 | ၇၂ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1017) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1359 | ၂၃ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1017) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1360 | ၃၂ နှစ် | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 999) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1361 | ၄၆ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1362 | ၄၀ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| *1363 | ၄၂ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1364 | ၂၃ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 775) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1365 | ၂၉ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 775) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1366 | ၃၀ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 775) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1367 | ၃၂ နှစ် | မ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1311) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1368 | ၁၀ လ | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1025) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1369 | ၂၉ နှစ် | မ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1025) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1370 | ၅၃ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1371 | ၂၀ နှစ် | ကျား | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1372 | ၅၀ နှစ် | ကျား | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1373 | ၃၉ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 861) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1374 | ၅၀ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 897) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1375 | ၂၆ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 897) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1376 | ၁၈ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 897) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1377 | ၂၉ နှစ် | မ | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1019) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1378 | ၃၀ နှစ် | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 849) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1379 | ၆၀ နှစ် | ကျား | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1019) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1380 | ၆၁ နှစ် | မ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1019) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1381 | ၄၃ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1027) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1382 | ၁၄ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1027) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1383 | ၂၄ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1027) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1384 | ၄၂ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1027) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1385 | ၂၈ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1386 | ၃၁ နှစ် | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 1387 | ၄၉ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 1388 | ၂၄ နှစ် | မ | လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1389 | ၅၇ နှစ် | ကျား | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1390 | ၃၄ နှစ် | ကျား | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1129) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1391 | ၃၆ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1392 | ၂၈ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1129) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1393 | ၂၄ နှစ် | ကျား | ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1120) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1394 | ၅၂ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1395 | ၇၆ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1396 | ၅၁ နှစ် | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1397 | ၂၇ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1398 | ၄၇ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case673) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

*စာမျက်နှာ ၁၈ သို့*

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၇**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

## ၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့ရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် စက်တင်ဘာ ၇**

၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ပြည်တွင်းလေကြောင်း ခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများစာရင်းကို မြန်မာ့အလင်းနှင့် ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများ၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် အချပ်ပိုစာမျက်နှာများဖြင့် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ကာယကံရှင်များအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှု ခံယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးနှိုးဆော်ပန်ကြားထားသဖြင့် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 1399 | ၆၁ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case672) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1400 | ၅၀ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1401 | ၃၄ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1402 | ၁၅ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1403 | ၁၁ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1404 | ၅ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1405 | ၂၉ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1406 | ၅၁ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1407 | ၁ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1408 | ၂၄ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1409 | ၅၃ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1410 | ၃၄ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1411 | ၁ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1412 | ၂၈ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case628, 767) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1413 | ၄၁ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1414 | ၃၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1415 | ၂၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1416 | ၆၄ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1417 | ၄၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1418 | ၂၈ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (စစ်တွေပြည်သူ့ဆေးရုံကြီး) |
| 1419 | ၂၀ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case491, 765,766) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1420 | ၄၃ နှစ် | ကျား | ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1421 | ၃၈ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case 1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1422 | ၄၁ နှစ် | မ | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case 1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1423 | ၃၅ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case 1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1424 | ၄၁ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case 1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1425 | ၃၃ နှစ် | မ | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case 1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1426 | ၂၀ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case 1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1427 | ၃၂ နှစ် | မ | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case 1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1428 | ၁၇ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ရှိ (Case 1213) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပဲခူးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1429 | ၃၃ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 999) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1430 | ၈ နှစ် | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 999) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1431 | ၄ နှစ် | ကျား | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 999) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1432 | ၇၄ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1017) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1433 | ၄၆ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1017) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1434 | ၂၃ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1017) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1435 | ၃၁ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 741) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1436 | ၃၄ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1437 | ၃၁ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 816) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1438 | ၂၃ နှစ် | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1024) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1439 | ၂၈ နှစ် | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1024) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1440 | ၂၄ နှစ် | ကျား | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1441 | ၂၂ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1017) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1442 | ၁၉ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1017) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1443 | ၂၇ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1444 | ၄၂ နှစ် | ကျား | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 861) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| *1445 | ၆၄ နှစ် | မ | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| *1446 | ၆၇ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1447 | ၃၉ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (Singapore) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1448 | ၃၄ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ ပြည်သူ့ဆေးရုံကြီး) |
| 1449 | ၂၆ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1076,1077) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ ပြည်သူ့ဆေးရုံကြီး) |
| 1450 | ၂၅ နှစ် | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 1076,1077) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ ပြည်သူ့ဆေးရုံကြီး) |
| 1451 | ၃၆ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ ပြည်သူ့ဆေးရုံကြီး) |
| 1452 | ၂၀ နှစ် | မ | ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ ပြည်သူ့ဆေးရုံကြီး) |
| 1453 | ၇၆ နှစ် | ကျား | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1454 | ၁၉ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1455 | ၆၄ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1456 | ၃၈ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1457 | ၃၈ နှစ် | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1458 | ၂၃ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 1459 | ၃၇ နှစ် | ကျား | ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (အထောင်တိုက်နယ်ဆေးရုံ) |
| 1460 | ၂၄ နှစ် | မ | တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1461 | ၆၄ နှစ် | ကျား | ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1462 | ၃၈ နှစ် | ကျား | ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1463 | ၄၆ နှစ် | ကျား | ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1464 | ၄၀ နှစ် | ကျား | ပုဗ္ဗသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မရှိ | မရှိ | နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) | တွေ့ရှိ | ကျန်းမာရေးစစ်ဆေးခြင်း |

* ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

## ပြစ်ဒဏ်မှ လွတ်မြောက်လာသူ(ပြစ်ဒဏ်စေ့)မြန်မာနိုင်ငံသားများအား ကူညီထောက်ပံ့ရေး ညှိနှိုင်းစည်းဝေး



**တာချီလိတ် စက်တင်ဘာ ၇**

တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ ပြစ်ဒဏ်အမျိုးမျိုးကြောင့် လွတ်မြောက်လာသူ(ပြစ်ဒဏ်စေ့) မြန်မာနိုင်ငံသားများကို ထောက်ပံ့ပေးခြင်း အစီအစဉ်အတွက် ခရိုင်/မြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က ပြုလုပ်သည်။

ပြစ်ဒဏ်စေ့များအတွက် ထောက်ပံ့စရိတ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့မှုပုံစံများကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း မိုးကုတ်တရားစမ္မရိပ်သာတွင် အသွားအလာကန့်သတ်မှုခံယူနေသော ပြစ်ဒဏ်စေ့များအတွက် ပို၍အဆင်ပြေစေရန် တစ်နေ့တာစားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိနေရပ်သို့ အပြန်ခရီးစရိတ်အတွက် ပြန်လည်ထွက်ခွာမည့် နေ့တွင် ပေးအပ်မည်ဖြစ်ကာ အခြားထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ပေးရန် ဆုံးဖြတ်ကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂ ရက်က ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးလာသော ပြစ်ဒဏ်စေ့ ၁၄၃ ဦး အသွားအလာကန့်သတ်မှုခံယူနေရာ ၎င်းတို့ကို ထောက်ပံ့ရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပြီး နှာခေါင်းနှင့်အာခေါင်တို့ဖတ် အဖြေရလဒ်လည်း စောင့်ဆိုင်းကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

ယမန်နေ့မှအဆက်

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၃၆ | ခွေးလေးမိုတီနဲ့ဗရက်(မ်)ရာ(က်)ရှက်(စ်) | မောင်ဒဿန(ဆင်ဖြူကျွန်း) | ဆိပ်ကမ်းသာ | ၃၀၀၀ |
| ၃၇ | ကံ့ကော်ရနံ့ မြန်မာစာ | ဦးအောင်ဆန်းတင့်(မဟာဝိဇ္ဇာ) | ရှင်မတောင် | ၂၅၀၀ |
| ၃၈ | မြေးလေးတို့မျိုးဆက်သစ်လူငယ်တွေဖတ်ဖို့ ကမ္ဘာ့လူကျော်ကြီးများ | ဟိန်းလတ် | Book Street | ၂၅၀၀ |
| ၃၉ | ဖြတ်လျှောက် ( ၁၃ ) | မျိုးဇေယျာဦး | နှစ်ကာလများ | ၄၀၀၀ |
| ၄၀ | လှပပါစေ ကမ္ဘာမြေ | ရွှေထုံ(ခင်သီတာလှိုင်) | မျိုးဆက်သစ် | ၂၅၀၀ |
| ၄၁ | တစ်သက်တစ်ခါ ထာဝရ | မိုးဦးနေ | ဆုရောင်စဉ် | ၅၅၀၀ |
| ၄၂ | ငါ့ကိုလွမ်းတဲ့အခါ မေ့လိုက်ပါ | လင်းကိုခိုင် | ကိုလတ် | ၂၅၀၀ |
| ၄၃ | မေမေ မမ နိုင်ငံတော် | မှူးငယ် | ကိုလတ် | ၂၅၀၀ |
| ၄၄ | လန်ဒန်ဆောင်းညများ | ဆောင်းဝင်းလှိုင် | ကိုလတ် | ၂၀၀၀ |
| ၄၅ | မင်းထားခဲ့တဲ့နောက် | ဖန်ရာဇီ | ကိုလတ် | ၂၅၀၀ |
| ၄၆ | အဝါရောင် ညနေခင်း | နွေသစ်ငြိမ်း | ကိုလတ် | ၂၅၀၀ |
| ၄၇ | Disco-Very | J-Me | ရန်ကုန်လမ်းမများ | ၃၀၀၀ |
| ၄၈ | အကျဉ်းထောင်ပြည်ပြေးဘဝများနှင့် မြန်မာနိုင်ငံသစ် | ကျော်စွာမိုး | စိတ်ကူးချိုချို | ၇၅၀၀ |
| ၄၉ | ရောဂါများကို ကုသနိုင်သည့်ပမာဏများပြားသော ဗိုက်တာမင်ကုထုံးများ | ကပ္ပတိန်နေဦး | မျိုးဆက်သစ် | ၃၅၀၀ |
| ၅၀ | ရွှေပြည်တော် မျှော်မဝေးပြီမို့ | စည်သူအောင်နှင့် ရတနာပုံမောင်မှတ် | မြဝတီစာပေ | ၅၀၀၀ |




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၅/၅၈၅ | ကျပ် | ၅၇၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၅/၅၉၅ | ကျပ် | ၅၉၀/၆၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၃၅ | ကျပ် | ၅၅၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၅/၆၄၅ | ကျပ် | ၆၈၀/၇၀၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၀ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၇ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၂ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၇ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၉၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၄၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၅၃၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၆၄၅၆ | ၆၃၄၀၄၄၀၀ |
| MTSH | ၃၈၅၀ | ၃၆၀၀ | ၂၄၂၁ | ၈၇၂၈၆၅၀ |
| MCB | ၇၉၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅ | ၁၀၇၅၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၇၃၄ | ၁၉၉၃၇၅၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၇ | ၂၁၃၅၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

■ *ကျော်ဖုံးမှ*

(၇-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၁၇၀) ခုအနက် အတည်ပြုလူနာ (၅၄) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရခိုင်ပြည်နယ် | ကျောက်တော်မြို့နယ် | ၉ |
| ၂ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၄ |
| | | ချမ်းမြသာစည်မြို့နယ် | ၁ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ်မြို့နယ် | ၇ |
| | | တောင်ဥက္ကလာပမြို့နယ် | ၅ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၄ |
| | | ဗိုလ်တထောင်မြို့နယ် | ၄ |
| | | သာကေတမြို့နယ် | ၃ |
| | | မင်္ဂလာဒုံမြို့နယ် | ၃ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၂ |
| | | တာမွေမြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၁ |
| | | လှိုင်မြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၁ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၁ |
| | | မရမ်းကုန်းမြို့နယ် | ၁ |
| | | လှည်းကူးမြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၁ |
| | | လမ်းမတော်မြို့နယ် | ၁ |
| | | အလုံမြို့နယ် | ၁ |
| ၄ | မွန်ပြည်နယ် | ပေါင်မြို့နယ် | ၁ |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၇-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၆) ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၉) ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၄) ခု |
| (၇-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မော်လမြိုင်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၅၄) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၅၄) ဦး | (၁,၅၁၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၃၈၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၈) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၆-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၉၈၇)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၅) ဦး တွေ့ရှိရပါသည်။

၂။ (၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၆၄) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၈)ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၇-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၆-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (ဒုတိယအသုတ်) | (၉၈၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၄၅) ဦး |

(၆-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၀၀၇) ခုအား စစ်ဆေးခဲ့ပါသည်။

(၆-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာစုစုပေါင်း (၃,၀၀၇) ခုအနက် အတည်ပြုလူနာ (၁၄၅) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၁ |
| | | သာစည်မြို့နယ် | ၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ် | ၁၂ |
| | | သင်္ဃန်းကျွန်းမြို့နယ် | ၈ |
| | | မင်္ဂလာဒုံမြို့နယ် | ၇ |
| | | **ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၇ |
| | | ***လှိုင်မြို့နယ် | ၆ |
| | | အလုံမြို့နယ် | ၅ |
| | | တောင်ဥက္ကလာပမြို့နယ် | ၅ |
| | | သာကေတမြို့နယ် | ၅ |
| | | လှိုင်သာယာမြို့နယ် | ၄ |
| | | ကော့မှူးမြို့နယ် | ၃ |
| | | မရမ်းကုန်းမြို့နယ် | ၃ |
| | | *စမ်းချောင်းမြို့နယ် | ၃ |
| | | ဗဟန်း | ၃ |
| | | ဗိုလ်တထောင်မြို့နယ် | ၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၂ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၂ |
| | | လသာမြို့နယ် | ၂ |
| | | ကမာရွတ်မြို့နယ် | ၂ |
| | | ပုဇွန်တောင်မြို့နယ် | ၂ |
| | | လမ်းမတော်မြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် | ၁ |
| | | တွံတေးမြို့နယ် | ၁ |
| | | ဒဂုံမြို့နယ် | ၁ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁ |
| | | ပန်းဘဲတန်းမြို့နယ် | ၁ |
| | | လှည်းကူးမြို့နယ် | ၁ |
| | | ကျောက်တံတားမြို့နယ် | ၁ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၁၆ |
| | | ကျောက်ဖြူမြို့နယ် | ၃ |
| | | ပေါက်တောမြို့နယ် | ၁၅ |
| | | ကျောက်တော်မြို့နယ် | ၂ |
| | | ပုဏ္ဏားကျွန်းမြို့နယ် | ၁ |
| | | မောင်တောမြို့နယ် | ၁ |
| ၄ | နေပြည်တော် | ပုဗ္ဗသီရိမြို့နယ် | ၂ |
| | | ဥတ္တရသီရိမြို့နယ် | ၁ |
| ၅ | ရေဝတီတိုင်းဒေသကြီး | ကျုံပျော်မြို့နယ် | ၁ |
| | | ဟင်္သာတမြို့နယ် | ၁ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ကဝမြို့နယ် | ၈ |

*(၂) ဦးမှာ စစ်တွေမြို့သို့ခရီးသွားရာဇဝင်ရှိသဖြင့်အသွားအလာကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။
**(၁) ဦးမှာ စစ်တွေမြို့သို့ခရီးသွားရာဇဝင်ရှိသဖြင့်အသွားအလာကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။
***(၁)ဦးမှာစင်ကာပူနိုင်ငံသို့ခရီးသွားရာဇဝင်ရှိသဖြင့်အသွားအလာကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

၄။ (၆-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၈၃၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၅၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၃၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၀၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၆၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၃၃) ခုနှင့်
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၆) ခု၊
- စုစုပေါင်း (၃,၀၀၇)ခု အား စစ်ဆေးခဲ့ပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည် ဖြစ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကျောက်တန်း၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် စားသောက်ဆိုင်များပါဆယ်စနစ်ဖြင့် ရောင်းချရန်အသိပေး

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ မြို့နယ်ကျန်းမာရေး၊ စည်ပင်သာယာ၊ ရဲတပ်ဖွဲ့၊ မီးသတ်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ ပူးပေါင်းအဖွဲ့သည် ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ယမန်နေ့က မြို့မဈေးနှင့် ကားဂိတ်များတွင်ပြည်သူများ နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်အသုံးပြုကြရန် ပညာပေးလှုပ်ရှားဆောင်ရွက်ကြသည်။

ဆက်လက်၍ လူစုလူဝေးဖြစ်ပေါ်ခြင်းကို အတတ်နိုင်ဆုံးရှောင်ရှားနိုင်ရန်အတွက် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ထမင်းဆိုင်များနှင့် ယစ်မျိုးဆိုင်များကိုလည်း စက်တင်ဘာ ၈ ရက်မှစ၍ ဆိုင်ထိုင်စနစ်ရောင်းချခြင်းမပြုဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန် ကွင်းဆင်းအသိပေးဆောင်ရွက်ကြကြောင်း သိရသည်။

၀၂၀

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၈၉ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၇**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၈၉ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်




လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ (ဝဲပုံ)

**၇၅၃၅၉ ဦး ပြန်လည်ဝင်ရောက်**

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက် မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ ၃၇၄၆ ဦး စုစုပေါင်း ၇၅၃၅၉ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၃၂ ဦး၊ အမျိုးသမီး ၁၅၇ ဦး စုစုပေါင်း ၄၈၉ ဦးဖြစ်ပြီး သက်ဆိုင်ရာအသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# မင်းဘူးမြို့ရှိ ရှေးဟောင်းစေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေသည့် ရဲတပ်ဖွဲ့ဝင်များအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လာရောက်တွေ့ဆုံအားပေး


ရဲတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တွေ့ဆုံအားပေးစဉ်။

**မကွေး စက်တင်ဘာ ၇**

မင်းဘူး စကုမြို့ရှိ ရှေးဟောင်းစေတီများအား စက်တင်ဘာ ၅ ရက်က ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လာရောက်ကြည့်ရှုအားပေးခဲ့သည်။ မင်းဘူးမြို့ရှိ ရှေးဟောင်းစေတီများတွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်နေသဖြင့် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စနေနေ့တိုင်း စုပေါင်း သန့်ရှင်းရေးပြုလုပ်ခဲ့သည်မှာ ယခုတစ်ပတ်သည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေး ပြုလုပ်နေမှုကို လိုက်လံကြည့်ရှု၍ ရှေးဟောင်းအမွေအနှစ် စေတီပုထိုးများတွင် အပင်များ ပေါက်ရောက်နေသဖြင့် မရှင်းလင်းဘဲ ဆက်ထားမည်ဆိုပါက ပျက်စီးယိုယွင်းသွားနိုင်သဖြင့် ယခုကဲ့သို့ သန့်ရှင်းရေးပြုလုပ်ပေးခြင်းကို သာဓုခေါ်ပါကြောင်း အားပေးစကားပြောကြားသည်။

တတိယအကြိမ် စုပေါင်းသန့်ရှင်းရေး ပြုလုပ်မှုတွင် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှိုင်တင့်၏ ကြီးကြပ်မှုဖြင့် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ရွှေ ဦးဆောင်သော မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မကွေးခရိုင် ရဲတပ်ဖွဲ့နှင့် မင်းဘူးခရိုင်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့စုတို့မှ ရဲတပ်ဖွဲ့ဝင် ၂၄၃ ဦးနှင့် မိသားစုဝင် ၄၀ တို့ ပါဝင်လုပ်ဆောင်ခဲ့ကြပြီး စေတီတော်များပေါ်၌ ပေါက်ရောက်နေသော ဆူးပင်နှင့် အပင်ရိုင်းများကို ရှင်းလင်းခြင်းနှင့် ဘုရားပရဝဏ် ပတ်လည်တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို စေတီ ၁၃ ဆူ၌ ဆက်လက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

မင်းဘူးခရိုင်အတွင်း ရှေးဟောင်း စေတီပုထိုး စုစုပေါင်း ၁၆၈ ဆူရှိရာ ရဟန်းရှင်လူ ပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်စေရန်နှင့် ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများ မပျက်စီးစေရေးအတွက် ကျန်ရှိသည့် ရှေးဟောင်းစေတီတော်များကိုလည်း ရဲတပ်ဖွဲ့က အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု( မကွေး)**

---

## နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးရန် ကျန်ရှိနေသော ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးရန် ဆွေးနွေး

**ပုလော စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စက်တင်ဘာ ၆ ရက်တွင် ပလမြို့ အမှတ်(၃)ရပ်ကွက် ရွှေမော်သိမ် ဓမ္မာရုံ၌ ပလမြို့ မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရန် ကျန်ရှိနေသော ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရန်၊ လာမည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းများကို ကြည့်ရှုရန်၊ ပြင်ဆင်ရန်လိုအပ်သည်များအတွက် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်များထံမှ ပုံစံများ တောင်းခံ၍ ပြင်ဆင်ရန်၊ ပလမြို့၌ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက အချိန်မီ သတင်းပေးပို့ကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ သိရှိမှသာ လိုအပ်သောပံ့ပိုးမှုများကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် ပုလောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ဌာနဆိုင်ရာများက ဌာနအလိုက် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒေသခံပြည်သူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကာ ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ရာသီဥတုပြောင်းလဲမှုနှင့် ရေအသုံးချမှုစီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်


အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။

**ရန်ကုန် စက်တင်ဘာ ၇**

ရာသီဥတုပြောင်းလဲမှုနှင့် ရေအသုံးချမှု စီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၇ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က "ဒီနေ့ အလုပ်ရုံဆွေးနွေးပွဲဟာ မြန်မာနိုင်ငံအတွက်ရော၊ နိုင်ငံရဲ့အရေးကြီးသော စီးပွားရေးမြို့တော်ကြီးဖြစ်တဲ့ ရန်ကုန်မြို့တော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော၊ တစ်နိုင်ငံလုံးရဲ့ GDP ၂၆ ရာခိုင်နှုန်းလောက်ကို ဦးဆောင်ပေးနေတဲ့ ရန်ကုန်မြို့တော်ကြီး ဆက်လက်ပြီးစီးပွားရေးကဏ္ဍနယ်ပယ်တွေ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက်ရော ဒီနေ့ အလုပ်ရုံဆွေးနွေးပွဲဟာ အရေးကြီးတဲ့ ဆွေးနွေးပွဲတစ်ခု ဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲက ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်တွေကို ရယူပြီး ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆက်လက် စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ၌ ရေရှားပါးမှုများ ဖြစ်ပေါ်လာသည့်အတွက် ရေအရင်းအမြစ်များမှ ရရှိသောရေကို အကျိုးရှိစွာ ခွဲဝေအသုံးချနိုင်ရေး၊ အရေးကြီး ကဏ္ဍများတွင် ဦးစားပေးသုံးစွဲနိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေမှုရှိမည့် စိုက်ပျိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ဆည်မြောင်း ဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာအသင်းတို့မှ တာဝန်ရှိသူများ၊ ရေနှင့်ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့သည်။


ယခုအခါ မိုးဥတုအလယ်ကာလရောက်နေသော်လည်း မိုးရေချိန်နည်းပါးကာ ရန်ကုန်တိုင်းဒေသကြီးအတွက် သောက်သုံးရေ ဖြန့်ဖြူးလျက်ရှိသော ရေလှောင်ကန်ကြီးများတွင် လိုအပ်သည့် ရေပမာဏကို ပြည့်မီခြင်းမရှိသေးသည့်အတွက် ပြည်သူများအား ရေပြန်လည်ဖြန့်ဖြူးရာတွင် ယခင်ကဲ့သို့ အချိန်ပြည့် ပေးဝေနိုင်ခြင်းမရှိဘဲ အချိန်အကန့်အသတ်ဖြင့် ပေးဝေနေရကြောင်းနှင့် လာမည့် နွေရာသီတွင် ရေပြတ်လပ်မှုမရှိအောင် ယခုကဲ့သို့ ထိန်းသိမ်း ပေးဝေနေရခြင်းဖြစ်ကြောင်း ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သွဲ့နိုင်ဦးက ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-အာကာစိုး**

---


## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။





## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်



*၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်*

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# မြိတ်-ရန်ကုန် ခရီးသည်တင်ယာဉ်လိုင်းများ ရပ်နားထားခြင်းမရှိဘဲ ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များအတိုင်း ပြေးဆွဲ

**မြိတ် စက်တင်ဘာ ၇**

ပြည်သူများ နေ့စဉ်သွားလာလျက်ရှိသည့် မြိတ်-ရန်ကုန်၊ ရန်ကုန်-မြိတ် ခရီးစဉ် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများ ရပ်နားထားခြင်းမရှိဘဲ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးညွှန်ကြားချက်များအတိုင်း ပြေးဆွဲလျက်ရှိသည်။

"မြိတ်-ရန်ကုန်၊ ရန်ကုန်-မြိတ် ခရီးစဉ် ရပ်နားထားတာ မရှိပါဘူး။ ဆွဲလို့ရတယ်။ မြိတ်ရဲ့ သတ်မှတ်ချက်က ခရီးသည်တင်လို့ရတယ်။ ဒီကသွားလည်းရတယ်။ ဟိုကလာတဲ့သူတွေလည်း လက်ခံခေါ်လာလို့ရတယ်။ ရခိုင်ဘက်ကနဲ့ ရန်ကုန်က ခုနစ်မြို့နယ် အဲဒီကလာတဲ့ ခရီးသည်တွေကိုတော့ ဒီရောက်လို့ရှိရင် အသွားအလာကန့်သတ်မှု ဝင်ရမယ်။ ကျန်တဲ့အရပ်ဒေသက ခရီးသည်တွေလာလို့ရှိရင် ရပ်ကွက်ထောက်ခံစာ၊ ဆေးထောက်ခံစာပါလို့ရှိရင် အသွားအလာကန့်သတ်မှုမဝင်ရဘူး ပြောထားပါတယ်" ဟု မန်းရာဇာအဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးဂိတ်မှူး ဦးခင်မောင်မြင့်က ပြောသည်။




ခရီးသည်တင် ယာဉ်လိုင်းများအားလုံးကို ပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ရပ်နားထားခြင်းမရှိကြောင်း၊ ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ညွှန်ကြားချက်များအတိုင်း ပြေးဆွဲလျက်ရှိကြောင်း မြိတ်မြို့နယ် ပုဂ္ဂလိကယာဉ်များပြေးဆွဲရေး လုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေး ကော်မတီမှ သိရသည်။

ခရီးသွားလာတဲ့ ပြည်သူများ ခရီးသွားလာမှုအဆင်ပြေရန်၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရန် ကုန်စည်စီးဆင်းမှု ပြတ်လပ်မှုမရှိစေရန်အတွက် ယာဉ်လိုင်းများ ပိတ်ထားခြင်း၊ ရပ်နားထားခြင်းမရှိကြောင်း၊ မြိတ်မြို့ အနေဖြင့် မည်သည့်မော်တော်ယာဉ်လိုင်းကိုမှ ပြေးဆွဲမှု ရပ်တန့်ထားခြင်းမရှိသည့်အတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းဥပဒေနှင့်အညီ ပြေးဆွဲမည်ဆိုလျှင် လိုင်းပိတ်ထားခြင်းမရှိကြောင်း၊ ခရီးသွားပြည်သူများ ထောက်ခံချက်ယူလာရကြောင်း၊ သက်ဆိုင်ရာစစ်ဆေးရေးဂိတ်များတွင် ကျန်းမာရေးစစ်ဆေးခံပြီးလျှင် ခရီးသွားလာခွင့်ပြုထားကြောင်း၊ မြိတ်မြို့နယ် ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သင်းမောင်က ပြောသည်။

မြိတ်မြို့သို့ Stay at Home အကျုံးဝင်မြို့နယ်များမှ လေယာဉ်ခရီးစဉ်နှင့် မော်တော်ယာဉ်များဖြင့် လာရောက်သည့် ခရီးသွားများ မိမိအစီအစဉ်ဖြင့် အသွားအလာကန့်သတ်မှု ၁၄ ရက် ဝင်ရမည်ဖြစ်ကာ ခေတ်ခွဲနမူနာ နှစ်ကြိမ်ရယူစစ်ဆေးရန် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ထားကြောင်း သိရသည်။

မြိတ်မြို့တွင် ဆိုက်ရောက်ထွက်ခွာလျက်ရှိသည့် ယာဉ်လိုင်းများတွင် တိုင်းဒေသကြီး ပြင်ပမှ ဆိုက်ရောက်ထွက်ခွာ ယာဉ်လိုင်း ၂၅ သင်းနှင့် တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်း ၄၀ ရှိကြောင်း မြို့နယ်ပုဂ္ဂလိက ယာဉ်များပြေးဆွဲရေး လုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## သမဝါယမအသင်းများမှ ချေးငွေ၊ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချခြင်းကိစ္စများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၇**

သမဝါယမအသင်းများအား လယ်ယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထုတ်ချေးပေးလျက်ရှိသော EXIM Bank ချေးငွေကိစ္စ၊ Daedong လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချပေးလျက်ရှိသော ကိစ္စများနှင့်ပတ်သက်၍ စက်တင်ဘာ ၄ ရက်က Video Conferencing စနစ်ဖြင့် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမ ဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်များမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က ယခု ကိုဗစ်-၁၉ ရောဂါကာလအတွင်း လှုပ်ရှားဆောင်ရွက်နေရသည့် သမဝါယမအသင်းသား တောင်သူများ၏ အခက်အခဲများရှိကြောင်း၊ ယင်းအခက်အခဲများအပေါ် ညှိနှိုင်းပေါင်းစပ်ကြိုးပမ်းအားထုတ်ဆောင်ရွက်နေခြင်းအပေါ် အသိအမှတ်ပြုကျေးဇူးတင်ကြောင်း၊ အတတ်နိုင်ဆုံး တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ဝိုင်းဝန်းကြံဆ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးသည်။

အစည်းအဝေးတက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများနှင့် သမဝါယမအသင်းစုချုပ်များကလည်း လုပ်ငန်းဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းကာ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။

**သတင်းစဉ်**

## အုတ်ဖို – အိုးသည်ကုန်း ကျေးလက်ဖြတ်လမ်း ၁၄ ပေအကျယ် ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် အုတ်ဖို-အိုးသည် ကုန်းလမ်း မိုင်တိုင်အမှတ် (၁/၀ မှ မိုင်တိုင်အမှတ် ၃/၄) အထိ အရှည်နှစ်မိုင် လေးဖာလုံအား ၁၄ ပေ အကျယ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို တင်ဒါခေါ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းသည် အရှည် ငါးမိုင်ရှိပြီး ကျေးလက်ပြည်သူများ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသော မြေသားလမ်းဖြစ်သည်။ ၂၀၁၈ (ဧပြီလမှ စက်တင်ဘာလအထိ) တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျောက်ချောခင်းခြင်းလုပ်ငန်း လေးဖာလုံကို တင်ဒါအောင်သည့် ကုမ္ပဏီကလည်းကောင်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် နှစ်မိုင် လေးဖာလုံကို တင်ဒါအောင်သည့် ကုမ္ပဏီကလည်းကောင်း ကျောက်ချောလမ်းခင်းပေးသည်။


ကျေးလက်လမ်း ကျောက်ချောလမ်းခင်းနေမှုကို တွေ့ရစဉ်။

အုတ်ဖို-အိုးသည် ကုန်းဖြတ်လမ်းသည် ရန်ကုန် – ပြည်လမ်းမကြီးဖြင့် ချိတ်ဆက်နေသော လမ်းဖြစ်၍ ကျောက်ချောလမ်း ပြီးသွားပါက ကျေးရွာအုပ်စု ငါးအုပ်စုမှ ကျေးရွာပေါင်း ၁၅ ရွာ၊ အိမ်ခြေ ၁၂၆၅ အိမ်နှင့် လူဦးရေ ၅၀၉၅ ဦးတို့အား အကျိုးပြုမည့် ကျေးလက်လမ်း ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ဝန်းသိုမြို့နယ် ဘုံချောင်းကျေးရွာတွင် NEP စီမံကိန်း တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်မည်

**ဝန်းသို စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဘုံချောင်းကျေးရွာတွင် နိုင်ငံတော်အစိုးရ၏ တစ်နိုင်ငံလုံးလျှပ်စစ်မီးလင်းရေး အမျိုးသားလျှပ်စစ်မီးလင်းရေး စီမံကိန်း NEP (OFF GRID)SOLAR HOME SYSTEM(မဟာဓာတ်အားလိုင်းပြင်ပ) တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက်က ပြုလုပ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် မီးလင်းရေးဌာနစိတ် တာဝန်ခံ ဒေါ်အိမွန်ဟိန်းတို့က စီမံကိန်းလုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးပြီး ဆိုလာဖြင့် TV၊ EVD PLAYER၊ ပန်ကာအသုံးပြုပုံတို့ကို တပ်ဆင်အသုံးပြု၍ ကျေးရွာပြည်သူများအား ပြသပေးသည်။

ဘုံချောင်းကျေးရွာတွင် အိမ်ခြေ ၆၇အိမ်ရှိပြီး ဆိုလာတပ်ဆင်အသုံးပြုမည့်သူများအနေဖြင့် 100W SOLARကို ပြည်သူထည့်ဝင်ငွေကျပ် ၁၅၀၀၀၀၊ 60W SOLARကို ပြည်သူထည့်ဝင်ငွေကျပ် ၅၀၀၀၀ အချိုးကျ ထည့်ဝင်ပြီး ထည့်ဝင်ငွေကို နှစ်ကြိမ်အရစ်ကျထည့်ဝင်ရမည်ဖြစ်ကြောင်း၊ တစ်အိမ်သုံးဆိုလာစနစ် 100W နှင့် 60 W တို့တွင် ဘက်ထရီပါသော ဆိုလာပုံးနှင့်အတူ မီးသီးလေးလုံး၊ မီးချောင်းတစ်ချောင်းတို့ကို အသုံးပြုသူ အိမ်များတွင် စနစ်တကျတပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် စီမံကိန်းမှ စာသင်ကျောင်းတစ်ကျောင်း၊ ဘာသာရေးကျောင်းနှစ်ကျောင်း၊ ကျန်းမာရေးဆေးခန်းတစ်ခုနှင့်လမ်းမီးတိုင်များကို အခမဲ့တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြိုင်(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါနှင့်ပတ်သက်၍ ဟားခါးမြို့ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာများ၊ ခွဲစိတ်ကုသမှုများ ကြိုတင်အသိပေး

**ဟားခါး စက်တင်ဘာ ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာများနှင့် ခွဲစိတ်ကုသလူနာများအား ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှုများကို အချိန်မီတားဆီးကာကွယ်နိုင်ရေးအတွက် ကြိုတင်အသိပေး ဆောင်ရွက်လျက်ရှိသည်။

ဟားခါးပြည်သူ့ဆေးရုံကြီး၌ အရေးကြီးသောခွဲစိတ်ကုသမှုများနှင့် အရေးပေါ်ခွဲစိတ်ကုသမှုများကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အရေးမကြီးသော အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိသော ခွဲစိတ်မှုများကို ရက်ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများထိခိုက်မှုမရှိစေရေးအထူးဂရုစိုက်ဆောင်ရွက်လျက်ရှိသော်လည်း ဟားခါးပြည်သူ့ဆေးရုံကြီးမှ ၂၄ နာရီ ပြင်ပလူနာများအား စောင့်ကြည့်စစ်ဆေးပေးလျက်ရှိကြောင်း ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဇင်ကိုကိုအောင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စေတုတ္တရာမြို့နယ်ရှိ သက်ကြီးဘိုးဘွားများနှင့် မသန်စွမ်းသူများအား အိမ်တိုင်ရာရောက် ထောက်ပံ့

**စေတုတ္တရာ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် မသန်စွမ်းသူများအား ထောက်ပံ့ငွေများကို ယမန်နေ့က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ငွေများ ပေးအပ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအုပ်စုများမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် မသန်စွမ်းသူများအား တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် သက်ကြီးဘိုးဘွား ၂၀၂ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၆၀၆၀၀၀၀ နှင့်မသန်စွမ်းသူ ၈၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၆၄၀၀၀၀ တို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးကြောင်း သိရသည်။



**စည်သူလွင်(ပြန်/ဆက်)**

# မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် မူဆယ် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအဖွဲ့ ပူးပေါင်း၍ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ

**မူဆယ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ယနေ့နံနက်ပိုင်းက မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း မူဆယ်ရုံးခွဲအဖွဲ့၊ မူဆယ်ခရိုင် ကိုဗစ် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီအဖွဲ့နှင့် ခရိုင်/မြို့နယ်အဆင့်ရှိ အမျိုးသမီးရေးရာနှင့် မိခင်ကလေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

မူဆယ်ခရိုင် မြို့နယ်အဆင့် ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ကုသရေး လုပ်ငန်းကော်မတီအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်ကလေးအဖွဲ့၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၊ ကျန်းမာရေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့နှင့် မီးသတ် အဖွဲ့၊ မြင့်မြတ်ပါရမီပရဟိတ သွေးလှူရှင်အသင်းအဖွဲ့၊ နှလုံးလှ လူမှုကူညီရေးအဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်းပြီး မူဆယ်မြို့နယ် အတွင်းရှိ တရုတ်- မြန်မာ နယ်စပ်ရွှေနန်းတော်ဂိတ်၊ မူဆယ် အမှတ်(၂)ဈေးရှေ့၊ မူဆယ်နာရီစင် မီးပွိုင့်ရှေ့၊ မူဆယ်အားကစားကွင်း ရှေ့၊ မြို့ရောင်လမ်းဘေး၊ အိုယီယမ်တယ်ဟိုက်ဝေး တိုးဂိတ်အနီးနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး ကားအဝင်အထွက်များသည့်နေရာများ၊ ကုန်တင်ကုန်ချရုံးနေရာများနှင့် အခြား လူအသွားအလာများသည့်နေရာများ၌ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ ပေးခြင်း၊ လက်သန့်ဆေးဖြင့် လက်ဆေးပေးခြင်း၊ အသံချဲ့စက်ဖြင့် ဆော်ဩပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်ရောဂါ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

မူဆယ်ခရိုင် မူဆယ်မြို့တရုတ်-မြန်မာနယ်စပ်သည် စီးပွားရေးအရ အဓိက အချက်အချာကျသော နေရာဖြစ်သည့်အတွက် နေ့စဉ်လိုလိုစီးပွားရေးလုပ်ငန်း ရှင်များ၊ ကုန်ရောင်းကုန်ဝယ်သမားများ၊ နယ်စပ်သို့ အလည်အပတ်လာရောက် လေ့လာသူများ နေ့စဉ် အသွားအလာရှိနေသောကြောင့် ကိုဗစ်- ၁၉ မျိုးရိုးဗီဇ ပြောင်း ကူးစက်မှုအန္တရာယ်ဘေးမှ ကင်းဝေးနိုင်စေရန်အတွက် ခရိုင်အုပ်ချုပ်ရေး မှူး ဦးလှိုင်စိုးသန့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသူရိန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာ - တရုတ်ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ ဦးရှင်ဖူး ဦးစီးအဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့၊ ခရိုင်ပညာရေးအဖွဲ့၊ ပြည်သူ့ စစ်အဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး မြို့ဝင်/ မြို့ထွက်နေရာများမှာ ခရီးသွားလာသူများအား ယာဉ်ကြီး ယာဉ်ငယ် မလွတ်တမ်း ရပ်တန့်စေခဲ့ပြီး ယာဉ်ပေါ်ပါသူများအားလုံးကို ကိုယ်အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်း ဝေခြင်း၊ အသိပညာပေးခြင်းများကို နံနက် ၆ နာရီမှ ည ၈ နာရီခန့်အထိ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်စင်(မူဆယ်)**



အခမဲ့ဖြန့်ဝေပေးမည့် နှာခေါင်းစည်းများကို တာဝန်ရှိသူများထံ လွှဲပြောင်း ပေးအပ်စဉ်။

# ကွန်ဟိန်းမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးလှုပ်ရှားမှု ပြုလုပ်

**ကွန်ဟိန်း စက်တင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်း တပ်ဆင်ရေး အသိပညာပေး လှုပ်ရှားမှု ပြုလုပ်ခြင်းကို ကွန်ဟိန်း တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယနေ့နံနက်ပိုင်းက စတင်၍ ဆောင်ရွက်သည်။ **(ယာပုံ)**





နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေး လှုပ်ရှားမှု ပြုလုပ်ရခြင်းမှာ လမ်းသွားလမ်းလာ ပြည်သူများ နှာခေါင်းစည်း တပ်ဆင်သွားလာသည့် အလေ့အထ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်ပြီး ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်မှုကို မြို့နယ်အဆင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေး ကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပရဟိတအဖွဲ့များနှင့် စေတနာရှင်များ စုပေါင်း၍ နှာခေါင်းစည်း ၇၀၀၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ပရဟိတအဖွဲ့များနှင့် စေတနာရှင်၊ အလှူရှင်များ စုပေါင်းကာ လူနေများပြားသော ဈေးများ၊ လမ်းများတွင် သွားလာနေကြသည့် ပြည်သူများအား နှာခေါင်းစည်း ၇၀၀၀ ကို နှာခေါင်းစည်း မပါလာသူများအား ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လက်ကမ်းစာစောင်များကို ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

နှာခေါင်းစည်းများ လှူဒါန်းရာတွင် အင်းစိန် တညင်းကုန်းဈေး၊ စော်ဘွားကြီးကုန်း၊ ဆယ်မိုင်ကုန်း၊ မင်္ဂလာဒုံဈေး၊ ဝါယာလက်ဈေး၊ မင်္ဂလာဒုံ-ဂျိုးဖြူလမ်းမကြီးနှင့် ပေါက်ကုန်းရပ်ကွက် အလင်းစာကြည့်တိုက်ရှေ့ လမ်းမကြီးတို့တွင် ရေကြည်တစ်ပေါက်နာရေးကူညီမှုအသင်း(အင်းစိန်)၊ မေတ္တာသင်္ဂဟနာရေးကူညီမှုအသင်း၊ တက်နေထွန်းရှေ့ရေးကူညီမှုအသင်း၊ ရေကြည်တစ်ပေါက်နာရေးကူညီမှု အသင်း(မင်္ဂလာဒုံ)၊ ပေါက်ကုန်း ရပ်ကွက် ပရဟိတအဖွဲ့များ စုပေါင်းထားသော ပေါင်းစုခြင်းရဲ့တွဲလက်များအသင်းနှင့် အလှူရှင်များက အသိပညာပေးခြင်း၊ နှာခေါင်းစည်းများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးသန့်(ပြန်/ဆက်)**



ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်သည့် ရည်ရွယ်ချက်ဖြင့် နှာခေါင်းစည်းများတပ်ဆင်ရေး အသိပညာပေးခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် စက်တင်ဘာ ၇ ရက်က မြို့မရဲစခန်းရှေ့ မင်းလမ်းပေါ်၌ ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ပုဂံ-ညောင်ဦးစက်ဘီးစီးအဖွဲ့မှ နေရာသုံးနေရာတွင် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**ညောင်ဦး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် ပုဂံ-ညောင်ဦး စက်ဘီးစီးအဖွဲ့မှ ယမန်နေ့က ညောင်ဦးမြို့ နေရာသုံးနေရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်ဝေငှပေးခဲ့ကြောင်း စက်ဘီးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နွယ်စိုးထံမှ သိရသည်။

ယင်းသို့ ပြုလုပ်ရာတွင် ညောင်ဦးမြို့ မဏိစည်သူ ဈေးကြီးရှေ့တွင် လည်းကောင်း၊ ညောင်ဦးမြို့ သံတဲ ဟိုတယ်ရှေ့ လမ်းဆုံနေရာတွင် လည်းကောင်း၊ ညောင်ဦးမြို့အဝင် (ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ) မုခ်ဦးမှလည်းကောင်း နှာခေါင်းစည်း ၅၀၀၀ ကို လမ်းသွားလမ်းလာ မော်တော်ယာဉ်များပေါ်သို့ ဝေငှပေးခြင်း၊ သုံးဘီးဆိုင်ကယ်သမားများနှင့် စီးလာသူများ၊ ဆိုင်ကယ်သမားများအား ဝေငှပေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း နှာခေါင်းစည်းတပ်ဆင် သွားလာပြီး ယဉ်ကျေးမှုတစ်ရပ် အသွင်မျိုး စနစ်တကျ တပ်ဆင် သွားလာကြစေရန် ရည်ရွယ်ပြီး နှာခေါင်းစည်း ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။





**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# ကန့်ဘလူမြို့တွင် နှာခေါင်းစည်းတပ်ဆင်သွားလာခြင်း မရှိသူများအား အရေးယူမည်

**ကန့်ဘလူ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ပြည်သူများ အပြင်ထွက်သွားလာရာတွင် စနစ်တကျ တပ်ဆင်သွားလာစေရန်ရည်ရွယ်၍ ယမန်နေ့က နှာခေါင်းစည်း တပ်ဆင်သွားလာခြင်း ရှိ မရှိ စစ်ဆေးဆောင်ရွက်သည်။

ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်၌ အသွားအလာများသည့် လမ်းမများတွင် နှာခေါင်းစည်း စနစ်တကျတပ်ဆင်သွားလာခြင်း မရှိသူများကို နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခဲ့ပြီး နောက်ပိုင်းရက်များတွင်မူ နှာခေါင်းစည်းတပ်ဆင်သွားလာခြင်းမရှိပါက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( ခ ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်း မရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်း မရှိသော ကုန်စည်ကို လက်ရှိ ပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေ ချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

( ခ ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား(၁)

**ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၀ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၄,၄၀၉,၇၂၃.၀၄၇ |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၂၈၉.၇၁၉ |
| | ၂ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၂၀၁,၉၅၄.၈၄၉ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၆,၀၀၀.၀၀၀ |
| | ၄ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၆၄,၆၄၁.၀၀၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်း လိုင်စင်၊ လုပ်ငန်းဆိုင်ရာအခငွေများ၊ | ၁၅၆,၀၀၀.၀၀၀ |
| | ၆ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၈၅,၁၂၈.၇၃၅ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၆၂၂.၅၄၃ |
| | ၈ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၆၉၄,၂၁၀.၉၀၁ |
| | ၉ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ရတနာခွန်၊ | ၉၉,၈၇၅.၂၉၂ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၂,၇၅၄,၁၈၉.၂၁၅ |
| | ၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၇၅၄,၁၈၉.၂၁၅ |
| ၃ | | | **အကောက်ခွန်** | ၅၂၀,၀၀၀.၀၀၀ |
| | ၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အကောက်ခွန်၊ | ၅၂၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၉၃၁,၈၆၄.၉၆၇ |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊ | ၂၃.၅၁၆ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၀၄.၅၈၄ |
| | ၃ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၉၃၅ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၅,၉၈၈.၉၉၄ |
| | ၅ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင်ကျောက်များမပါ၊ | ၇၆.၀၅၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၂,၆၄၉.၂၈၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၃၃၄,၃၂၁.၁၁၆ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊ | ၃၁,၃၆၂.၇၉၆ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊ | ၅၄၄,၂၅၁.၁၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊ | ၁၁,၉၀၅.၃၆၂ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။ | ၁,၁၈၁.၂၃၄ |
| | | | **စုစုပေါင်း** | ၈,၆၁၅,၇၇၇.၂၂၉ |

## သောက်သုံးရေဖူလုံစေရေး စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ဆီဆိုင် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု နောင်လိတ် ကျေးရွာတွင် သောက်သုံးရေဖူလုံစေရေး စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ Eastern States Agri Business Project(ESAP)စီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးရွာ သောက်သုံးရေဖူလုံစေရေးအတွက် ကျေးရွာအပြင်ဘက် ခုနစ်ဖာလုံဝေးကွာသော စိမ့်စမ်းရေထွက်နေရာမှ စိမ့်စမ်းရေများကို ရေစုကန်ဖြင့်စု၍ ဆိုလာရေမြှုပ်ပန့်ဖြင့် ရေများစုပ်ယူကာ ကျေးရွာအတွင်းရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်သို့ ရေများပို့လွှတ်၍ သောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း နောင်လိတ်ကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှမ်းပြည်နယ်တောင်ပိုင်းကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးနှင့် အင်ဂျင်နီယာများ၊ Eastern States Agri Business Project (ESAP) စီမံကိန်းရုံးမှ တာဝန်ရှိသူများသည် ကျေးရွာရေကော်မတီဝင်များနှင့်အတူ ယနေ့နံနက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး စိမ့်စမ်းရေများ ရေရှည်အသုံးပြုနိုင်စေရေး ရေထွက်ပင်ရင်းနေရာများကို ဂရုတစိုက် အလေးထား ဆောင်ရွက်သွားကြရန် ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက မှာကြားသည်။

ငြိမ်းသူ



ကြည့်မြင်တိုင်မြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ မပြန့်ပွားစေရေးအတွက် မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်းမောင် ဦးဆောင်သောအဖွဲ့ဝင်များ စက်တင်ဘာ ၅ ရက်တွင် မြို့နယ်အတွင်းရှိ KTV ဆိုင်များ ဖွင့်လှစ်နေခြင်း ရှိ မရှိ လိုက်လံစစ်ဆေးစဉ်။ ကိုကြီးတင်

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ | | ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ ရေဆိပ် | ၄၆၆၃၃ | ၁၄၈၆၀ | ၀ | ၁၁၇၄ | |
| ၂ | မန္တလေးလေဆိပ် | ၃၅၅၈၀ | ၃၇၃၃ | ၀ | ၁ | |
| ၃ | နေပြည်တော်လေဆိပ် | ၈၆၆ | ၂၉၂ | ၀ | ၀ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၃၉၂၁ | ၉၁ | ၀ | ၀ | |
| ၆ | မြဝတီ | ၁၄၆၆ | ၂၈၉၅ | ၀ | ၀ | |
| ၇ | ကော့သောင်း | ၄၈ | ၅၁ | ၀ | ၀ | |
| ၈ | ထီးခီး | ၁၄၅ | ၁၄ | ၀ | ၀ | |
| ၉ | တမူး | ၁၁၂ | ၁၉ | ၀ | ၀ | |
| ၁၀ | ရိခေါ်ဒါရ် | ၁ | ၀ | ၀ | ၀ | |
| | စုစုပေါင်း | ၈၈၇၇၂ | ၂၁၉၅၅ | ၀ | ၁၁၇၅ | |

**မှတ်ချက်။** ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| ၂ | နိုဝင်ဘာလ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ |
| ၃ | ဒီဇင်ဘာလ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ |
| ၄ | ဇန်နဝါရီလ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ |
| ၅ | ဖေဖော်ဝါရီလ | ၁၀၂၀၁၆ | ၂၄၆၁၂ | ၁၂၆၆၂၈ | ၄၆၈၇၉ | ၂၁၉၄၈ | ၆၈၈၂၇ |
| ၆ | မတ် | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ | ၁၄၄၇၉ | ၂၁၉၇၉ | ၃၆၄၅၈ |
| ၇ | ဧပြီ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ | ၀ | ၆၁ | ၆၁ |
| ၈ | မေ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ | ၀ | ၁၀၂ | ၁၀၂ |
| ၉ | ဇွန် | ၆၅၈၇၉ | ၂၁၇၁၄ | ၈၇၅၉၃ | ၁ | ၂၇၈ | ၂၇၉ |
| ၁၀ | ဇူလိုင် | ၇၈၈၃၅ | ၂၃၂၄၅ | ၁၀၂၀၈၀ | ၀ | ၄၂၆ | ၄၂၆ |
| ၁၁ | ဩဂုတ် | ၈၈၇၇၂ | ၂၁၉၅၅ | ၁၁၀၇၂၇ | ၀ | ၁၁၇၅ | ၁၁၇၅ |
| | စုစုပေါင်း | ၈၇၅၇၃၆ | ၂၄၀၉၀၄ | ၁၁၁၆၆၄၀ | ၅၂၀၆၆၅ | ၁၅၂၀၄၆ | ၆၇၂၇၁၁ |

**မှတ်ချက်။** ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများဖြစ်ပါသည်။




## လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ထိပ်ဆုံးမှ ဟံသာဝတီကို အနိုင်ယူ

**ရန်ကုန် စက်တင်ဘာ ၇**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် ရခိုင်အသင်းတို့ နိုင်ပွဲရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲဆက်တိုက် ကစားနေရသောကြောင့် နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသော်လည်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သည်။ တစ်ပွဲထက်တစ်ပွဲ ကစားပုံတည်ငြိမ်လာသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင်လည်း ပုံစံကောင်းပြသခဲ့ပြီး ဇယားထိပ်ပိုင်းမှ အသင်းနှစ်သင်း၏ တွေ့ဆုံမှုကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ၁၃ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး တောင်ပံကစားသမား ဖွဲ့သက်ပိုင်က သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ဟံသာဝတီအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၂၅ မိနစ်တွင် တိုက်စစ်မှူးဒိုနယ်က ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ဒိုနယ်သည် ဒဏ်ရာကြောင့် လူစားလဲခဲ့ရသလို လူစားဝင်သည့် အောင်မျိုးသူရမှာ မိနစ်အနည်းငယ်အကြာတွင် ရှမ်းအသင်း၏ ထောင့်ကန်ဘောကို ကာကွယ်ဖျက်ထုတ်ရာမှ တစ်ဆင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ပယ်နယ်တီလည်း ပေးခဲ့ရသည်။ ယင်းပယ်နယ်တီဂိုးကို မက်ဆီမင်က အမှားအယွင်းမရှိ သွင်းယူခဲ့၍ ပထမပိုင်းအပြီးတွင် ရှမ်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းအစတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၆၃ မိနစ်တွင် ဟိန်းထက်အောင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း တစ်ယောက်အသာရနေသည့် ရှမ်းယူနိုက်တက်အသင်းက ဂိုးသွင်းခွင့်များ ပိုရခဲ့ပြီး အနိုင်ဂိုးများကို မိနစ် ၇၀ တွင် ဒွေးကိုကိုချစ် နှင့် ၈၆ မိနစ်တွင် ဟိန်းဖြိုးဝင်းတို့က သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက မကွေးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် နည်းပြသစ် ဦးမင်းထွန်းလင်း လက်ထက်တွင် သုံးပွဲဆက် အနိုင်ရခဲ့ပြီး ထိပ်ဆုံးမှ ဟံသာဝတီအသင်း၏ ရှုံးပွဲကြောင့် ချန်ပီယံမျှော်လင့်ချက် ပြန်လည်ရှင်သန်လာခဲ့သည်။ ရန်ကုန်အသင်းသည် ဂိုးစပေးခဲ့ရသော်လည်း သုံးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၃၁ မိနစ်တွင် ပြည်မိုးက အဝေးကန်ချက်ဖြင့် မကွေးအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ၃၆ မိနစ်တွင် ကောင်းထက်စိုးက ရန်ကုန်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက အနိုင်ဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၆ မိနစ်တွင် အီမန်နျူရယ်နှင့် ၈၈ မိနစ်တွင် ဘာဖိုတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲပြန်လည်စတင်ချိန်တွင် ရလဒ်မကောင်းသေးသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရခိုင်အသင်းက ၆၅ မိနစ်တွင် တည်ငြိမ်မင်း သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၄) ဒုတိယနေ့ကို စက်တင်ဘာ ၈ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Southern အသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**


ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-ဖိုးသော်ဇင်

❑ *ကျော့ဖုံးမှ*

ဖာတီသည် ၎င်း၏ စပိန်အသင်းနှင့် ပွဲဦးထွက်ကို စက်တင်ဘာ ၄ ရက် က ယှဉ်ပြိုင်ကစားခဲ့သော နေးရှင်းလိဂ်ပြိုင်ပွဲ၌ ဂျာမနီနှင့် စပိန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်တွင် ပါဝင်ကစားခဲ့သည်။ ဖာတီသည် စပိန်အသင်း၏အသက်ငယ်ဆုံး ဂိုးသွင်းယူသူအဖြစ် စံချိန်တင်နိုင်ခဲ့သလို နေးရှင်းလိဂ်ပြိုင်ပွဲ၌ အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် ဝေးလ်နှင့် ဘူလ်ဂေးရီးယားအသင်းတို့ ပွဲစဉ်တွင် ဝေးလ်အသင်းတွင် ပါဝင်ကစားခဲ့သော အီသန်အမ်ပါဒူသည် နေးရှင်းလိဂ်ပြိုင်ပွဲ၌ အသက်ငယ်ဆုံး ကစားသမားအဖြစ် ၂၀၁၈ ခုနှစ်တွင် အသက် ၁၇ နှစ်နှင့် ၃၅၇ ရက်ဖြင့် စံချိန်မှတ်တမ်းတင်ထားသည်။

စပိန်အသင်းအနေဖြင့် ယူကရိန်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ရီးရဲမက်ဒရစ်ခံစစ်မှူး ဆာဂျီယိုရာမို့စ်သည် ပွဲကစားချိန် ၃ မိနစ်နှင့် ၂၉ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် အသင်းအတွက် နောက်ဆုံးကစားခဲ့သည့် ၁၅ ပွဲတွင် ၁၀ ဂိုးအထိ သွင်းယူထားသည်။

စပိန်အသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၄ ရက်နှင့် ၇ ရက်တို့တွင် ဂျာမနီ၊ ယူကရိန်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီအသင်းနှင့်ပွဲစဉ် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ယူကရိန်းအသင်းနှင့် ပွဲစဉ်တွင် လေးဂိုးပြတ် အနိုင်ရရှိခဲ့သောကြောင့် လိဂ်(A)၏ အုပ်စု(၄)တွင် ရမှတ် ၄ မှတ်ဖြင့် အဆင့် ၁ နေရာတွင် ရပ်တည်ထားနိုင်သည်။ စပိန်အသင်းသည် လာမည့် နေးရှင်းလိဂ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် ဆွစ်ဇာလန်၊ ယူကရိန်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဖာတီသည် ဘာစီလိုနာအသင်းအတွက် ၂၀၁၉-၂၀ ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၃၃ ပွဲ ပါဝင်ကစားထားကာ ရှစ်ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။

**အောင်ဇော်**

# တာချီလိတ်နှင့် သီပေါမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့နယ် ဝမ်လုံကျေးရွာအုပ်စု လွယ်စတုံ(အပေါ်) ကျေးရွာအနီး၌ ယန်းခေါင်ကျေးရွာဘက်မှ လောကဓမ္မဘုန်းကြီးကျောင်းဘက်သို့ အားဆူ(ခ)အားဖာ၊ လော်ဂျုန်းနှင့် အားတီတို့ မောင်းနှင်လာသည့် ဆိုင်ကယ် သုံးစီးအား စစ်ဆေးရှာဖွေရာ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၉၉၈၀၀၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ချမ်းမြေ့ကိုကိုအောင် မောင်းနှင်ပြီး ဇေယျာထွန်း (ခ)ရာဇာ လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။

ရဲပြန်ကြား



အားဆူ(ခ)အားဖာ၊ အားတီ၊ လော်ဂျုန်း တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# သီပေါမြို့၌ အမျိုးသားတစ်ဦးက သေနတ်ဖြင့် လာရောက်ပစ်ခတ်မှုဖြစ်ပွား

**သီပေါ စက်တင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ရွှေကျောင်းရပ်နယ်မြေ(၅)တွင် စက်တင်ဘာ ၆ ရက် ည ၈ နာရီ ၁၅ မိနစ်က ပန်းပုလုပ်ငန်းလုပ်ကိုင်သူ ဦးစိုင်းစိန်ဝင်း (၅၀ နှစ်) နေအိမ်သို့ အသက် (၄၀နှစ်) ခန့်ရှိ နှာခေါင်းစည်းတပ်ဆင်ထားသော အမျိုးသားတစ်ဦး ရောက်ရှိလာပြီး ဦးစိုင်းစိန်ဝင်းအား အသင့်ပါလာသော ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ရာ အနားတွင်ရှိသော အစ်မဖြစ်သူ ဒေါ်နန်းပြုံး ၏ ယာဘက်ခြေသလုံးကို ထိမှန်သွားခဲ့သည်။

အဆိုပါလူမှာ သေနတ်နှင့်ပစ်ခတ်ပြီးနောက် ၎င်းစီးလာသည့် မော်တော်ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဖြိုးဝေ၊ မြို့မစခန်းမှူး ဒုရဲမှူး သန်းထွေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေး၍ အခင်းဖြစ်အိမ်၏ အနောက်ဘက်ကြက်ခြံဘေးတွင် ပလတ်စတစ်အိတ်နှင့်ထည့်ထားသော တရုတ်နိုင်ငံလုပ်ပစ္စတိုတစ်လက်၊ အရိုးခေါင်းတံဆိပ်ပါ ကျည်အိမ်၌ ကျည်ခြောက်တောင့်၊ ချိုင်းသိုင်းသေနတ် လွယ်အိတ်တစ်လုံးနှင့် ကျည်ကိုးတောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၂ ရက်မှ ၃ ရက် အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်း များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင် များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးဝမြို့နယ် ကတိုးကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာနေရာ၌ တရားမဝင်ကျွန်းသစ် ခုနစ်တန်နှင့် လက်ကိုင်စက်လွှ တစ်လုံး၊ ရေဦး-ကလေးဝ ကားလမ်း မိုင်တိုင်အမှတ် (၃၇/၁) အနီးနေရာ၌ မော်တော်ယာဉ် သုံးစီးနှင့်အတူ တရားမဝင်ကျွန်း/အင်/ သစ်ယာခွဲသား ၂၁ တန်၊ မြောင်မြို့နယ် ရွှေတချောင်းကျေးရွာနှင့် ကျောက်တန်းကျေးရွာကြား ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းနေရာ၌ တရားမဝင် ထောက်ကြံ့/ လက်ပံ/ သဒီ/ နဘဲ/ သပြေခွဲသား ခြောက်တန်၊ အလောင်းတော်ကဿပအမျိုးသား ဥယျာဉ်အတွင်း ဒေသအခေါ် ဝါးဘိုး ကျောက်တောင်နေရာ၌ ဆိုင်ကယ် လေးစီးနှင့် တရားမဝင်ပိတောက်ခွဲ သား တစ်တန်၊ ရန်ကုန် - မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၈၅/၁) မိုင်၊ လမ်းညာဘက်သို့ တစ်မိုင်ခန့် အကွာ ကာလူးကုန်းရွာ၏ အရှေ့ဘက် လယ်ကွင်းစပ်နေရာနှင့် ကာလူးကုန်း အင်း အနီးနေရာတို့၌ တရားမဝင် ကျွန်း/ ပျဉ်းကတိုးခွဲသား ငါးတန်၊ မတ္တရာမြို့နယ် ရှင်လှတောင်ကျေးရွာ၏ တောင်ဘက် ဧရာဝတီမြစ်အရှေ့ ဘက်ကမ်းနေရာ၌ တရားမဝင် ကျွန်းသစ် ရှစ်တန်တို့ကို ဖမ်းဆီးရမိ ခဲ့သည်။

ထို့အပြင် မန္တလေး - မိုးကုတ် ကားလမ်း၊ မိုင်တိုင်အမှတ်(၁၈/၀)နှင့် (၁၈/၁)ကြားနေရာ ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား နှစ်တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း (နေပြည်တော်)



# ရေဦးမြို့၌ ဆိုင်ကယ်ချင်း တိုက်မှုဖြစ် အမျိုးသားတစ်ဦး သေဆုံး

**ရေဦး စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့၌ စက်တင်ဘာ ၆ ရက် နံနက် ၇ နာရီ မိနစ်၂၀ က အောင်ဆန်းရပ်ကွက် တိုးချဲ့(၄) လမ်းထိပ်တွင် အရှေ့မှအနောက်သို့ ရေဦးမြို့နေ မစန်းစန်းဝေ (၃၇ နှစ်) စီးနင်းလာသော နောက်တွဲဆိုင်ကယ်သည် လမ်းမကြီးဘယ်ဘက်ရှိ လမ်းချိုးသို့ ချိုးကွေ့စဉ် အနောက်မှအရှေ့သို့ ရေဦးမြို့နေ ဦးသိန်းဝင်း(၆၃နှစ်) မောင်းနှင်ပြီး နောက်တွင် ဒေါ်လှဲ့လှဲ့ဝင်း (ခ) ဒေါ်ပို လိုက်ပါလာသောဆိုင်ကယ်မှာ မစန်းစန်းဝေ မောင်းနှင်လာသော နောက်တွဲဆိုင်ကယ်ကို ရှောင်တိမ်းရာ နောက်တွဲနှင့်ချိတ်မိ၍ ဆိုင်ကယ်တိမ်းမှောက်ကာ ဦးသိန်းဝင်းတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မစန်းစန်းဝေ (၃၇ နှစ်) ကို ရေဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

### တစ်ဦးတည်းဖြစ်ပါကြောင်း

တန့်ဆည်မြို့နယ်၊ ပညာရေးမှူးရုံးမှ စာရေး-၂ တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်စိန်ရီနှင့် ဒေါ်ခင်စိန်ရည် ၅/တဆန(နိုင်)၀၀၈၈၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကသာမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(A) မှ မအေးမြတ်မွန်စိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်စိုး ၅/ထခန (နိုင်)၀၆၀၆၃၈ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့ အထကမှ အလယ်တန်းပြဆရာမ ဒေါ်စန်းစန်းသင်းနှင့် ဒေါ်စမ်းစမ်းသင်း ၅/ကဘလ(နိုင်)၀၇၁၂၄၈ မှာ တစ်ဦး တည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၄)ရပ်ကွက်နေ မနှင်းအိမွန် ၅/ခဥန(နိုင်)၀၉၂၆၅၃၊ မအိမီမီအောင် ၅/ ရဘန(နိုင်)၂၀၅၀၅၄ နှင့် မခင်သီသီအောင် ၅/ရဘန(နိုင်) ၂၁၈၄၈၅ တို့၏ဖခင် ဦးမြင့်လွင်နှင့် ဦးရန်ရှင်း ၅/ခဥန(နိုင်)၀၄၉၂၆၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် Q/12 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

### ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ပျဉ်းမနားမြို့နယ်တရားရုံးတော်**

**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၈၈ နှင့်ဆက်နွှယ်သည့်**

**၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၆**

ဦးဇော်ဝင်း **တရားနိုင်** နှင့် ဦးသန်းလွင် **တရားရှုံး**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ တောင်သာအုပ်စု၊ ကျော်ညီနောင်ရပ်ကွက်၊ ကေးလမ်း၊ အိမ်အမှတ်(၅/၁၈၄)နေ ဦးသန်းလွင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်(၈၈)တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးဇော်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၂၅ရက် (၁၃၈၂ခုနှစ် တော်သလင်းလဆန်း ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဟိန်းသူရိန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ "ဆု" ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မခိုင်ဆုသွယ်၏ ဖခင်အမည်မှန်မှာ ဦးနေစိုးမင်း ၉/နထက(နိုင်)၀၀၁၃၃၄ ဖြစ်ပါကြောင်း။ **ဦးနေစိုးမင်း**

### ပြင်ဆင်ဖတ်ရှုပါရန်

၄-၉-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀) သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာတွင် မသင်းသင်းခိုင် ၁၂/တကန(နိုင်)၁၄၅၇၂၈ အား **မသင်းသင်းခိုင် ၁၃/တကန(နိုင်)၁၄၅၇၂၈** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ ၀ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ်(ဥ-၇၀၄၄) ဒေါ်စောထွေး (ဘ)ဦးစိုးညွန့် ၉/ ပဗသ(နိုင်)၀၀၉၅၇၀ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးလှရွှေ (ဘ)ဦးလှမောင် ၉/ ပမန(နိုင်)၁၈၉၂၃၇ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီးမြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင် ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မွေးသက္ကရာဇ် အမှန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ မြစံပယ်လမ်း (တောင်ပိုင်း) အမှတ် ၂၄ နေ ဦးအေးသင်း-ဒေါ်အိသဥ္ဇာထွန်းတို့၏ သမီး မကြာညိုသင်း ၁၂/မရက(နိုင်)၁၇၂၃၉၀ ၏မွေးသက္ကရာဇ် အမှန်မှာ ၂၄-၆-၂၀၀၀ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1I/1887 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7783 FORD RANGER (pick up) (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုဘို ၇/ပခန(နိုင်)၃၅၅၃၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၈၃၃၉၇ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးဆန်း၆/မအရ(နိုင်)၀၀၃၇၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်း အနောက်ရပ်)၊ မြေဧရိယာ ၀ဒသမ၀၈၂ ဧက၊ မြေကွက်အမှတ် (ဒ-၄၂၅၃) ဦးသန်းစိုး (ဘ) ဦးအောင်ဆန်းဦး ၉/ ပမန(နိုင်) ၁၂၂၉၉၇ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်သျှမ်းသျှမ်းသူ (ဘ)ဦးချစ်ကိုကို ၉/လဝန(နိုင်)၂၄၃၃၄၀မှနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ် ၃၄၄/၂၀၂၀(၁၇-၂-၂၀၂၀)တင်ပြ၍ ဒေါ်ထက်အိဝေ(ဘ)ဦးဇော်မိုးဦး ၁၂/ရကန(နိုင်)၀၈၅၈၅၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာ ယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊မြေဧရိယာ ၀ဒသမ ၀၈၂ ဧက၊ မြေကွက်အမှတ် (ဒ-၄၂၅၄) ဦးသန်းစိုး(ဘ) ဦးအောင်ဆန်းဦး ၉/ ပမန(နိုင်)၁၂၂၉၉၇ အမည်ပေါက် နှစ်(၃၀) မြေငှားစာ ချုပ် မြေကွက်ကို ဒေါ်သျှမ်းသျှမ်းသူ (ဘ)ဦးချစ်ကိုကို ၉/လဝန(နိုင်)၂၄၃၃၄၀ မှ နေပြည်တော်စာချုပ် စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၄/၂၀၂၀(၁၇-၂-၂၀၂၀)တင်ပြ၍ ဒေါ်ထက်အိဝေ(ဘ)ဦးဇော်မိုးဦး ၁၂/ရကန(နိုင်) ၀၈၅၈၅၃ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ ကွင်းအမှတ်(၁+၁၀)တိုးချဲ့မြေ၊ ဦးပိုင်အမှတ်(၁၅၈)၊ မြေချိန်ဧရိယာ (၀ဒသမ၀၉၆)ဧကရှိ မြေကွက်အား မြေပေးမိန့်အမှတ်(၈၀/၉၈)ဖြင့် ဒေါ်ဆိုင်ဆွေ ၁၃/လရန(နိုင်) ၀၁၆၁၄၃ မှ ပိုင်ဆိုင်ပြီး (၂-၅-၂၀၀၈)ရက်တွင် ၎င်းထံမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ နိုင်ငံတော်သို့ ကျသင့်သည့် အခွန်ငွေများပေးဆောင်ပြီး ဦးဖုန်ရမ် ၉/ပဥလ(နိုင်) ၀၀၂၁၁၅အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ရက်ပေါင်း ၃၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အကွက်အမှတ်(အောင်စေတနာတိုးချဲ့)၊ ဦးပိုင်(၅၇/အေ)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ မြေငှားလိုင်စင်အမှုတွဲအမှတ် ၃၁၆-၅/၀၈-၀၉(စီ) ဒုရဲမှူးစိန္တာ အမည်ပေါက်မြေဖြစ်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်တင်တင်အေး ၁၃/လရန(နိုင်)၀၃၀၂၅၁မှ (၃၀-၆-၂၀၂၀)ရက် အရောင်းအဝယ်စာချုပ်အမှတ်(၂၂၄ I/၂၀၂၀) ဖြင့် ဦးကျော်မြင့်ဆွေ (ခ)ကျော်ဆွေရှင် ၁၃/လရန(နိုင်) ၁၂၉၆၄၅သို့ လွှဲပြောင်းရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀အတွင်း အထောက်အထား ခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ ကွင်းအမှတ်(၁+၁၀)တိုးချဲ့မြေ၊ ဦးပိုင်အမှတ်(၁၄၃)၊ မြေချိန်ဧရိယာ(၀ဒသမ၀၉၆)ဧကရှိ မြေကွက်အား မြေပေးမိန့်အမှတ်(၆၅/၉၈)ဖြင့် ဒေါ်နန်းခမ်းကြည် ၁၃/လရန(နိုင်) ၀၀၄၆၅၁မှ ပိုင်ဆိုင်ပြီး (၂-၅-၂၀၀၈)ရက်တွင် ၎င်းထံမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ နိုင်ငံတော်သို့ ကျသင့်သည့် အခွန်ငွေများပေးဆောင်ပြီး ဦးဖုန်ရမ် ၉/ပဥလ(နိုင်)၀၀၂၁၁၅အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ရက်ပေါင်း ၃၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

သန္နီမြို့နယ်၊ နားဆော့ကျေးရွာ၊ ကွင်းအမှတ်(၁၆၉)၊ နားထွမ်းရွာမကွင်း၊ ဦးပိုင်အမှတ်(၁၁)ယာမြေအား ဒေါ်နန်းဟွမ်နွမ်း ထံမှ ဦးလောက်ယုံ ၁၃/လရန(နိုင်)၀၆၃၀၅၂က ဝယ်ယူထားပြီး ဂရန်အမည်ပြောင်းပြုလုပ်၍ စက်မှုဂရန်လျှောက်ထားပြီး စက်သုံး ဆီဆိုင် ဖွင့်လှစ်ခြင်းအပေါ်ကန့်ကွက်ရန်ရှိပါက အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း သိန္နီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**သိန္နီမြို့**

**ဥတ္တရာသီ တောကိုမှီ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၇-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၅၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၉) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၂၂၄) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့မှ ဓာတ်ခွဲနမူနာ (၁၅၁) ခု၊
- စုစုပေါင်း (၁,၁၇၀)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၄) ဦး တွေ့ရှိရပါသည်။

၂။ (၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁,၅၁၈) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃)ဦး(Case – 389, 391, 466) ရှိသဖြင့် စုစုပေါင်း (၃၈၈) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၆၉) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ(၈)ဦး ရှိပါသည်။

၅။ (၆-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၇-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၂၉) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်း အချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ■

## နိုင်ငံတော်မှဖြေလျှော့ပေးထားသည့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ အခွန်အခများနှင့် ငွေကြေးထောက်ပံ့မှုများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ ကာလတိုးမြှင့်ဆောင်ရွက်ပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ်၊ (၃/၂၀၂၀)**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ COVID-19 ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ၏ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးသည့်အနေဖြင့် နိုင်ငံတော်မှ ဖြေလျှော့ပေးထားသည့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ အခွန်အခများနှင့် ငွေကြေးထောက်ပံ့မှုများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ ကာလတိုးမြှင့်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်တို့နှင့်စပ်လျဉ်း၍ -

*စာမျက်နှာ ၇ ကော်လံ ၁* ◆

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့် ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၈ ရက် ည ၇ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံ ရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၉ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် စတင်ဖော်ပြသွားမည် ဖြစ်ပါသည်။

သတင်းစဉ်

## စပိန်အသင်း၏ အသက်ငယ်ဆုံးဂိုးသွင်းသူအဖြစ် ဖာတီ စံချိန်တင်

စပိန်ကလပ် ဘာစီလိုနာအသင်း၏ လူငယ် တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ အန်ဆူဖာတီသည် ၉၅ နှစ်အကြာတွင် စပိန်အသင်း၏ အသက်ငယ်ဆုံး ဂိုးသွင်းယူသူအဖြစ် စံချိန်တင်နိုင်ခဲ့သည်။ စံချိန်မှတ်တမ်းတင်နိုင်ခဲ့သည့် ဖာတီ၏ အသက်မှာ ၁၇ နှစ်နှင့် ၃၁၁ ရက်သာ ရှိသေးသည်။

၎င်းသည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် စပိန်အသင်းက ယူကရိန်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် စပိန်အသင်းအတွက် ပထမပိုင်း ပွဲကစားချိန် ၃၂ မိနစ်တွင် သွင်းယူနိုင်ခဲ့သည့်အတွက် အဆိုပါစံချိန်ကို ချိုးနိုင်ခဲ့ခြင်း ဖြစ်သည်။ စပိန်အသင်း၏ ယခင်အသက်ငယ်ဆုံး ဂိုးသွင်းယူသူအဖြစ် စံချိန်တင်ထားသူမှာ ဂျူအန် အာရာကွင်းဖြစ်ပြီး ၁၉၂၅ ခုနှစ်တွင် ဆွစ်ဇာလန်အသင်းဘက်သို့ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အဆိုပါကစားသမား၏ အသက်အရွယ်မှာ ၁၈ နှစ်နှင့် ၃၄၄ ရက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၂၅ ကော်လံ ၁* ❑



**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်**

(စာ-၈)

**ကနေဒါနိုင်ငံ၌ လူငယ်များတွင် ကိုဗစ် - ၁၉ ကူးစက်ခံရမှု ပိုမိုများပြား**

(စာ-၁၃)

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တူရကီနိုင်ငံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တူရကီနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရမ် ဒီဇန်လယ်အိုလူက အမှာစကားပြောကြားပြီး ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူနှင့် တူရကီနိုင်ငံ TIKA မှ စီမံကိန်းညှိနှိုင်းရေးမှူး Mr. Fahri Burak Aydogdu တို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံး ပစ္စည်းများ ပေးအပ်လက်ခံရရှိမှုနှင့် စပ်လျဉ်း၍ လက်မှတ်ရေးထိုးကြသည်။




*စာမျက်နှာ ၇ ကော်လံ ၄* ●